
www.burmeseclassic.com

# ကိုရွှေဝကား

## လက်ခေါက်ပဲ မှတ်မှတ် လက်ခုတ်ပဲ တီးတီး

ကျေးလက်ပျော်
ဟာသလုံးချင်းဝတ္ထု



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုရွှေတောသား

---

## လက်ခေါက်ပဲမှုတ်မှုတ်
## လက်ခုပ်ပဲတီးတီး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၂၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၄၆၀၈၁၀

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၁၁၊ ဒီဇင်ဘာ

ထုတ်ဝေသူ
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း
(ကာလာစုန်ပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃
ကိုရွှေတောသား
လက်ခေါက်ပဲမှုတ်မှုတ် လက်ခုပ်ပဲတီးတီး/ ကိုရွှေတောသား-
ရန်ကုန်။ ငါတို့စာပေ။ ၂၀၀၉။ ၁၈၀ - စာ။
၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

အမောတွေ လျော့ပြေကြစေဖို့
အသောတွေ နှောခြေချလို့ရယ်
လောကရဲ့ဝန်းကျင်မှာ။

တောတစ်ခွင်မှာတော့
အသောအရှင်တွေကလည်း များပါသနဲ့
ဟားစရာ အမှန်မငြိုးရအောင်
ဖန်တီးရတာ။

အပိုတွေ မပြောတော့ပါဘူး
ကိုရွှေတောရဲ့ စေတနာ
ဝေဝေဆာ မချို့။

အလွှာဇာတ်မတူပေမယ့်
စာဖတ်သူ ဘဝင်ချမ်းလို့ရယ်
(ကွယ်...)
လန်းကြစေဖို့။ ။

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား
(၂၆.၂.၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com

ညီ...

လက်စသတ်တော့ မိန်းမတွေဟာ

ပရံနဝါသန်မြူတ်ကို

သောက်ပြီးတဲ့အခါ

နို့တွေပန်းထွက်တော့မှာမို့

ခွေးစိတ်ဝင်ပြီး

ကိုက်တာထင်ပါရဲ့။

သူ... နို့ထွက်တာကလည်း

ငါ့အတွက်တော့...

တယ်... မဆိုးသာပါကလား

www.burmeseclassic.com

www.burmeseclassic.com

အုန်းသီး အူထွက်ပြီဆိုမှဖြင့် အဆန်ချောင်သည်က သဘာဝ တရား ဖြစ်ချေ၏။

ထို့အတူ…

ဘုန်းကြီးများ လူထွက်ပြီဆိုမှဖြင့် ရှိရှိသမျှဉာဏ်တို့သည် လူ့ဘဝနှင့်သဟဇာတမဖြစ်ဘဲ ကြောင်သွားတတ်ကြကြောင်း ကြားနာ မှတ်သားခဲ့ရဖူးပါသည်။

ဟိ-သစ္စံ၊ ဤစကား မှန်ကန်လေစွတကား။

ထိုသို့ မှန်ကန်ရာ မှန်ကန်ကြောင်းအတွက် သက်သေသာဓက တစ်ခုက မန်ကျည်းတောဟု အမည်ရှိသည့် ရွာကလေးတစ်ရွာ၌ ဖြစ်ပွားခဲ့လေသည်။

ကိုထွားကြီး ဆိုသည်က ဘုန်းကြီးလူထွက်။

ဇာတိရပ်ရွာက မန်ကျည်းတော မဟုတ်။ မန်ကျည်းတောရွာ နှင့်လေးရွာခန့်ခြားသည့် မယ်ဇလီတောရွာ ဇာတိဖြစ်ပြီး၊ ထိုရွာရှိ ဘုန်းကြီးကျောင်း၌ ရဟန်းဝါနှစ်ဆယ့်ငါးဝါ ရခဲ့၏။ သည်ရွှေသည်မျှ ဝါအတော်ရပြီးကာမှပင် သာသနာ့ရေစက် ပြတ်ချင်လို့ပဲလားတော့ မသိ။ ရဟန်းဘောင်ကို ငြီးငွေ့သည်ဟုဆိုကာ လူဝတ်လဲ လာခဲ့သည်။ အဲသည်မှာတင် 'နဖူးစာရွာလည်သည်'ဟူ၍ပဲဆိုဆို၊ 'အတုံးကြီး မှာလည်း အသည်းနဲ့ပါ' ဟူ၍ပဲပြောပြော၊ မန်ကျည်းတောရွာ၏

www.burmeseclassic.com



ကားသမီးခေါင်းဆောင် အပျိုကြီးမလုံးတင်နဲ့တွေ့ကာ အလျော်ဆောင်းသူတို့ကြောင့် မစွမ်းရင်းကလည်းရှိ၊ ကန့်ဒုန်းခင်းကလည်း ငြိလျက် ကွဲကနဲ ခွဲကနဲ ဆိုသလို ပုဆိုးတန်းတင်၊ ထဘီပုံလျက်သားခဲ့ကြလေသတည်း။

သည့်နောက်မှာတော့ ကာလရာသီတစ်ပတ်လည်အပြီးလောက်မှာ ကံကောင်းသည်ပဲလား၊ ကံပေါ်သည်ပဲလား မဆိုသာ။ မလုံးတင်၌ ရတနာရွှေကြုတ် နှတ်ငုံပြီးသည့်နောက် မိုးတွေတဖြိုင်ဖြိုင်ရွာသော နေ့တစ်နေ့တွင် သားရတနာကလေးတစ်ဦးကို ဖွားမြင်ခဲ့လေတော့၏။

'ဟာ… တို့ ကိုထွားကြီးတော့ ပွတာပဲ'

'ပွတာမှ ဖအေခါးကုန်း သားစားတုန်းဆိုတဲ့ကိန်းပဲ ဟီဟိ'

'ကြိုးစားမှုရဲ့ ရလဒ်တွေပေါ့ကွာ ဟား… ဟား…'

မန်ကျည်းတောရွာမှ အဖော်အပေါင်းတွေက ဝုဏ်ပြုထောပနာပြုကြသည်။ ကိုထွားကြီးမှာတော့ မအူမလည်။

'အူဝဲ… အူဝဲ… အူဝဲ'

ကလေးကလည်း အမိဝမ်းမှ ကျွတ်လာကတည်းက ငိုသံမစဲတသဲသဲ ဆိုသလိုတည်း။ တစ်အိမ်လုံး ဆွဲလဲသံနှင့်ဆန့်ကျင်ဘက်။

'ဟဲ့ ဒကာမ မလုံးတင်၊ ကလေး ဒီလောက်ငိုနေတာ နို့ကလေး ဘာလေးတိုက်ပါဟ'

နားကွဲလုမတတ် အော်ဟစ်ငိုကြွေးနေသော ကလေးသံကြောင့် ကိုထွားကြီးက သတိပေးလိုက်သည်။ သည်ခဏ မီးနေခန်းအတွင်းမှ သားသည်မိခင် မလုံးတင်၏အသံ ထွက်ပေါ်လာခဲ့သည်။

'ကလေးနို့ဆာလို့ ငိုနေတာ ကျုပ်သိတယ် ကိုထွား၊ နို့တိုက်ချင်ပေမယ့် နို့က မထွက်ဘူးတော့… မထွက်ဘူး'



'ဟူး… ခက်တော့တာပဲ ဒကာမရယ်၊ ကျုပ် ဘာလုပ်ရမလဲ'

'ဘာလုပ်ရမှာလဲတော် အရှေ့ပိုင်းက ဗိန္ဓောဆရာဦးအောင်ကြီးဆီသွားပြီး နို့ထွက်တဲ့ ဆေးမလေးဘာလေး တောင်းပေါ့တော့'

'ဟာ… ဟုတ်တာပ၊ မှန်တာပ ဒကာမရယ်၊ ကဲ… အချိန်ဆိုင်းမနေတော့ဘူး၊ ခုပဲ အရှေ့ပိုင်းကို သုတ်ခြေတင်မှ'

ပြောပြောဆိုဆိုနှင့်ပင် ညစ်ထပ်ထပ် တဘက်ပိုင်းလေးကို ခေါင်းတွင်ပတ်လျက် ရွာအရှေ့ပိုင်းသို့ မပြေးရုံတမယ် ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာခဲ့လေ၏။

'ဟော… ဆရာဦးအောင်ကြီး လွယ်အိတ်တစ်လုံးနဲ့ အပြင်ထွက်မလို့လုပ်နေပါလား၊ ဟူး… တော်ပါသေးရဲ့ အချိန်မီလေးအုပ်မိပေလို့'

ကမန်းကတန်းဆိုသလိုပင် ဗိန္ဓောဆရာဦးအောင်ကြီးထံ ရောက်သွားသည်။

'ဟာ… ကိုထွားကြီး၊ ဘယ်နှယ့် မောကြီးပန်းကြီးနဲ့ပါလား၊ ဘာများ အကြောင်းကိစ္စရှိပါလိမ့်'

'ရှိတာပေါ့ ဒကာကြီးရယ်၊ အဲ… ဆရာဦးအောင်ကြီးရယ်၊ ကျုပ်မိန်းမ မလုံးတင် ဒီကနေ့ပဲ မီးဖွားတယ်ခင်ဗျ၊ အဲဒါ ကလေးကို နို့တိုက်ဖို့လုပ်တော့ နို့မထွက်ပဲ ဖြစ်နေတယ်၊ နို့ထွက်တဲ့ ဆေးကလေးလုပ်ပါဦး ခင်ဗျာ'

'အဲဒါမှ ဝပဲ၊ ကျုပ်မှာ နို့ထွက်တဲ့ဆေး ကုန်နေတယ်'

'သေလိုက်ပါတော့ဗျာ'

ကိုထွားကြီးခမျာ သူ့ နဖူးမောက်မောက်ကြီးကို ဖတ်ခနဲရိုက်လိုက်ရင်း အကြီးအကျယ်မှိုင်ကျ သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ… ဒါဖြင့်… ကျုပ်မိန်းမ နို့ထွက်အောင် ဘာလုပ်ရမလဲ ဆရာ'

'ခေတ်ဝါဘူး ကိုထွားကြီးရယ်၊ လွယ်လွယ်ကလေးရယ်ပါ၊ ကျုပ် ခင်ဗျားကို အလွယ်ကူဆုံး ဆေးမြီးတိုတစ်ခု ပြောပြလိုက်မယ်၊ ကျုပ် ပြောသလိုသာလုပ်၊ ခင်ဗျားမိန်းမ နို့အမြန်ဆုံး ထွက်လာလိမ့်မယ်၊ ထွက်တာမှ ကလေးမပြောနဲ့ ကလေးအဖေစို့တာတောင် မကုန်နိုင်လောက်အောင်ကို ထွက်လာလိမ့်မယ်'

'လုပ်… လုပ်စမ်းပါဦး ဆရာရယ်'

'လွယ်ပါတယ် ကိုထွားကြီးရယ်၊ 'ပရံနဝါ'ကို သုံးခွက်တစ်ခွက်တင် ဆန်နဲ့ရောကျိုပြီး ရလာတဲ့ဆန်ပြုတ်ကို မလုံးတင်ကို တိုက်လိုက်ချေ'

'ဆရာက လွယ်တယ်သာပြောနေ၊ ကျုပ်က 'ပရံနဝါ'ဆိုတာကို သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး ဆရာရဲ့၊ အဲဒီ 'ပရံနဝါ' ဆိုတာ ဘယ်မှာရှိတာလဲ ဆရာ'

'အလည်း အဝေး ကိုထွားကြီးရယ်၊ 'ပရံနဝါ'ဆိုတာ ဝေးဝေးလံလံမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ ခြံထဲမှာကို ရှိတယ်၊ ခုလိုမျိုး မိုးတွင်းကာလမှာ ကုက္ကိုပင်အောက်မှာ တွယ်ကပ်နေတဲ့ အရောင်စိမ်းစိမ်းမှန်သမျှတွေဟာ ပရံနဝါပဲပေါ့၊ ကဲ သွား… သွား၊ မြန်မြန်ကလေးရှာပြီး ဆန်ပြုတ်ကျိုတိုက်ပေတော့'

'ကျေးဇူးပါပဲ ဆရာရယ်၊ ကလေးခေါင်းဆေးတဲ့နေ့ ကြရင်ကြွလာခဲ့ပါဦး'

'စိတ်ချ… စိတ်ချ၊ ကျုပ်လည်း ပင့်လူနာတွေရှိလို့ ပိတ်စွယ်ရွာဘက် သွားလိုက်ဦးမယ်'





'တော်ပါသေးရဲ့ ဆရာရယ်၊ ဆရာနဲ့သာမတွေ့ရင် ကျုပ်တော့ အကြီးအကျယ် ရှာလည်တော့မှာ'

လိုအပ်သော ဆေးနည်းကလေး ရလာခဲ့ပြီမို့ ကိုထွားကြီးလည်း အလာတုန်းကနှင့်မတူ၊ ပေါ့ပါးဖျတ်လတ်စွာဖြင့် သူ့ အိမ်ဆီသို့ ခြေဦးပြန်လှည့်ခဲ့ပါတော့၏။

အိမ်ကို ပြန်ရောက်လေတော့ မီးဖိုချောင်ထဲဝင်ကာ ထရံ၌ထိုးထားသော ဓားမတစ်ချောင်းကို ဆွဲနုတ်လျက် ခါးကြားထဲ ထိုးလိုက်သည်။ ပြီးနောက် ခြံထောင့်သို့ ဆင်းလိုက်၏။ ဆင်းဆို ခြံထောင့်မှာ လူ့တစ်ဖက်မကသော ကုက္ကိုပင်ကြီး ရှိသည်လေ။

'ဟော… ကုက္ကိုရဲ့ ပင်စည်တစ်ခုလုံး အစိမ်းရောင်တွေချည်းပဲ၊ ဟင်း… ဟင်း ဘယ်ရမလဲ ပရံနဝါရယ်၊ ငါ့မိန်းမ နို့တွေပန်းထွက်ဖို့ ငါလာပြီဟေ့'

ကုက္ကိုပင်နားရောက်တော့ အစိမ်းရောင်အပင်ကလေးတွေကြားမှာ မိုးဦးကျ ဦးခေါင်းပိုင်းသာမက တစ်ကိုယ်လုံးစိမ်းနေသော ပုတ်သင်ညိုတစ်ကောင်ကို တွေ့လိုက်ရသည်။ ပုတ်သင်ညိုကလည်း ကိုထွားကြီးကို တွေ့သွားပုံရ၏။

'ဟော့ကောင်… မင်းက ပရံနဝါဆိုတာလား'

ကိုထွားကြီး၏ အသံကိုကြားတော့ ကိုရွှေပုတ်သင်သည် ဟုတ်ပါပေရဲ့၊ မှန်ပါပေရဲ့ ဟူ၍ ဝန်ခံသည့်အလား ဦးခေါင်းကို ဆတ်ကနဲ ဆတ်ကနဲ ညိတ်ပြလိုက်သည်။

'အောင်မာ… ပရံနဝါက လူစကားလည်း နားလည်သကိုး ဟုတ်ပါပြီကွာ… ဟုတ်ပါပြီ၊ ငါ့မိန်းမ မလုံးတင် နို့ထွက်ဖို့အတွက်ကိုင်း လာလေရော့'

'ဒုတ်'

www.burmeseclassic.com



ခါးကြားထဲမှ ဓားမကိုဆွဲနှုတ်လျက် ချိန်သားကိုက်အောင် လှမ်းပစ်လိုက်ရာ ချက်ကောင်းထိသွား၍ထင့်၊ ကိုရွှေပုတ်သင်ခမျာ ထုတ္တိုပြင်ခြေရင်းဆီသို့ ဖုတ်ကနဲ ပြုတ်ကျလာခဲ့သည်။ သည့်နောက် ပုတ်သင်ညိုအား ခါးပုံစထဲထည့်လိုက်ပြီး ဆန်ပြုတ်ကျိုရန် မီးဖိုချောင်သို့ ပြန်လှည့်လာခဲ့သည်။

သည့်နောက် အိုးတစ်လုံးထဲ ဆန်အနည်းငယ်ထည့်ကာ ဆန်ဆေး၏။ ဆေးပြီးနောက် ရေအတန်အသင့်ထည့်၏။ ပရံနဝါဟု မှတ်ယူထားသော ပုတ်သင်ညိုတစ်ကောင်လုံးအား ရေဆေးပြီး ဆန်ပြုတ်မည့် အိုးထဲထည့်ကာ ထင်းမီးဖြင့် ကျိုပါလေတော့သည်။

သိပ်မကြာလိုက်···။

သုံးခွက်တစ်ခွက်တင် ကျိုထားသော ပရံနဝါဆန်ပြုတ်အိုး ရပါလေပြီ။ ရလျှင်ရချင်းပင် ဆန်ပြုတ်အိုးကို လက်နှီးဖြင့်ကိုင်မကာ မလုံးတင် သောက်ဖို့ရာအတွက် မီးနေခန်းဝသို့ သွားချထားလိုက်သည်။

'ကိုထွား··· အဲဒါ ဘာအိုးလဲ'

'ဘာအိုးရမှာလဲ··· မင်းနို့ထွက်ရအောင် ဆရာဦးအောင်ကြီး စီစဉ်ပေးလိုက်တဲ့ ပရံနဝါ ဆန်ပြုတ်အိုးပေါ့ကွာ၊ ဆရာကြီးက ခင်ဗျား ဒကာမကြီးကို အဲသည် ပရံနဝါဆန်ပြုတ်ကို တိုက်လိုက်၊ ကလေးသာမကဘူး ကလေးအဖေပါ သောက်လို့မကုန် စို့လို့မကုန်တဲ့ နို့တွေ ထွက်လာလိမ့်မယ်တဲ့'

သည်စကားကြားရတော့ မလုံးတင်စိတ်ထဲ ယောကျ်ားဟာ ဘုန်းကြီးလူထွက်ပေမယ့် သည်လိုဆိုတော့လည်း တော်ရှာသားပဲဟု ကြည်ကြည်နူးနူး မှတ်ချက်ချလိုက်ရင်း ဆန်ပြုတ်သောက်ရန် အိုးကို ဖွင့်လိုက်သည်။ အငွေ့တွေက တထောင်းထောင်း။

'ဟင်··· ဆန်ပြုတ်အိုးထဲမှာ ဘာကြီးပါလိမ့်'



ယောက်ချိုနွန်းနှင့်ခပ်ကြည့်လိုက်တော့ မလုံးတင် မျက်လုံးပြူးသွားသည်။ စိတ်ထဲမှာလည်း ပြို့ချင်အန်ချင်စိတ်ဖြင့် အော်ဂလီဆန်သွားရသည်။

'ကိုထွား အခန်းဝကို လာခဲ့ပါဦး'

မလုံးတင်၏ အသံကြောင့် ရေနွေးကြမ်းငှဲ့သောက်ရန် ဟန်ပြင်နေသော ကိုထွားကြီးလည်း အကြမ်းပန်းကန်လုံးကို ပြန်ချလျက် မလုံးတင်တော့ နို့တွေပန်းထွက်တာကို ပြမလို့နဲ့တူတယ်ဟု စိတ်ထဲ ထင်လျက်···

'အေး··· လာပြီ၊ လာပြီ ဒကာမရေ'

နာကျင်လှစွာဖြင့် နားရွက်ကိုပွတ်သပ်ပြီး နားမလည်နိုင်ဖြစ်သွားရသည်။ အိမ်ရှေ့ခန်းရောက်တော့ သူ လေးလေးနက်နက် စဉ်းစားကြည့်သည်။

'ဩ··· လက်စသတ်တော့ မိန်းမတွေဟာ ပရံနဝါဆန်ပြုတ်ကို သောက်ပြီးတဲ့အခါ နို့တွေပန်းထွက်တော့မှာမို့ ချွေးစိတ်ဝင်ပြီး ကိုက်တာ ထင်ပါရဲ့၊ သူနို့ထွက်တာကလည်း ငါ့အတွက်တော့ တယ်မစားသာပါကလား'

ထိုစဉ်မှာပင် ရွာထဲမှ မီးနေသတင်းမေးရန် မိန်းမတစ်သိုက် အိမ်ထဲသို့ ဝင်လာကြသည်။

'မလုံးတင် ယောကျ်ားလေး မွေးတယ်ဆို'

'ဟုတ်တယ် ဒကာမကြီးရေ၊ ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲကြီးဗျို့၊ ကြီးလာရင် အဆိုတော်ဖြစ်မလား မသိဘူး၊ အသံက အော်လိုက်တောင် အရှုံးပေးလောက်တယ်'

'ဟုတ်ပါရဲ့တော် နားထဲကို စီကနဲပဲ၊ ဒီကောင်မ မလုံးတင် ကလေးကို နို့မတိုက်ဘူး ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်မီးနေခန်းသို့ ဝင်ရန်ပြင်သည်။ ဤသို့ ကိုထွားကြီးက သူ့အတွေးနှင့်သူ၊ သူ့အစီအစဉ်နှင့်သူ လှမ်း၍ သတိပေးလိုက်၏။

'ဗျို့... ဒကာမကြီးတွေ အထဲဝင်ရင် သတိထားပြီး ဝင်ကြနော်၊ မပြောမရှိ ဖြစ်နေမှာစိုးလို့'

'ဘာဖြစ်လို့တုံး ကိုထွားကြီးရယ်'

'ဘာဖြစ်ရမှာလဲ ဒကာမကြီးတို့ရယ်၊ ကျုပ် ဒကာမ နို့တွေ မတရားပန်းထွက်နေတာဗျ၊ ကျုပ်တောင် နားရွက်တစ်ဖက် ကံကောင်းလို့မပြုတ်တာ'

'ဟား... ဟား... ဟား... ဟား'

အစြီးအမောက်မတည့်၊ အဆီအငေါ်မတည့်ပဲ လှမ်းအော်သတိပေးသံကြောင့် အူကြောင်ကြောင် ဘုန်းကြီးလူထွက်အား ဝိုင်းရယ်လိုက်ကြသည်။ ဒါကို ကိုထွားကြီး သဘောမပေါက်။ မပေါက်သည့်အပြင် သူ့စကားကို ထပ်မံဖြည့်စွက်လိုက်ပြန်ပါသေး။

'ဘာလဲ... ကျုပ်ပြောတာကို မယုံလို့လား၊ မယုံရင်လည်း ဝင်ကြပေါ့၊ ကျုပ် ကျိုတိုက်ထားတဲ့ ပရုံနဝါဆန်ပြုတ်က သိပ်စွမ်းတာ'

သည်သို့ ဖြည့်စွက်ပြောဆိုရင်း မလုံးတင် ကိုက်ခဲခြင်းခံရသည့် နားရွက်တစ်ဖက်အား ယောင်ရမ်း၍ ပွတ်သပ်နေမိပြန်ပါသေး။

■

ကောင်းပုံတော်... ကောင်းပ
ထမင်းကျွေးကိစ္စ ပြီးတဲ့အခါမှာလည်း
အိမ်အတွက်
ဟင်းတွေသယ်လာဖို့
မမေ့နဲ့ဦးနော်။
အိမ်မှာ...
ညစာ... ဘာမှ
ချက်ထားတာ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းတောတစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည် ဘာကြောင့်ဆို မန်ကျည်းတောရွာကို စီမံအုပ်ချုပ်သည့် ဦးကံဖေ၏ အလှူမင်္ဂလာပွဲကြီး နီးကပ်လာသောကြောင့် ဖြစ်သည်။ အလှူ ဒါယကာကြီး သူကြီးဦးကံဖေနှင့် သူကြီးကတော်ဒေါ်ခင်ဆုံတို့မှာ ၄င်းတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာတို့အား ပဒ္ဒင်းခံ၊ ရှင်ပြု နားသ မင်္ဂလာပွဲကြီးကို ဝံ့ချီးစွာ ကျင်းပရမည့်အရေးအတွက် များစွာ စိတ်လှုပ်ရှားလျက် တက်ကြွနိုးကြား နေခဲ့ကြသည်။

'ကျုပ်တို့အလှူမှာ လာကြမယ့်ပရိတ်သတ်ကို ဘာကျွေးရင် ကောင်းမလဲ ကိုကံဖေ'

'ဟ! ဒီနှစ် စပါးတွေ အတော်ကလေး အထွက်ကောင်းနေတဲ့ ဥစ္စာ သာမန်ကာလျှံကာလောက်ကျွေးလို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့ ငါက နယ်နယ်ရရခေသူမှ မဟုတ်တဲ့ဟာ မန်ကျည်းတောရွာသူကြီး ကွ… မန်ကျည်းတောရွာသူကြီး၊ ပြီးတော့ ငါတို့အမျိုးဆိုတာက 'ခါးကျိုးလို့ လှံခွေ ကံဖေတို့အမျိုး' ဆိုပြီး တကယ့်ဂုဏ်နဲ့ ဒြပ်နဲ့ပဲဟာ'

'ဟုတ်ပတော်… ဟုတ်ပ၊ ကျုပ်တို့ အမျိုးကလည်း 'ရှင်ထွား လို့ တင်တုန် ခင်ဆုံတို့အမျိုး' ဆိုပြီး စာချိုးရှိခဲ့တာလား၊ သည်တော့ ဘူတူတန်တန်လေး ကျွေးမွေးမှဖြစ်မယ်'


www.burmeseclassic.com

www.burmeseclassic.com



'အေး… အဲဒါကြောင့် ဝက်အချိန်သုံးရာလောက်ကို ဘာမှမရောဘဲ ပြောင်ကျွေးမယ်ကွာ၊ ပြီးတော့ မယ်ဇလီဖူးဟင်းချို၊ သရက်ချဉ်သုတ်၊ သခွားသီး၊ ရှောက်ရွက်၊ ငရုပ်သီးစိမ်း၊ နံပြာရည်ချက်ပါမယ်ကွာ။ နောက်… ရှာလပတ်ရည်ကို ရာဝင်အိုးကြီးထဲထည့်ပြီး တစ်ဝတိုက်မယ်ကွာ'

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီစွာဖြင့် ပြောဆိုနေကြသော စကားတွေက နဘေးအပါး၌ ရှိကြကုန်သော ရွာသူရွာသားအပေါင်းအား လည်ချောင်းတွေ သီးစေခဲ့၏။ တံတွေးတွေ မျိုကြစေကုန်၏။ ထိုစဉ်မှာပင် စကားဝိုင်းအတွင်းသို့ ဘုန်းကြီးလူထွက်ကိုထွားကြီး ဝင်လာသည်။

'ဒကာသူကြီးတို့ အလှူကတော့ တကယ့်ကို ဝက်ဝက်ကွဲစည်ကားမှာကို မြင်ယောင်မိသေးသဗျို့။ ဒါထက် မြိုင်ဆိုင်အောင်အတီးအမှုတ် အကအခုန်ကလေးတွေကို ထည့်ဦးမယ် မဟုတ်လား'

'ဟ! ဒီလောက်ကြီးတောင် လှူနေမှတော့ ဒါလောက်ကလေးမှ မထည့်ဘူးဆိုရင် ရာဇဝင်ရိုင်းသွားတော့မှာပေါ့ ဦးဇင်းကြီးရယ်'

'သာဓုဗျာ… သာဓု… သာဓု။ ကျုပ်ဒကာမ မလုံးတင်က ပွဲသိပ်ကြည့်ချင်နေတာ ဒကာသူကြီးရဲ့၊ သည့်သတင်းများကြားရရင် သားကလေးကိုဖက်ပြီး ဆွေ့ဆွေ့ခုန်နေမှာကို မြင်ယောင်ပါသေးရဲ့၊ ဒါထက်နေပါဦး ဘယ်ဇာတ်အဖွဲ့က ကပြကြမှာတဲ့တုံး'

'ဘယ်ဇာတ်ရှိရမှာလဲ ဦးဇင်းကြီးရယ်၊ လက်ပံကုန်းရွာက ဇာတ်ဝါသနာအိုး 'ဟင်းတာဖတ်ကိုစိန်တင်'ဦးစီးတဲ့ ဇာတ်ပဲပေါ့၊ ကျုပ်ရဲ့အလှူမှာ ရှေ့ပိုင်းလူငယ်ကြိုက်တွေကို ဦးစားပေးပြီး နောက်ပိုင်းမှာတော့ဖြင့် 'မယ်ဥက္ကာ့ကိုက်'ဇာတ်ကို အနှစ်အသားပါပါနဲ့ ကပြအသုံးတော်ခံမယ်ဆိုပဲ'

'ဟေး… ကောင်းတယ်ဗျို့၊ ကောင်းတယ်'





ကြိုတင်၍ မဏ္ဍပ်ကနဖျင်းဆောက်ရန် ရောက်ရှိလာကြသော ကာလသားအပေါင်းမှာ သူကြီး၏စကားကို ကြားလိုက်ရသည့်အတွက် လွန်စွာမှ နှစ်ထောင်းအားရ ဖြစ်သွားကြလေ၏။

သည့်နောက်မှာတော့ဖြင့် တစ်ယောက်တစ်လက် တက်တက်ကြွကြွဖြင့် ကျင်းတူးသူတူး၊ တိုင်စိုက်သူစိုက်၊ ဝါးလုံးတန်းတင်သူတင်၊ နှီးချည်သူချည်၊ သက်ငယ်မိုးသူမိုးဖြင့် တပျော်တပါးရှိကြလေ၏။ ကာလသမီးအချို့ကလည်း လုပ်အားပေးကြသော ကာလသားတွေ စားသောက်ဖို့ရာ သီးစုံဟင်း၊ ငပိချက်တို့ကို စီမံနေကြကုန်၏။ ကာလသမီးတွေမှာလည်း အလှူပွဲ၌ ဝတ်ကောင်းစားလှတွေဝတ်ဖို့၊ ရှင်လောင်းလှည့်ရာ၌ ရှိုးထုတ်ဖို့ ညဘက်၌ နေရာကောင်းရအောင်ဦးပြီး အငြိမ့်သား ဇာတ်ပွဲကြည့်ဖို့ရာ တွေးတောရင်း ပျော်တပြုံးပြုံး ဖြစ်နေကြလေသတည်း။

မန်းကျည်တောရွာ သူကြီးဦးကံဖေနှင့်ဒေါ်ခင်ဆုံတို့၏ ပဉ္စင်းခံ၊ ရှင်ပြု၊ နားသပွဲကား ကြီးကျယ်ခမ်းနားလှပါဘိတော့။

စပ်ပန်းချီမှုန်းထားသည့် မဏ္ဍပ်ကြီးမှာလည်း နဖူးစည်း၊ တိုင်ဖုံးများဖြင့် ထည်ဝါလို့နေ၏။ မန်ကျည်းတောရွာ၏ ကာလသား၊ ကာလသမီးအပေါင်းမှာလည်း ပျားပန်းခပ်နေကြလေ၏။ တချို့ဆို ကိုယ့်ဖာသာကိုယ် အလုပ်တွေက ရှုပ်နေကြသော်ငြားလည်း ပင်ပန်းသည့်တိုင်အောင် ပင်ပန်းသည်ဟု မထင်ကြ။ အားလုံး ပျော်ရွှင်နေကြသည်။

ဇာတ်ဝါသနာအိုးဖြစ်သော လက်ပံကုန်းရွာမှ ဟင်းတာဖတ်ကိုစိန်တင် ဦးစီးသည့် ဇာတ်မဟာအဖွဲ့ကြီးက သူကြီးအလှူ၌ ကပြအသုံးတော်ခံမည် ဖြစ်သောကြောင့်လည်း ရွှင်လန်းတက်ကြွနေလေ၏။

'ဟဲ့… ဒကာမ မလုံးတင်၊ လက်ပံကုန်းက ဇာတ်ဆရာနဲ့နာမည်လည်း တစ်မျိုးကြီးပါလား၊ ကိုစိန်တင်ဆို ကိုစိန်တင်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှာကြောင့် ကိုစိန်တင်ရဲ့ရှေ့က 'ဟင်းတစ်ဖတ်'ဆိုတဲ့ နာမဝိသေသနကြီးက ပါနေရတာလဲ'

မူလဘူတ ဇာတိရပ်ရွာသား မဟုတ်သည့် အတွက်ကြောင့် ကိုထွားကြီးလည်း ရင်သွေးငယ်အား နို့တိုက်နေသော ဇနီးသည် မလုံးတင်အား မေးမြန်းစူးစမ်းလိုက်၏။

'သူရဲ့ မူလဇာတိက ဟင်္သာတက ရှင့်။ လက်ပံကုန်းဘက်ဖျာအရောင်းထွက်လာရာက မောင်ကြီးမပြန်နိုင်ဖြစ်ပြီး အိမ်ထောင်ကျသွားတာ၊ ဟင်္သာတမှာရှိကတည်းက ဇာတ်သဘင်မှာအတော် ဝါသနာကြီးတာကလား။ အစက 'ဟင်္သာတစိန်တင်'လို့ ခေါ်ကြသေးတယ်။ တစ်နေ့မှာတော့ အလှူပွဲတစ်ခုမှာ နင်းဖြဲပြီး အမဲသားဟင်းတဖတ်ကို ကောက်မျိုလိုက်ရာက လည်ချောင်းထဲလည်းမဝင်၊ အပြင်ကိုလည်း ပြန်မထုတ်မရဖြစ်တာနဲ့ ကျုပ်တို့ရွာက ဗိန္ဓောဆရာ ဦးအောင်ကြီး အစွမ်းကုန်ထုတ်ပေးလိုက်ရတာ။ ဦးအောင်ကြီးသာ ရောက်မလာရင် မျက်လုံးကြီးပြူးထွက်ရာကနေ မသာပေါ်မှာ ကျိန်းသေပဲ။ အဲဒီကစလို့ ဟင်္သာတစိန်တင်နာမည်ပျောက်ပြီး ဟင်းတစ်ဖတ်စိန်တင်ရယ်လို့ ဖြစ်လာခဲ့တာ'

'ဪ... မှတ်သားလောက်ပါပေရဲ့ကွယ်၊ ကိုင်း... ငါလည်း ထမင်းကျွေးရုံဘက်သွားပြီး လက်မှတ်ကမ်းဖို့ရာ လုပ်ပေးလိုက်ဦးမယ်၊ ရော့... အဖြူရောင်လက်မှတ်ကို ကြိုယူထား။ ထမင်းကျွေးရုံ ရောက်တဲ့အခါ မင်းတို့ဝိုင်းထဲ အသားတုံးတွေချည်း ထည့်ပေးဖို့ မောင်ကြီးကို ကြိုပြောထားရဦးမယ်။ ကြုံတုန်းအားရပါးရ ကပွဲရတဲ့ပွဲမို့ ထမင်းထက်ဟင်းကိုသာ ဦးစားပေးပြီးနှိပ်လဟဲ့'

'ကောင်းပါ့တော်... ကောင်းပ၊ ထမင်းကျွေးကိစ္စပြီးတဲ့အခါမှာလည်း အိမ်အတွက် ဟင်းတွေသယ်လာဖို့ မမေ့နဲ့ဦးနော်။ အိမ်မှာ ညစာ ဘာမှချက်ထားတာ မရှိဘူး'





'သဘောပေါက်ပါတယ် ဒကာမရယ်၊ ဟင်းတင်မကဘူး၊ ထမင်းချိုးတွေပါ သယ်လာခဲ့ပါ့မယ်။ မောင်ကြီးနဲ့ကြိုပြီး စည်းဝါးရိုက်ထားပြီးသားပါ'

ထိုစဉ်မှာပင် ခြမ်းပဲ့တီးဝိုင်းမှ 'တုတ်... ပလုပ်တုတ်...ဖြုံး' ဟူသည့် ဗြောနှက်သံ ထွက်ပေါ်လာသည်။ ဗြောသံနှင့်အတူ အသံချို့စက်မှလည်း မိုက်ခဲလွမ်းနွယ်၏ အသံသြသြကြီးက ပေါ်ထွက်လာပြန်သည်။

'မန်ကျည်းတောကျေးရွာအတွင်းမှ အုံမာနီ... အဲ... ဟုတ်ပေါင် ကုမ္ပာရီလုပ်ပျိုဖြူများ ခင်ဗျား...

ပဥ္စင်းလောင်း၊ ရှင်လောင်းများနှင့်အတူ စီးတော်မြင်းတွေ အဆင်သင့်ဖြစ်ပြီမို့ ရှင်လောင်းလှည့်ရန် အဆင်သင့်ပြင်ဆင်ပြီး ကိုယ်ကိုင်ရမယ့် ပစ္စည်းတွေကို အသင့်ကိုင်ထားကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ် ခင်ဗျား'

မိုက်ကိုင်၍ စကားပြောခွင့်သာပေးပါက တစ်နေ့လုံး ထိုင်ရာမှမထ၊ ဆီးမသွား ဝမ်းချုပ်ခံလျက် တင်ပါးကျောက်ချတတ်လေသော မိုက်ခဲဘွဲ့ရ လွမ်းနွယ်၏ နှိုးဆော်ကြေညာချက်ကြောင့် လှတပတကြွကြွ ရွရွ ဝတ်ဆင်ထားကြသော မန်ကျည်းတောသူ ဖြူဖြူ ဝါဝါ ညိုညို၊ ညက်ညက်အသားနက်မအကုန် အလုံးစုံတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

ကွမ်းတောင်ကိုင်သူကိုင်၊ ပန်းတောင်ကိုင်သူကိုင်၊ ကလင်ကိုင်သူကိုင်၊ သင်္ကန်းထည့်ထားသော မောင်းထောင်ခွက်ကို ကိုင်သူကိုင်၊ သင်္ကန်းပန်းကိုင်သူကိုင်၊ ငွေပဒေသာပင်ကိုင်သူကိုင် ဖြစ်သွားကြလေ၏။

'ဟုတ်ကဲ့ခင်ဗျာ၊ အစီအစဉ်ကို ကျွန်တော်အကြောက်ချပြမယ်။ ဦးစွာပထမ အလှူ့ဒါယကာကြီးက သပိတ်ပိုက်၊ အလှူ့ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကာမကြီးက ကန်တော့ပွဲကို ရွက်လို့ သူတို့ရဲ့ အနောက်မှာတော့ ဆွေမျိုးသားချင်းတွေက သင်္ကန်းတွေ၊ ခေါင်းအုံးတွေ၊ ဖျာတွေ ရွက်ပြီး လိုက်ပါရပါမယ်။ ပြီးတော့ ပန္နင်းလောင်းတွေ အနောက်မှာ ကုမ္မာရီ အချို့၊ ပြီးတော့ ရှင်လောင်းတွေ အနောက်မှာ ကုမ္မာရီအချို့…'

မိုက်ခဲလွမ်းနွယ်ကတော့ သည်နေရာမှာ ရပ်ရွာအပေါ်လွှမ်းစွာ အားမာန်ညှောင်းသည့် သူကြီးကပင် သူ့အမိန့်ကို နာခံနေရသည်မို့ ကြည်နူးပီတိဖြစ်၍မဆုံး တပြုံးပြုံးနှင့်…။

သို့နှင့်… ရှင်လောင်းတန်းကြီးက ရှည်လျားသွားလေသည်။

ရှင်လောင်းတန်း၏ နောက်ဆုံးမှာတော့ အိုးစည်ဗိုင်းက တထုံထုံထုလျက် ကြည်နူးရင်ခုန်မှုတွေ ပေးနေခဲ့သည်။

*'ဟိုအပျို… ဒီအပျို××× ကြိုက်ပါခင်ရဲ့ ရွှင်ချိုချို××× မကိုင်နှင့်ကညာခင်ရဲ့ ရင်ဖိုဖို××× ချစ်ရေးကိုဆို××× မှူမလို မျက်နှာထား ××× ကြိုက်ရေးကိုဆို ××× မှူမလို မျက်နှက်ထား×××'*

ဟင်းတစ်ဖတ်စိန်တင်၏ တပည့်ကျော်ဟန်အေးက သူ့အသံ ဝါဝါကြီးဖြင့် အိုးစည်ဗိုင်းနှင့်လိုက်ဖက်မည့်သီချင်းကို ဟစ်ကြွေးလျက်၊ ဖော်ကြီးနှင့်ဖော်ဝမ်းတို့ နှစ်ကောင်သားမှာလည်း ချက်အရက်တန်ခိုးဖြင့် ကွေးနေအောင်ကလျက်။ အားလုံးသည် မိုက်ခဲလွမ်းနွယ်၏ အစီအစဉ် အတိုင်း ရွာထိပ်ရှိ ရွာတော်ရှင်နတ်ကွန်းသို့သွားကာ နတ်ပြကြသည်။ သည်နောက်မှာတော့ ဘုန်းတော်ကြီးကျောင်းသို့…။

တောသဘာဝ၊ တောပသာဒပီသစွာဖြင့် တောရွာအလှူ တစ်ခုကတော့ သူ့သဘာဝ၊ သူ့ပသာဒနှင့်လိုက်လျောညီထွေလှစွာ ဖြစ်ထွန်းလာခဲ့လေပြီတကား။

■

စိတ်ချ
တစ်ကွက်ကလေးမှ မမှားစေရဘူး။
ကျုပ်အခန်းရောက်တော့မယ်ဆိုရင်
ဆိုင်းက
ပိန်းမောင်းတီးပေးမှာ မဟုတ်လား။
ဇာတ်ဆရာ မစိုးရိမ်ပါနဲ့
ကျားအဝတ်အစားတွေ ဝတ်ထားပြီးသား။
ကျားခေါင်းကိုတော့
နီးတော့မှပဲ စွပ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းတော ရွာသူရွာသားအပေါင်းတို့ အထူးပင်မျှော်လင့်တောင့်တကြကုန်သော ရှင်ပြုပွဲပြီးမြောက်အောင်မြင်သည့် ညချမ်းသို့ ရောက်ရှိခဲ့လေပြီ။

မဏ္ဍာပ်၏ သံဃာစင်နှင့်ကပ်လျက် ဆောက်လုပ်ထားသည်က ဇာတ်စင်ဖြစ်လေ၏။ တိုင်ကီကြီးများချ၊ သစ်သားတွေတန်းခံ၊ သစ်ပြားတွေခင်းပြီး တိုင်ဖုံး၊ နဖူးစည်း၊ ကန့်လန့်ကာများ ဆင်ယင်လိုက်လေသောအခါ အင်မတီအင်မတန် ကြီးကျယ်ခန့်ညားသွားလေသည့် ဇာတ်ခုံကြီးတစ်ခု ဖြစ်လာလေသတည်း။ မီးစက်၏ တန်ခိုးအာနိသင်ကြောင့် မဏ္ဍာပ်တွင်းလည်း လင်းချင်းနေသလို ဇာတ်ခုံနှင့်တကွ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း လင်းထိန်၍ နေတော့၏။ ဇာတ်စင်တဝိုက်မှာတော့ သည်လို အလှူအတန်းပွဲများကို စနည်းနာရင်း ဈေးပွဲခင်းကြသည့် ဆိုင်တန်းတွေကလည်း အစီအရီ။ မိုးပျံပူဖောင်းသည် ၏ဝန်းကျင်၌ ကလေးသူငယ်တို့ ဝိုင်းနေကြသလို အလှအပအခြယ်အသပစ္စည်းများ ရောင်းချသော မူစမန်အင်ကုလား၏ ဈေးဗန်းတဝိုက်မှာလည်း ကာလသမီးတို့က အုံခဲနေသည်။

'မန်ကျည်းတောကျေးရွာ အတွင်းရှိ ရွာသူရွာသားအပေါင်းတို့ ခင်ဗျား...

www.burmeseclassic.com



မန်ကျည်းတောကျေးရွာ အတွင်းရှိ ရွာသူရွာသားအပေါင်းတို့ ခင်ဗျား…'

လာပြန်ပြီကော အသံချဲ့စက်အော်လံမှ ပေါ်လာပြန်သော မိုက်ခဲလွှမ်းနွယ်၏အသံ။

'သည်ကနေ့ ညဟာဖြင့် လွန်စွာမှကျက်သရေ မင်္ဂလာအပေါင်းနဲ့ခညောင်းတဲ့ ညပါပဲ'

၎င်း၏ အကွန့်အညွန့်ကြောင့် စိတ်ထဲ၌ အကြိတ်အခဲဖြစ်နေသော သရဲမောင်ချစ်သည် ထန်းရည်ခပ်ထွေထွေဖြင့်…

'သည်ကနေ့ ညဟာ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ခညောင်းတယ်ဆိုတော့ ကျုန်ခဲ့တဲ့ညကျတော့ ကျက်သရေမင်္ဂလာ ကင်းတဲ့ သဘောပေါ့'

ဟူ၍ လက်ဝါးနှစ်ဖက်ကို ခပ်အုပ်အုပ်လေးလုပ်လျက် ပါးစပ်နားတေ့ကာ အာလုပ်သံပြုလိုက်သည်။ သို့သော် မိုက်ခဲလွှမ်းနွယ်၏ အသံချဲ့စက်အင်အားကို မကျော်ဖြတ်နိုင်။

'ဟုတ်ကဲ့ခင်ဗျာ…

သည်ကနေ့ ညမှာတော့ အလှူ့ဒါယကာ၊ ဒါယိကာမတွေဖြစ်ကြတဲ့ သူကြီးဦးကံဖေ၊ သူကြီးကတော်ဒေါ်ခင်ဆုံတို့ရဲ့ အလှူမင်္ဂလာပွဲကြီး အောင်မြင်စွာပြီးမြောက်ခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့ ရွှေပွဲလာပရိသတ်ကြီးအပေါ် ပျော်ရွှင်မှုအပေါင်း ခညောင်းရလေအောင် ဇာတ်ဆရာ ဟင်းတဖတ်စိန်တင် ဦးစီးတဲ့ ဇာတ်ပွဲသဘင်ကြီးနဲ့တင်ဆက် ကပြပါလိမ့်မယ်'

'ရှီး… ဖြောင်း… ဖြောင်း… ဖြောင်း… ဝမ်းစမိုးဟေ့… ဝမ်းစမိုး'

ပွဲခင်းအတွင်းရှိ ကလေးသူငယ်ပရိသတ်အပေါင်းက နှစ်



ထောင်းအားရဖြင့် လက်ခုပ်ဩဘာများ ပေးကြကုန်၏။ ဒါကို မိုက်ခဲလွှမ်းနွယ်က ၎င်းအပေါ်အားပေးကြသည်ဟု စိတ်ထင်သွားလေသည်လား မသိ။ မလွှတ်တမ်းဆုပ်ကိုင်ထားသော မိုက်အား စားမလို ဝါးမလိုဟန်ဖြင့် ပါးစပ်အပါးတေ့လျက် လေကြောရှည်တော်မူပြန် ပါသေး၏။

'ဟုတ်ကဲ့ခင်ဗျာ… အဲသလိုမျိုး အားပေးကြတဲ့နေရာမှာ မန်ကျည်းတောရွာရဲ့ ဂုဏ်သိက္ခာ ကျဆင်းမသွားစေဖို့ စည်းကမ်းတကျအားပေးကြည့်ရှုကြဖို့ ဒီနေရာကနေပြီး ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

ပြီးတော့ ထပ်မံသတိပေးလိုတာက ပွဲခင်းအတွင်း မူးယစ်သောက်စား ရမ်းကားခြင်း၊ အော်ဟစ်ဆဲဆို တိုင်းထွာရန်ဖြစ်ခြင်း၊ မခံမရပ်နိုင်အောင် နှောက်ပြောင်ခြင်း စတာတွေ လုံးဝမလုပ်ရပါဘူး။ လုပ်ခဲ့ရင်ဖြင့် သူကြီးဦးကံဖေ တာဝန်ပေးအပ်ခြင်းခံထားရတဲ့ ကျေးရွာလုံခြုံရေး အဖွဲ့ဝင်တွေရဲ့ ပြင်းထန်စွာအပြစ်ပေးခြင်း ခံရမယ်ဆိုတာ ဒီနေရာကနေ ကျွန်တော်သတိပေး ကြေညာအပ်ပါတယ်။ ဟုတ်ကဲ့… ကျွန်တော် ကိုလွှမ်းနွယ်ပါ ခင်ဗျာ'

'ရှီး… တော်ပါတော့ဗျို့၊ ဇာတ်ကပါတော့ဗျို့၊ အာလူးတွေအိတ်ထဲထည့်လိုက်ပါတော့ဗျို့'

ပွဲမထွက်မီ လေကြောဒဏ်ခံနေရသူအချို့က မကျေမနပ်ဖြင့် အော်ဟစ်နေကြသည်။ ထိုစဉ်မှာပင် ဇာတ်အဖွဲ့မှ ညွှန့်ခံတီးလုံးသံထွက်ပေါ်လာသည့်အတွက် အော်ဟစ်သံများ တဒင်္ဂငြိမ်ကျသွားခဲ့သည်။

'ဟုတ်ကဲ့ခင်ဗျာ… ဇာတ်ဆရာဟင်းတဖတ်စိန်တင်ရဲ့ ဇာတ်သဘင်မှာ ပထမဦးဆုံး ညွှန့်ခံသီချင်းများ သီဆိုဖျော်ဖြေပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်မှာတော့ အပျိုတော်ယိမ်း၊ တေးသရုပ်ဖော်၊ တစ်ခန်းရပ် ပြဇာတ်တင်ဆက်ပြီး ဧဝ္တအနားပေးပါမယ်။

ဒုတိယကဏ္ဍကျတော့ ပရိသတ်အများစု မျှော်လင့်တောင့်တနေကြတဲ့ 'မယ်ဥကျားကိုက်' ဇာတ်တော်ကြီးကို တင်ဆက်ကပြပါလိမ့်မယ် ဆိုတဲ့အကြောင်း စေတနာအကြောင်းရပ်နဲ့ ကြေညာမောင်းခတ်လိုက်ပါတယ် ခင်ဗျား၊ ဟုတ်ကဲ့… ကျွန်တော် ကိုလွမ်းနွယ်ပါ ခင်ဗျာ'

ပရိသတ်အပေါင်းမှာတော့ ကိုမိုက်ခဲ၏ ကြေညာသံကို ခွင့်လွှတ်သည်းခံ နားဆင်နေရသည်။ တော်ပါသေးရဲ့ သူ့ကြေညာသံအဆုံးမှာ အမျိုးသမီးအဆိုတော်တစ်ယောက်က 'ချမ်းမြေ့ပါစေ'သီချင်းဝင်ဆိုလိုက်သည့်အတွက် သီချင်းနှင့်အဆိုတော်အပေါ် အာရုံကျသွားခဲ့ရသည်။ နို့မဟုတ်ပါက တကျောင်းကျောင်းမှနေ၍ အကွယ်အကာယူကာ ခွေးသိုးတို့ လူပျိုပေါက်တွေက ကိုမိုက်ခဲ၏ နားရွက်အားသားရေဒိုးကွင်းဖြင့် ပစ်ကြမည်တကဲကဲ။

အစီအစဉ်တွေက ကိုမိုက်ခဲ ကြေညာသည့်အတိုင်းပင် သူ့အစီအစဉ်နှင့်ချောပြေ နေခဲ့သည်။ အဆိုကောင်းခြင်း၊ မကောင်းခြင်း၊ အကကောင်းခြင်း၊ မကောင်းခြင်း၊ တေးဂီတတီးမှုတ်မှု အံဝင်ခွင်ကျ မဝင်ခြင်းက အကြောင်းမဟုတ်။ ခုလိုမျိုး အခွင့်အခါသင့်မှသာ တိုရေမှားရေ ကြည့်ခွင့်ရသောပွဲပေမို့ အကျေနပ်ကြီးကျေနပ်နေကြသည်။

ပရိသတ်ကြီး အဓိကအားထားနေကြသည်က'မယ်ဥ ကျားကိုက်' ဒုတိယပိုင်း ဇာတ်ထုတ်ကြီးပဲ ဖြစ်သည်။ ဟိုး… တစ်မြန်နှစ်တုန်းဆီက လက်ပံကုန်းရွာ ကထိန်ပွဲ၌ ဇာတ်ဆရာဟင်းတဖတ်စိန်တင် စီစဉ်ညွှန်ကြားသော 'မယ်ဥ ကျားကိုက်' ဇာတ်ထုတ်ကို ကြည့်ခဲ့ဖူးသည်။ အခင်းအကျင်း အတင်အဆက်ကောင်းသဖြင့် ကြည့်



ပြီးရင်းကြည့်ချင်၊ ကြည့်မဝရှုမဝ ဖြစ်ခဲ့ကြသည်မို့ ခုလိုမျိုး အကြောင်းတိုက်ဆိုင်လာသည့်ပွဲ၌ ကြည့်ခွင့်ရကြတော့မည့်အတွက် ရွှင်လန်းတက်ကြွ နေကြသည်။ ခါတိုင်း စောစောအိပ်ပျော်လေ့ရှိသော တိုက်မောင်းတို့ တာတီမိုးတို့လို နှပ်ချေးတွဲလောင်းတွေပင် ဇာတ်ခုံပေါ်၌ ကျွမ်းတဒိုင်းဒိုင်းပစ်ကာ တကယ့်သက်ရှိကျားအသွင် အသုံးတော်ခံမည့်မြင်ကွင်းကို ကြည့်လိုလှသည့်အတွက် မရမ်းသီးကင်၊ သရက်သီးမဆလာတွေစားလျက် မျက်လုံးအိမ်မကျယ်ကျယ်အောင် လုပ်ထားကြသည်။

ပရိသတ်က သူ့အနေအထားနှင့်သူ အဆင်ပြေနေခဲ့သော်လည်း အဆင်မပြေဖြစ်နေသူ တစ်ဦးကတော့ဖြင့်'မယ်ဥကျားကိုက်' ဇာတ်ထုပ်ကြီးကို ဦးစီးစီစဉ်ညွှန်ကြားသည့် ဇာတ်ဆရာဟင်းတဖတ်စိန်တင်ပင် ဖြစ်လေ၏။

'တောက်! သေသေချာချာ ပြောထားရဲ့နဲ့ကွာ'

'ဩော်… သူ့မှာလည်း တွံတေးဘက်မှာ သူ့ညီ ရုတ်တရက်နာရေးပေါ်လာတယ်ဆိုတော့ မသွားမဖြစ်သွားရတာ နေမှာပေါ့လေ သူ့မှာက အလွန်မတန်ချစ်ရတဲ့ ဒီညီကလေးတစ်ယောက်ပဲ ရှိပေတာကိုး'

အကြောင်းကိစ္စအရင်းခံက အခြားမဟုတ်။

'မယ်ဥကျားကိုက်' ဇာတ်ထုပ်၌ ကျားအဖြစ်ကပြမည့်ဖိုးနွားတစ်ယောက် သူ့ညီ ရုတ်တရက်နာရေးပေါ်လာသည့်အတွက် အခင်းဖြစ်ရာသို့ အရေးပေါ် လိုက်ပါသွားသောကြောင့်ပါပေ။ လူမှုရေးဘက်က ပြန်ကြည့်တော့ ဖိုးနွားအပေါ် အပြစ်တင်ဖို့ရာမသင့်။ သို့သော်လည်း သည်ဇာတ်ထုပ်ဆိုတာက ဖိုးနွားအဓိက ပွဲကြမ်းရမည့် ဇာတ်ဖြစ်နေသည်။ သည်ဇာတ်ကပြလေရာ နေရာတိုင်း ဖိုးနွား၏ ဂုဏ်သတင်းသည်

www.burmeseclassic.com



ဟိန်းသည် ထက်ဟိန်းလာသည်။ အခြားသူ တစ်ယောက်ယောက်ကို အစားထိုးလို့ မဖြစ်ဘူးလားဆိုတော့ ဖြစ်တော့ ဖြစ်သည်။ သို့ရာတွင် အစားထိုးခံရသူသည် ပရိသတ်အပေါင်း၏ စိတ်အာရုံကို ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာဖြင့် ဆွဲဆောင်နိုင်သူ ဖြစ်ဖို့တော့လိုသည်။ ရှေ့ကျွမ်း နောက်ကျွမ်းသာမက ခုန်ပေါက်ကြမ်းရမ်းတတ်ဖို့လည်း လိုအပ်သည်။

'ဟား… နှစ်ပါးသွားတောင် စတော့မယ်။ ငါတော့ သေသာ သေလိုက်ချင်တော့တယ် မြစမ်းကြည်ရေ'

မြစမ်းကြည်ဆိုသည်က 'မယ်ဥကျားကိုက်' ဇာတ်ထုပ်၌ မယ်ဥအဖြစ် သရုပ်ဆောင်မည့် မင်းသမီးချောတစ်လက် ဖြစ်သည်။

'ဘယ်လိုဖြစ်ရတာလဲ ဇာတ်ဆရာရယ်'

'အဖြစ်က ဒီလိုဟ့ဲ… ဒီလို'

သို့ကလို အစချီရင်း ကျားလုပ်မည့်သူ အခက်အခဲအတွက် ညည်းညည်းညူညူလေး ဇာတ်စုံခင်းပြလိုက်သည်။

'ဒါဆို မပူနဲ့ ဇာတ်ဆရာ၊ ကျွန်မမောင်တစ်ယောက်ရှိတယ်၊ သူ ကျားကောင်းကောင်း လုပ်တတ်တယ်'

'ဟာ… တကယ်လား၊ ကျေးဇူးတင်လိုက်တာ မြစမ်းကြည်ရယ်၊ ငါ့ကို ကူညီစမ်းပါဟာ… ကူညီစမ်းပါ။ နင့်မောင် အခု ဘယ်မှာလဲ ဘယ်မှာလဲ'

'ဘယ်မှာရှိရမလဲ အိမ်မှာ မူးနေမှာပေါ့။ သူက အချိန်ရှိသရွေ့ ကချော်နဲ့ပြတ်မှ မပြတ်ဘဲဟာ၊ အိမ်ကိုလိုက်သွားရင် တွေ့ပါလိမ့်မယ် ဇာတ်ဆရာ'

'မဖြစ်ဘူး… မဖြစ်ဘူး၊ ခုပဲ လိုက်မှဖြစ်မယ်။ နို့မဟုတ်ရင် တလွဲတချော်တွေ ဖြစ်ကုန်လိမ့်မယ်'





ပြောပြောဆိုဆိုနှင့်ပင် ဇာတ်ဆရာဟင်းတဖတ်စိန်တင်လည်း လှည်းတစ်စီး အမြန်စီစဉ်လျက် မင်းသမီးမြစမ်းကြည်၏မောင် ဖိုးငနဲရှိရာသို့ အသော့နှင်ရလေတော့သည်။

မြစမ်းကြည် ညွှန်ကြားလိုက်တဲ့ နေရာကိုရောက်တော့ မြစမ်းကြည်၏မောင် ကိုရွှေဖိုးငနဲက ချက်အရက်တစ်ပိုင်းဖြင့် အရှိန်တင်၍ ကောင်းတုန်း။

'ကျုပ်လား၊ ကျွမ်းထိုးတဲ့နေရာမှာ ခင်ဗျားတို့ဇာတ်က ဗျူဟာလောက်တော့ ပျင်းတောင်ပျင်းသေတယ်ပဲ၊ ဟောဒီမှာ… ကြည့်'

ဖိုးငနဲဘလှက သူ့ ညာဘက်လက်ကောက်ဝတ်ကို ထောင်ပြသည်။

'တွေ့လား'

'ဟင့်အင်း… နာရီလည်းမတွေ့ဘူး၊ လက်စွပ်လည်းမတွေ့ဘူး'

'ဟာ… တော်တော်ဒုံးဝေးတဲ့ ဇာတ်ဆရာပဲ၊ ကျုပ်ပြတာက ရှေ့ကျွမ်း နောက်ကျွမ်း အထိုးကောင်းလို့ အဆစ်လွဲသွားတာ'

ဇာတ်ဆရာခမျာ နည်းနည်းတော့စိတ်ညစ်သွားရသည်။ သို့သော်ငြား သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ရမည်။ မည်သို့ဖြစ်စေ အပွဲပွဲနွှဲလာသမျှ သည်တစ်ပွဲမှာတော့ ဦးကျိုးမသွားရစေရေးအတွက် အလေးဂရုပြုရ ပေလိမ့်မည်။ သည့်အတွက် လာရင်းကိစ္စကို ဖွင့်ပြောလိုက်ရ၏။

'ဖြစ်တယ်… ဇာတ်ဆရာ၊ ဘာမှမပူနဲ့ ဒါပေမဲ့ ကျုပ် ကြိုးစားရမှ လိုက်နိုင်မယ်'

ဇာတ်ဆရာအဖို့ နည်းနည်းတော့ ကျွဲမြီးတိုချင်သလိုလို ဘယ်နှယ့် ဘယ်ရွေ့ဘယ်မျှအထိ တော်နေတတ်နေ ကျွမ်းနေလို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရပါသနည်း။ သို့သော်လည်း လက်ရှိပကတိအခြေအနေက သင်းမှမပါလျှင် ပွဲပျက်ရတော့မည့်ကိန်း။ သည်တော့ ကိုယ့်ဘက်ကမလျှော့ပဲ နေလို့မဖြစ်။

'ပြော… ဘယ်လိုပေးရမှာလဲ'

'မီးတောက်နှစ်လုံးရရင် ကျေနပ်ပြီ'

'ရတယ် ပေးမယ်'

ဈေးတည့်သွားခဲ့ပြီမို့ ဖိုးငနဲဘလုကို လှည်းပေါ်တင်၍ ခေါ်လာခဲ့ပြီး ဇာတ်ပွဲနောက်ဖက် မှောင်ရိပ်တစ်နေရာ၌ မီးတောက်နှစ်လုံးနှင့်အတူ နေရာချထား ပေးလိုက်သည်။ ပြီးတော့ ကျားခေါင်းစွပ်နှင့်ကျားအဝတ်အစား။

ဖိုးငနဲဘလုကား မီးတောက်အရက်ဖြင့် ကောင်းကောင်းကြီး စည်းစိမ်ရစ် နေလေသည်။ ဇာတ်စင်ပေါ်မှာတော့ ပြဇာတ်က မပြီးသေး။ ပြီးလျှင် ခေတ္တနားမည်။ ပွဲကြည့်ပရိတ်သတ်တို့ ကျန်းမာရေးကိစ္စ ဆောင်ရွက်နိုင်ကြမည်။ ဒုတိယပိုင်း ပြန်ဆက်လျှင်တော့ ပရိတ်သတ်ထုကြီး မျှော်လင့်တောင့်တနေကြကုန်သည့် 'မယ်ဥကျားကိုက်' ဇာတ်ထုပ်ကြီးကို တင်ဆက်မည်။

'ဘလုရေ… သိပ်လည်းမများနဲ့နော်၊ ကိုယ့်အခန်းရောက်လို့ အဝင်အထွက်တွေ လွဲချော်သွားရင် ဇာတ်ပျက်သွားလိမ့်မယ်'

'စိတ်ချ… တစ်ကွက်ကလေးမှ မမှားစေရဘူး၊ ကျုပ်အခန်းရောက်တော့မယ်ဆိုရင် ဆိုင်းကဗိန်းဗောင်းတီးပေးမှာ မဟုတ်လား၊ ဇာတ်ဆရာ မစိုးရိမ်ပါနဲ့၊ ကျားအဝတ်အစားတွေ ဝတ်ပြီးသား၊ ကျားခေါင်းကိုတော့ နီးမှပဲစွပ်မယ်'

သည်သို့ဆိုရင်း ဖိုးငနဲဘလုလည်း မီးတောက်အရက်ငှဲ့ထားသော အကြမ်းပန်းကန်လုံးကို ဂွပ်ခနဲကောက်မော့ပြီး ဆေးပေါ့လိပ်





မီးရဲရဲနှင့်တိုင်ခြေကို မှီနေလိုက်သည်။ ဇာတ်ဆရာလည်း စိတ်ချတစ်ဝက် စိတ်မချတစ်ဝက်နှင့်။

မကြာခင်မှာ ပြဇာတ်ပြီးသွားပြီမို့ ခေတ္တခဏရပ်နားလိုက်လေသည်။ အတော်ကလေးကြာမှ ဒုတိယအပိုင်း တင်ဆက်ရတော့မည်။ ဖိုးငနဲဘလုက မျက်တောင်တွေစင်းလျက် မငိုက်တစ်ချက် ငိုက်တစ်ချက်နှင့်။

ထိုခဏ ဇာတ်ဆရာအား သံဃာစင်ပေါ်၌ ပက်လက်ကုလားထိုင်နှင့်သက်နှန်းခြံထားသော ရွာဦးကျောင်းဆရာတော်က တွေ့ချင်ကြောင်း ကိုယ်တော်ကြီး လာခေါ်သဖြင့် လိုက်သွားရသည်။ ဆရာတော်၏နံဘေးမှာတော့ သူကြီးဦးကံဖေတို့လင်မယား။

'တပည့်တော်ကို အခေါ်လွှတ်တယ်ဆိုတော့ ဘယ်လိုအကြောင်း ကိစ္စများ မိန့်တော်မူမလို့ပါလဲ ဘုရား'

'မိန့်စရာက အခုပြုလုပ်တဲ့ပွဲဟာ တကယ့်မင်္ဂလာပွဲကြီး ဖြစ်တယ်၊ လောကီရေးနဲ့ မပတ်သက်တဲ့ လောကုတ္တရာမင်္ဂလာ မဟုတ်ဘူးလား'

'တင်ပါ့… လောကုတ္တရာမင်္ဂလာပါ ဘုရား'

'အေး… အဲသည့်တော့ကာ မင်္ဂလာမရှိတဲ့ လွမ်းဆွေးတာတွေ ငိုကြွေးတာတွေ၊ ကြမ်းရမ်းတာတွေပါတဲ့ 'မယ်ဥကျားကိုက်'ကို မကစေချင်ဘူး'

ဇာတ်ဆရာ နည်းနည်းတော့ စိတ်အိုက်သွားခဲ့သည်။

'ဇာတ်ဆရာတို့က သေတ္တာမှောက်အဆင့်အထိ ကျွမ်းကျင်တဲ့ ပညာရှင်တွေမှန်း ဘုန်းကြီးသိပါတယ်၊ ဒီတော့ 'မယ်ဥကျားကိုက်'အစား 'ဗုဒ္ဓဝင်တောထွက်ခန်း'တို့ဘာတို့ ပြောင်းကရင်မသင့်ပါလား'

'တင်ပါ့ဘုရား၊ အင်မတန်မှသင့်ပါတယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးကံဖေတို့ လင်မယားကပါ ဝိုင်းဝန်းထောက်ခံနေလေသည့်အတွက် ဇာတ်ဆရာ အလုပ်ရှုပ်ရတော့သည်။ သို့နှင့်ပင် ဇာတ်ခုံရှိရာသို့ ပြန်သွားပြီး ဇာတ်သမားတို့အား အဝတ်အစားတွေ ပြောင်းလဲဝတ်ဆင်စေရတော့သည်။ ဇာတ်ထုပ်၏ သဘောသွားကိုလည်း ဆိုင်းဆရာအပါအဝင် ဇာတ်သူဇာတ်သားတို့ နားလည်အောင် အကြမ်းဖျင်းပြောရတော့သည်။ ဤ၌ ဖိုးနေဘလှကို မေ့သွားခဲ့သည်။ မေ့သွားလည်း အကြောင်းတော့မဟုတ်။

သူ့အခန်း မပါတော့သဖြင့် အေးအေးလူလူ မှောက်သွားအောင် သောက်ပါစေတော့··· သောက်စေတော့။

ဇာတ်သူဇာတ်သားတွေအဖို့ ဇာတ်ထုပ်ပြောင်းသွားသော်လည်း သိပ်တော့အကြောင်းမရှိလှ။ ဘာ့ကြောင့်ဆို ပြောင်းလဲကပြမည့် ဗုဒ္ဓဝင်တောထွက်ခန်းဆိုသည်ကလည်း ၎င်းတို့နှင့် စိမ်းမှမစိမ်းပဲကိုး။ ဇာတ်ဆရာဟင်းတဖတ်စိန်တင်မှာသာ ဖုတ်ပူမီးတိုက် စီစဉ်လိုက်ရသည့်အတွက် စိတ်ပန်းလူပန်းဖြစ်သွားသည်။

မကြာမီ ဒုတိယပိုင်း ကဏ္ဍစလေပြီ။

ထိုအချိန်ဝယ် ဖိုးနေဘလှ မှေးခနဲဖြစ်သွားသည်။ ဘယ်လောက်တောင် သတိလွတ်သွားသလဲဆို အသံချဲ့စက်မှ မိုက်ခဲလွှမ်းနွယ်ကြေညာသွားသည်ကိုပင် မသိ။ သူသတိဝင်ပြီး ဆတ်ခနဲနိုးလာချိန်မှာတော့ သူ့ နားယံအတွင်းသို့ ဗေပေါင်ထိပေါင်··· ဗေပေါင်းထိပေါင်··· ထိပေါင်··· ထိပေါင်··· ထီ··· ထီ··· ထီ··· ထီ··· ထီဆိုသည့် ဗိန်းဗောင်းတီးသံ ပေါ်ထွက်လာခဲ့သည်။

'ဟာ··· ငါ့အခန်း ရောက်လာပြီ··· ရောက်လာပြီ၊ တော်ပါသေးရဲ့ အချိန်မီနိုးလာပေလို့'

သည်သို့ ရေရွတ်ရင်း နံဘေးရှိ ကျားခေါင်းကိုစွပ်ကာ ဇာတ်





စင်ပေါ်သို့ လွှားကနဲ ခုန်တက်ရင်း ရှေ့ကျွမ်းနောက်ကျွမ်းတွေ ပစ်ထိုးလိုက်သည်။

'ရှီ··· ဖြောင်း··· ဖြောင်း··· ဖြောင်း··· ရှီ'

ကလေးသူငယ်အပေါင်း၏ လက်ခုပ်သြဘာသံများကြောင့် ဖိုးနေဘလှလည်း စိတ်ဘဝင်ကြွကာ ကျွမ်းထိုးနည်းမျိုးစုံကို ထိုးပြအပြီး ၎င်းကိုက်ချီရမည့် မယ်ဥကို ကြည့်လိုက်သည်။

'ဟင်'

မယ်ဥကို လုံးဝဆိုလုံးဝ မမြင်ရ။

မြင်ရသည်ကား မင်းသားတစ်ပါး မြင်းတစ်ကောင်ပေါ်တက်ခွနေ၏။ မြင်း၏ အမြီးကို မင်းချင်းအဝတ်အစား ဝတ်ထားသူကဆွဲထား၏။

ပရိတ်သတ်အပေါင်းမှာ ပါးစပ်အဟောင်းသားဖြစ်နေကြသလို ဇာတ်ဆရာမှာလည်း မျက်လုံးအပြူးသား၊ ဆိုင်းဝိုင်းကတော့ ဘာမျှဂရုမထားမိပဲ ဗိန်းဗောင်းသာ တီးနေလေ၏။

'ဟာ··· မထူးပါဘူး၊ ငါက ကျားပဲ၊ ကျားဆိုမှတော့ ကိုက်မှဖြစ်တော့မပေါ့၊ မယ်ဥ မကိုက်ရလည်း မြင်းမြီးဆွဲနေတဲ့ကောင်ကိုပဲ ကိုက်ချီရတော့မှာပဲ၊ ကိုင်း··· လာလေ့'

သည်သို့ ဆုံးဖြတ်ချက်ချပြီးသကာလ ဗုဒ္ဓတောထွက်ခန်းလာ သိဒ္ဓတ္ထမင်းသားစီရင်တော်မူသည့် ကဏ္ဍာမြင်း၏ အမြီးဆွဲသူ မောင်ဆန်ကို ဝင်ရောက်ကိုက်ဆွဲရာ မောင်ဆန်နှင့်ကျားတို့ ဇာတ်ခုံပေါ်၌ လုံးလားထွေးလား ဖြစ်ကုန်၏။ မောင်ဆန်လည်း သည်လို အဖြစ်မျိုးမကြုံဘူးသဖြင့် ကျားလက်မှကိုယ်လွတ်ရန်းရာအထ ၎င်း၏ ပုဆိုးအနားစကို ကျားကဆွဲထားသည်မို့ ပုဆိုးကျွတ်ကျသွားလေရာ ပွဲခင်းတစ်ခုလုံး ရှက်ဖွယ်လိလိ မြင်ကွင်းကြောင့် ရယ်မောသံများ အုံးအုံးထသွားခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့… လိုက်ကာချ… လိုက်ကာချ'

ဇာတ်ဆရာ၏ အမိန့်ပေးသံအဆုံး၀ယ် လိုက်ကာကြီးကို အမြန်ချလေရာ အဆင်မချောမောစွာနှင့်ပင် တောထွက်မည့်မင်းသားအပေါ် ပစ်ကျသွားသည့်အတွက် မင်းသားလည်း ဇာတ်ခုံပေါ်၌ ပက်လက်ကလေး ဖြစ်သွားရတော့၏။

ထိုနေ့ ထိုရက်မှစ၍ ဇာတ်ဆရာဟင်းတဖတ်စိန်တင်လည်း ပရိတ်သတ်အပေါင်း၏ ချီးမြှင့်မြောက်စားသော ဘွဲ့နာမည်တစ်ခုကို ရသွားပါလေတော့၏။

'မောင်ဆန်ကျားကိုက် ဟင်းတစ်ဖတ်စိန်တင်' ဖြစ်ပါလေသတည်း။

■

အရေးပိုင်ကြီးက
ဘာကိစ္စရယ်လို့တော့
ကျွန်တော်တို့ကို
ပြောမပြဘူး ဆရာ။
သိပ်အရေးကြီးတယ်။
မဖြစ်မနေ အမြန်ဆုံးရအောင်
ခေါ်လာခဲ့ရမယ်လို့ အမိန့်ပေးလိုက်လို့
ကျွန်တော်တို့လည်း လမ်းခရီးမှာ
နားတောင်မနားဘဲ
အပြေးလာခဲ့ကြတာ ဆရာ

www.burmeseclassic.com

www.burmeseclassic.com

'ခါးကျိုးလို့လုံခွေ၊ ကံဖေတို့အမျိုး' ဆိုသည့်စကားနှင့်အညီ သူကြီးဦးကံဖေတို့ မျိုးရိုးသည် တကယ့်ကိုထိတ်ထိတ်ကြဲ သူကြီး မျိုးရိုးဟု ဆိုရပေလိမ့်မည်။

ဦးကံဖေ၏ အဘိုးသည်လည်းကောင်း၊ ဦးကံဖေ၏ဖခင်သည် လည်းကောင်း ခေတ်အဆက်ဆက် မန်ကျည်းတောကျေးရွာကို အုပ်ချုပ် ခဲ့ကြသော သူကြီးများ ဖြစ်ခဲ့ကြ၏။ ယခု ဦးကံဖေ လက်ထက်ကျပြန် တော့လည်း သူကြီးပါပဲ။

အတန်းပညာမသင်ခဲ့ရသော်ငြား ဘုန်းကြီးကျောင်း၌ လေးနှစ် လောက် စာဝါအံခဲ့ရသည့်အတွက် မြန်မာစာကို ရေးတတ်ဖတ်တတ် သော အဆင့်ရှိပါ၏။ သို့ရာတွင် လက်ရေးလက်သားကတော့ သူ တစ်ယောက်တည်းသာ ဖတ်နိုင်သည့် အနေအထား။ ဤမျှ ပညာ အရည်အချင်းရှိသူပင်။ သူ အုပ်ချုပ်ခဲ့သည့် သက်တမ်းတစ်လျှောက် ရာဇဝတ်အမှုအခင်းဟူ၍ ကြီးကြီးမားမားမရှိခဲ့။ သာမန်အငြင်းအခုန် ရန်ပွဲလေးတွေ လောက်သာရှိခဲ့သည်။ ကြီးသောအမှုကိုငယ်စေ၊ ငယ်သည့်အမှုကို ပပျောက်စေသည့်အတွက်လည်း ရုံးရောက်ဂတ် ရောက်သည်မျိုး မရှိခဲ့။ ကြက်ခိုးမှု၊ ဘဲခိုးမှုလောက်ကတော့ အဖြစ်မှန်ကို သေချာစွာစစ်ဆေးပြီး ထိပ်တုံးတန်ထိပ်တုံး၊ ဒေါ်ကြေး တန်လျော်ကြေးဖြင့် ပြီးပြီးပျောက်ပျောက် ဖြစ်စေခဲ့သည်သာ။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ သူ့ အုပ်ချုပ်မှုအောက်ဝယ် ငြိမ်းငြိမ်းချမ်းချမ်း ရှိနေခဲ့သော မန်ကျည်းတောကျေးရွာကလေးသည် မမျှော်လင့်သော ရက်တစ်ရက်၌ သေမှုသေခင်းတစ်ခုနှင့်ကြုံတွေ့ခဲ့ရသည်။

သေဆုံးသူက ဖဲသမားညွန့်တင် ဖြစ်၏။

သူနေသည်က ရွာစွန်ရွာဖျားက သာလာယံဇရပ်မှာ။

အလုပ်အကိုင်က မည်မည်ရရမရှိ။ ရွာနီးချုပ်စပ်၌ အသုဘနာရေးကိစ္စများ ပေါ်ပေါက်ခဲ့လျှင် သပိတ်သွတ်သည့်နေ့တိုင်အောင် ခုနစ်ရက်ခုနစ်လီ အသုဘအိမ်၌ အိပ်လိုက်၊ စားလိုက်၊ ဖဲရိုက်လိုက်နှင့် အချိန်ကုန်ခံတတ်သူ ဖြစ်၏။

ခု… ဖဲသမားညွန့်တင် သေလေပြီ။

သူသေသည် ဆိုခြင်းကို ရွာသူရွာသားတွေအဖို့ အပုပ်နံ့ထွက်ကာမှ သိရခြင်းဖြစ်သည်။ ကနဦး ဖြတ်သွားဖြတ်လာတွေက သာလာယံဇရပ်ပေါ်မှာ ဖဲသမားညွန့်တင်တစ်ယောက် တုံးလုံးပက်လက်ကြီးဖြစ်နေတာကိုမြင်ရတော့ သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်း အသုဘတကာ၌ အိပ်ရေးအပျက်ကြီးပျက်လာ၍ ကုလားသေကုလားမော အိပ်မောအကျကြီး ကျနေလေခြင်းဟူ၍သာ ထင်ထားခဲ့ကြသည်။ နောက်တစ်ရက်လည်း သည်လိုအနေအထား။

နောက်တစ်ရက်ကျပြန်တော့ လေတင်လေအောက်မှ အပုပ်နံ့လိုလို ရလာသည်။ ပြီးတော့ ယင်မမဲရိုင်းတွေက တဝီဝီ။ မသင်္ကာသဖြင့် နာမည်ကို အော်ခေါ်ကြည့်တော့ သကောင့်သားက တုတ်တုတ်တောင်မလှုပ်။ သည်တော့ ပို၍မသင်္ကာဖြစ်လာပြီး လူစုကာတက်ကြည့်တော့မှ သကောင့်သားက လျှာတစ်လစ်ဖြင့် လောကကြီးကို နှုတ်ဆက်သွားလေသည်ကိုး။

သည့်အတွက် သူကြီးဦးကံဖေကို သွားရောက်အကြောင်းကြားကြသည်။





'ဒီကောင်သေတာကတော့ သေချာပြီ'

သူကြီးဦးကံဖေ၏စကား။

ဤ၌ ဘုန်းကြီးလူထွက် ကိုထွားကြီးက ဝင်နှောက်သည်၊

'ဒကာသူကြီးနှယ် အသက်ရှုရပ်နေရုံမက၊ လျှာကလည်းတင်လစ်၊ အပုပ်နံ့တွေက ထောင်းကနဲ၊ ယင်မမဲရိုင်းတွေက တဝီဝီဆိုတော့ သေသေချာချာမသေလို့ ပေါ့ပေါ့တန်တန်သေတယ်လို့ဆိုရမလား မဟုတ်သေးပါဘူး ဒကာသူကြီးရယ်'

'ဟာ… ဒီဘုန်းကြီးလူထွက်ကလည်း တစ်မှောင့်ဗျာ၊ ကျုပ်စကားကဆိုးသေးတာ မဟုတ်ဘူး၊ သေတယ်ဆိုတဲ့ နေရာမှာ ရိုးရိုးသူ့သဘာဝနဲ့သူ၊ သူ့ရောဂါနဲ့သူ သေတာမျိုးရှိသလို ပတ်ဝန်းကျင်ပယောဂနဲ့ သွေးရိုးသားရိုးသေဆုံးတာ မဟုတ်တာမျိုးလည်း ရှိလို့ ပြောနေတာ'

'အယ်… ဟုတ်လား'

'ဘာ… ခုမှ ဟုတ်လားလဲ၊ ဒီမသာကောင်ကို ဘယ်သူဘယ်ဝါမှ ထိတွေ့တာတို့ ပြောင်းရွှေ့တာတို့ မလုပ်ကြနဲ့ဦး၊ ကျုပ် အုပ်ချုပ်နေတဲ့ကာလမှာ ဒီလိုမျိုး တစ်ခါဖူးမှမကြုံခဲ့တာကြောင့် ဒီကိစ္စကိုယ့်သဘောနဲ့ ကိုယ်မလုပ်မိကြဖို့ အရေးကြီးတယ်၊ ဒါ ကျုပ်ရေလာသိရှိထားသမျှဆိုရင် ရဲအရေးပိုင်တဲ့ သေမှုသေခင်းပဲ'

'ဒီတော့ ကျုပ်တို့ ဘာလုပ်ရမှာလဲ သူကြီး'

'ပြောမယ်လေ… ပြောမယ်၊ ဒီနေရာမှာ ငါသာမဟုတ်ရင် မင်းတို့ လုပ်ချင်ရာလုပ်ကြတာနဲ့ တစ်ခါတည်းအမှုပတ်ပြီး ဂါတ်ထဲရောက်မှာ ကျိန်းသေပဲ'

'အွန်'

သူကြီးဦးကံဖေ၏ စကားကြောင့် ရွာသားတချို့ တွန့်ဆုတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အခု… ငါလို စာတတ်ပေတတ်၊ ဗဟုသုတများမြောင်တဲ့ သူကြီးရှိနေပြီဆိုတော့ မင်းတို့ ဘာမှ ပူစရာမလိုတော့ဘူး၊ ကိုင်း… ဦးခင်းကိုထွား'

'ဗျား… ဗျ'

'ရွာသားတစ်ယောက်ကိုခေါ်ပြီး မြို့ကဂါတ်ကို သွားအကြောင်းကြားပါ၊ ဒီကိစ္စဟာ သူတို့နဲ့ရှင်းမှ ပြတ်မယ်'

ကိုထွားကြီး လည်း သူကြီး၏ တာဝန်ပေးချက်အတိုင်း ဆင်ပေါက်ဆိုသော ရွာသားတစ်ဦးကိုခေါ်ကာ မြို့ပေါ်ရဲစခန်းရှိရာသို့ ထွက်သွားလေတော့၏။

ညနေစောင်းလောက်မှာတော့ ကိုထွားကြီးတို့နှင့်အတူ ရာဇဝတ်အုပ်သည် ရဲတပ်သားနှစ်ဦးခြံရံလျက် အခင်းဖြစ်ရာနေရာကို ရောက်ရှိလာခဲ့ချေ၏။

'ဒီမှာသူကြီး…

ကျုပ်တို့မှာလည်း နားရက်မရှိ၊ နှစ်ဆယ့်လေးနာရီပတ်လုံး ဂျူတီအစ်(စ)ဂျူတီဆိုတော့ လုပ်ရတဲ့အလုပ်တွေဆိုတာ များမှများပဲဗျာ၊ ဒီသေမှုသေခင်းကိစ္စကိုလည်း စုံစမ်းစစ်ဆေးရဦးမယ်၊ မြို့နယ်ဆရာဝန်ကြီးကလည်း ရန်ကုန်ကိုသွားပြီး သင်တန်းတက်နေတာ ပြန်ရောက်မလာနိုင်သေးဘူး၊ ဒီတော့ သေတဲ့လူနဲ့ပတ်သက်တဲ့ အကြောင်းအရာ ဘယ်လိုဖြစ်ပြီး သေရတယ်ဆိုတာ ပြောပြစမ်းဗျာ'

ရွာသူရွာသားအပေါင်းမှာလည်း အုပ်မင်းကို လက်ဝါးနှင့်ပိတ်၍ တို့ရွာသူကြီး ဘာများပြောလိုက်လေမလဲဟု စိတ်ဝင်တစားနှင့်နားစွင့်နေကြလေသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ထစ်ချ ဝေဖန်သုံးသပ်ပြောဆိုဖို့ရာ တော်တော်လည်းခက်ပါတယ် ရာဇဝတ်အုပ်မင်းရယ်၊ ဖြစ်ပြီးမှလည်း



သိရတယ်၊ သိတဲ့အချိန်ကလည်း ခုလိုမျိုး အုပ်မင်းနဲ့တွေ့ တထောင်းထောင်းဆိုတော့ သေချာဆနပြောဆိုဖို့ရာ သိပ်မလွယ်တဲ့ကိစ္စပါ။

ကျွန်တော်စပ်စပ်စုစုနဲ့ လေ့လာစုံစမ်းသိရှိရတာကတော့ သေဆုံးသူ ညွန့်တင်ဆိုတဲ့ကောင်ဟာ မိမရှိဘမရှိ၊ တစ်ကောင်ကြွက်ခြေသလုံးအိမ်တိုင်ထူတဲ့ သူပါ၊ နေစရာတောင်မှ သာလာယံဇရပ်ရှိပေလို့၊ ဒီကောင်က ကြွက်ခိုး၊ ဘဲခိုးသာမက တစ်ခုလပ်တို့ မုဆိုးမတို့ အိမ်ကို ပုန်းလျှိုးကွယ်လျှိုးတက်တတ်တဲ့ အကျင့်ရှိတယ် ရာဇဝတ်အုပ်မင်းရဲ့…

ငွေစကလေး လက်ထဲမရှိလိုက်နဲ့၊ ရှိလိုက်တာနဲ့ ဖဲဝိုင်းတကာအနံ့ခံတော့တာပဲ၊ တလောလေးကတောင် ငပိငခြောက်ရောင်းတဲ့ ဒေါ်ခင်နှင်းဆိုတဲ့ အဘွားကြီးအိမ်က ထဘီကိုရုပ်လို့ ထိပ်တုံးတစ်ရက်အခတ်ခံခဲ့ရသေးတယ်'

'အင်း'

ရာဇဝတ်အုပ်မင်းက ဆေးတံကိုဟန်ပါပါခဲရင်း မျက်လုံးကလေးမှေးစင်းကာ နားဆင်နေလေသည်။ လေယူလေသိမ်း၊ အဖြတ်အတောက်၊ ဂရုလဟု မှန်စွာဖြင့် တင်ပြနိုင်သည်မို့ သူကြီးဦးကံဖေခမျာ ၄င်းကို၄င်း အကျေနပ်ကြီး ကျေနပ်လျက်ရှိချေ၏။ အပါးတွင် ရှိကြသော ရွာသူရွာသားအပေါင်းမှာလည်း ၄င်းတို့၏ ရွာသူကြီးအပေါ် အထင်ကြီးတစ်ခွဲသား။

'ပြောရရင် ခြေဆော့လက်ဆော့ အနည်းငယ်ရှိတာရယ်၊ ဖဲဝါသနာကြီးတာရယ်ကလွဲလို့ သူ့အပေါ် ရန်ငြိုးရန်စလုပ်မယ့်သူကိုလည်း မမြင်ပါဘူး၊ ခုဟာက… ရာသီဥတုကလည်း နည်းနည်းအေးတယ်၊ အကာအရံမဲ့တဲ့ ဇရပ်မှာအိပ်ရတယ်၊ ပြုစုမယ့်သူလည်း ကင်းနေတယ်ဆိုတော့ လေဖြတ်ပြီး သူ့ဘာသာသူ ကိစ္စချောတယ်လို့ပဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘက်က ကောက်ချက်ချလို့ရပါတယ်၊ မမှာတာနဲ့သန့်ကျင်မှုရှိမရှိ၊ သွေးရိုးသားရိုး ဟုတ်မဟုတ်ဆိုတာကတော့ ရာဇဝတ်အုပ်မင်းတို့ကပဲ စစ်ဆေးသိရှိနိုင်မှာပါ'

ထိုအခိုက်မှာပင် ရဲသားနှစ်ယောက် အမောတကောဖြင့် ရောက်လာသည်။ ၄င်းတို့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု အရေးကြီး နေသလိုပင်။ ဤတွင် ရာဇဝတ်အုပ်မင်းက…

'ဟေ့ကောင်တွေ… ဘာကိစ္စလိုက်လာခဲ့ကြတာလဲ'

'အရေးပိုင်ကြီးက ဆရာ့ကိုတွေ့ချင်လို့ အမြန်ဆုံးလိုက်ခေါ် ခိုင်းတာမို့ပါ ဆရာ'

'ဟာကွာ… ဘယ်လိုဖြစ်ရတာတဲ့လဲ၊ ဖုတ်ပူမီးတိုက်ကြီး၊ ဒီမှာလည်း သေမှုသေခင်းကိစ္စက ပြတ်သေးတာမဟုတ်ဘူး'

သို့ကလို ပြောဆိုညည်းတွားရင်း ပြောင်နေသောထိပ်ကို တဖျင်းဖျင်းမြည်အောင် ကုပ်လိုက်လေ၏။

'အရေးပိုင်ကြီးက ဘာကိစ္စရယ်လို့တော့ ကျွန်တော်တို့ကို ပြောမပြဘူး ဆရာ၊ သိပ်အရေးကြီးတယ်၊ မဖြစ်မနေ အမြန်ဆုံးရအောင်ခေါ်ခဲ့ရမယ်လို့ အမိန့်ပေးလိုက်လို့ ကျွန်တော်တို့လည်း လမ်းခရီးမှာနားတောင်မနားပဲ အပြေးလာခဲ့ကြတာ ဆရာ'

'အင်း… ရာဇဝတ်အုပ်ဖြစ်ရတဲ့ ဒုက္ခကလည်း မသေးပါပဲလား ဟရို့၊ ဒါထက် မင်းတို့ ဒီကို ဘာနဲ့လာခဲ့ကြတာလဲ'

'စက်လှေငှါးပြီး လာခဲ့ကြတာ ဆရာ'

ဤသို့ ရာဇဝတ်အုပ်လည်း သူကြီးဦးကံဖေဘက်သို့ မျက်နှာလှည့်လိုက်၏။

'ကိုင်း… ကြားတယ်မဟုတ်လား သူကြီး၊ ကျုပ်ကို အရေးပိုင်ကြီးက အရေးတကြီးကိစ္စရှိတယ်ဆိုပြီး ခေါ်နေပြီ၊ ဒီမှာကလည်း



ကိစ္စပြတ်သေးတာ မဟုတ်ဘူး၊ ကျုပ်ရဲ့ ရာဇဝတ်မှု အတတ်ပညာနဲ့ လှေလာဆုံးဖြတ်ရရင် ဒီဖဲသမားညွန့်တင်သေတာ သွေးရိုးသားရိုးလို့ ဆိုရမှာပဲ၊ ဒီတော့ သူကြီးအနေနဲ့ စောစောက ကျုပ်ကို တင်ပြလိုက်သလိုမျိုး သူကြီးကိုယ်တိုင် အစီရင်ခံစာရေးပြီး ကျုပ်ရှိတဲ့ ရဲဌာနကိုအမြန်ဆုံးပို့လိုက်ပါ၊ သူကြီးရဲ့ လုပ်ဆောင်မှုတွေ ကောင်းရင်ကောင်းသလို ဒါဘာပွဲမှာ ဂုဏ်ပြုခံရဖို့အတွက် ကျုပ်ထောက်ခံသင့်ရင် ထောက်ခံပေးပါ့မယ်'

သည်စကားကြားလိုက်ရတော့ သူကြီးဦးကံဖေ၏ မျက်နှာ တပြင်လုံး ဝင်းလက်သွားလေတော့သည်။

'ကောင်းပါပြီ ရာဇဝတ်အုပ်မင်း၊ ကျွန်တော်မျိုးကြီး ပြည့်ပြည့်စုံစုံ၊ တိတိကျကျ လှေလာစူးစမ်းပြီး အမြန်ဆုံး အစီရင်ခံစာတင်ပါ့မယ်၊ ဒါထက် ဒီအသုဘအလောင်းကို သင်္ဂြိုလ်လို့ရပြီလား'

'အို… မသင်္ဂြိုလ်လို့ရမှာတဲ့လား၊ အခုတောင် အပုပ်နံ့တွေကအော်ဂလီဆန်ချင်စရာ ကောင်းနေပြီ၊ တော်ကြာ ကျန်းမာရေးထိခိုက်လိမ့်မယ်၊ ဒီတော့ တွင်းနက်နက်တူးလို့ ဖျာလိပ်ပတ်ပြီးသာ မြေမြှုပ်ပစ်လိုက်ပေတော့ ဟုတ်ပလား'

'ဟုတ်ပါပြီ ရာဇဝတ်အုပ်မင်း'

ရာဇဝတ်အုပ်မင်းလည်း နောက်တော်ပါ ရဲနှစ်ဦးနှင့်အတူ လာရောက်ခေါ်ဆောင်သူတို့ နောက်သို့ ကားလျားကားလျားဖြင့် လိုက်ပါသွားလေ၏။

ဤသို့ ကျန်ရစ်ကုန်သော ရွာသူရွာသားတချို့မှာ သူကြီးဦးကံဖေ၏ ဦးဆောင်ညွှန်ကြားမှုအောက်၌ အလောင်းမြေမြှုပ်ရန် သွက်လက်စွာလုပ်ဆောင်နေကြလေတကား။

■

www.burmeseclassic.com

www.burmeseclassic.com

ငါကတော့...

မင်းလို မထင်ဘူး။

ရာဇဝတ်အုပ်မင်း ရေးပေးမယ့်

ချီးကျူးစာကို စောင့်နေတာလို့ထင်တယ်။

ရာဇဝတ်အုပ်မင်း ချီးကျူးမယ်ဆိုရင်လည်း

ချီးကျူးရောပါကွာ။

ငါ့အကြောင်းလည်း

မင်းသိတယ် မဟုတ်လား...

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်ပြန်သွားသည့် နောက်မှာတော့ သူကြီးဦးကံဖေ အဖို့ ငါနှင့်ငါသာ၊ နိုင်းစရာ ဖြစ်နေသည်။ စာကြည့်မျက်မှန်တပ်ကာ ခေါင်းအုံးကိုခုရင်း မှောက်လျက်သားဖြင့် အစီရင်ခံစာကြီးကို ခရေစေ့ တွင်းကျ ရေးနေလေသည်။

သည်အစီရင်ခံစာပေါ်၌ မည်ရွေ့မည်မျှ မျောနစ်နေလေသည် မသိ။ သူကြီးကတော် ဒေါ်ခင်ဆုံက ထမင်းစားခေါ်သည်ကိုပင် ထမ စားအား။

'ဟော့… ထမင်းပဲကွာ၊ မွေးကတည်းက နေ့တိုင်းစားနေရတာ ပျင်းစရာတောင် ကောင်းနေပြီ၊ အခု ငါ ရှာန်ဝင်ပြီး တိကျသေချာ ရေးနေတဲ့ အစီရင်ခံစာကို ရာဇဝတ်အုပ်မင်းတို့ အရေးပိုင်မင်းတ ပုလိပ်မင်းကြီးတို့သာ ဖတ်လိုက်ရရင် တယ်လည်းစေ့စပ်သေချာလှတ သူကြီးပါလား၊ အကြောင်းနဲ့အကျိုး၊ အကျိုးနဲ့အကြောင်းကို ယထာ ဘူတကျကျ သုံးသပ်တင်ပြနိုင်တဲ့ သူကြီးပါကလားဆိုပြီး ချီးမွမ်းခန်း ဖွင့်ကြမှာ သေချာတယ်ခင်ဆုံရဲ့'

'ကောင်းပါလေ့ရှင်ရယ်… ကောင်းပါ့လေ့'

'ကောင်းမှာပေါ့ကွ… ငါတို့က မျိုးနဲ့ရိုးနဲ့ပဲဥစ္စာ၊ ဇာတိ လုံ့ခွေကံဖေတို့ အမျိုးပဲဟာ၊ ဒါတင် ဘယ်ဟုဦးမှာလဲကွ၊ ရာဇဝတ်အု မင်းက ငါ့အရည်အချင်းကိုသိပြီး လုပ်ဆောင်မှုတွေကောင်း

www.burmeseclassic.com



အကြောင်း၊ ပေးအပ်တဲ့တာဝန်ကို စွမ်းစွမ်းတမံ ကျေပွန်အောင်လုပ်ဆောင်သူ ဖြစ်တဲ့အကြောင်း၊ ငါ့ကိုထောက်ခံပြီး အထက်ကို တင်ပြပေးမယ်ဆိုရင် ဒါဘာပွဲရောက်တဲ့အခါ နာမည်ကောင်းလက်မှတ်တင်မကဘူး၊ နှစ်လုံးပြူးသေနတ်တောင်မှ ဆုချခံရမှာ ခင်ဆုံရဲ့၊ အဲဒါကြောင့်ဟောဒီ အစီရင်ခံစာကို ဖတ်ကြည့်မိသူတွေ ရှင်းရှင်းလင်းလင်းရှိစေဖို့ လက်ရေးလက်သားကောင်းကောင်းနဲ့ စုံစုံစေ့စေ့ ရေးသားထားတာကွ၊ ငါသာ သူကြီးမလုပ်ပဲ လယ်တီပဏ္ဍိတဦးမောင်ကြီးတို့လို၊ ပီမိုးနင်းတို့လို၊ ရွှေဥဒေါင်းတို့၊ မြမျိုးလွင်တို့လို ဝတ္ထုတွေရေးထုတ်မယ်ဆိုရင် မန်ကျည်းတော ကံဖေ ဆိုပြီး မြန်မာစာပေသမိုင်းမှာ တွင်ကျန်ရစ်မှာ သေချာသဟေ့'

သူကြီးဦးကံဖေကား သူ့အပေါ်သူ အမွှမ်းတင်ရသည်ကိုပင် အားမလိုအားမရ ဖြစ်နေသည်။ အတန်ကြာတော့ သူ ကျားကုပ်ကျားခဲ ကြိုးစားပမ်းစား ရေးသားလျက်ရှိသော အစီရင်ခံစာကြီးသည် ဆုံးခန်းတိုင်ပြီးမြောက်အောင်မြင်ခဲ့လေ၏။

'ခင်ဆုံရေ… ဦးဇင်းကိုထွားနဲ့ဆင်ပေါက်တို့ကို သွားခေါ်ပါကွယ်၊ ဒီအစီရင်ခံစာကို သွားပို့ခိုင်းရအောင်၊ သင်းတို့ နှစ်ယောက်ကဖင်ပေါ့တယ်၊ ခိုင်းလို့ပြုလို့ အင်မတန်ကောင်းတယ်၊ လာမယ့်နှစ်ကျရင်တော့ ရာအိမ်မှူးနဲ့ဆယ်အိမ်မှူးရာထူးလေးတော့ ငါ့အခွင့်ငါ့အာဏာနဲ့ စောင်မကြည့်ရှုမှ ကောင်းလိမ့်မယ်ထင်ရဲ့၊ ကိုင်း… သွားခေါ်ချေကွာ'

'ကျုပ် သွားခေါ်တုန်း ထမင်းစားမယ်ဆိုရင် စားပွဲပေါ်မှာ အဆင်အသင့်အုပ်ဆောင်းနဲ့ အုပ်ထားတယ်နော် ကိုကံဖေ'

'အေးပါကွာ၊ အစီရင်ခံစာရေးပြီးမှပဲ စိတ်ထဲလွတ်လပ်ပေါ့ပါးသွားတော့တယ်၊ အင်း… ဗိုက်ကလည်း ဆာရမှန်းသိလာသဟေ့'

သူကြီးကတော်ဒေါ်ခင်ဆုံ အိမ်ပေါ်မှဆင်းသွားချိန်မှာတော့





သူကြီးဦးကံဖေလည်း ကိုယ်လက်သြောင်းညာမှုကိုဆန့်လျက် ထမင်းစားရန် မီးဖိုချောင်အတွင်းသို့ ဝင်သွားပါလေတော့၏။

ဦးဇင်းကိုထွားနှင့်ဆင်ပေါက်တို့လည်း သူကြီးဦးကံဖေ မှာကြားသမျှကို အင်း၊ ဟုတ်ကဲ့၊ အာမဘန္တေခံလျက် ကမ်းလာသော အစီရင်ခံစာအိတ်ကြီးကိုယူကာ ရဲဌာနရှိရာသို့ ထွက်သွားကြလေသည်။ သွားနေစဉ်မှာပင် နောက်ကအော်ဖြစ်အောင် အော်လိုက်ပါသေး၏။

'အဲသည် အစီရင်ခံစာက သိပ်အရေးကြီးတယ်နော်၊ ဂါတ်စာရေးကြီးရဲ့လက်ထဲကို သေသေချာချာပြောပြီးပေးချေ၊ သူဝင်စာလက်ခံပြီးရင် ရာဇဝတ်အုပ်မင်းလက်ထဲရောက်လိမ့်မယ်။

အဲသည်ကျရင် ရာဇဝတ်အုပ်မင်း ပြန်ပေးတာရှိရင်ယူခဲ့လိုက်၊ သူ ငါ့ကို သဘောကျပြီး ချီးမွမ်းစာရေးလိုက်မှာ အသေအချာပဲ'

'စိတ်ချဗျို့… စိတ်ချ'

သည်သို့မှ မဖြတ်လျှင်ဖြင့် ကိစ္စက ပြတ်လိမ့်မည်မဟုတ်။

အဲသည်နေ့က မိုးသာစုတ်စုတ်ချုပ်သွားသည်။ ဦးဇင်းကိုထွားနှင့်ဆင်ပေါက်တို့ ပြန်ရောက်မလာခဲ့။

'ခင်များများ မော်တော်မမီလို့ ဖြစ်လိမ့်မယ်ထင်တယ်'

သူကြီးကတော်က ငှင်းထင်ရာတွေး၍ ပြောလိုက်၏။

'ငါကတော့ မင်းလိုမထင်ဘူး၊ ရာဇဝတ်အုပ်မင်းရေးပေးမယ့် ချီးကျူးစာကို စောင့်နေတာလို့ထင်တယ်၊ ရာဇဝတ်အုပ်မင်း ချီးကျူးမယ်ဆိုရင်လည်း ချီးကျူးစရာပါကွာ၊ ငါ့အကြောင်းလည်း မင်းသိတယ်မဟုတ်လား'

'သိပါ့တော်… သိပါ… သိပါ… ဒါကြောင့်လည်း တင်ကြီးလို့ရင်တုန် ခင်ဆုံတို့အမျိုးနဲ့လာပြီး ပတ်သက်တာပေါ့'

နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်လောက်မှာမှ ဦးဇင်းကိုထွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေါက်တို့ ပြန်ရောက်လာကြသည်။ သည်တော့လည်း မျှော်လင့်တုန်း ကြော့ဆုံးလာသည့်ကိန်းမို့ သူကြီးဦးကံဖေမှာ ဝမ်းသာအားရ ဆီးကြိုခဲ့သည်။ ခရီးရောက်မဆိုက်ဆိုသလိုပင်…

'ရဲဌာနဟာ ဘာပြောလိုက်သတုံး၊ ရာဇဝတ်အုပ်နဲ့ကော တွေ့ခဲ့ရဲ့လား၊ သူတို့ ဘာတွေမှာလိုက်သလဲ'

ဟူ၍ ကမန်းကတန်း ရေပက်မဝင်မေးနေ၍ ဦးဖင်းကိုထွားက လက်ကာပြလိုက်ရလေ၏။

'ဒကာသူကြီးနှယ်ဗျာ၊ ကျုပ်တို့ ဘယ်ကိုမှ ထွက်မပြေးပါဘူးဗျ၊ ခရီးရောက်မဆိုက် ရေကလေးတစ်ခွက်စီတော့ အမောပြေအရင် သောက်ပါရစေဦး'

'ဟာ… ဟုတ်တာပ၊ သောက်ပါဗျာ… သောက်ပါ… ခင်ဆုံရေ သောက်ရေခပ်ခဲ့ပါဟေ့'

ဦးဖင်းကိုထွားနှင့်ဆင်ပေါက်လည်း ရေသောက်ပြီး အမောအပန်းဖြေလိုက်ကြသည်။ ထို့နောက် ဦးဖင်းကိုထွားမှ ဆင်ပေါက်အား မေးဆတ်ပြလေရာ ဆင်ပေါက်လည်း ၎င်း၏ လွယ်အိတ်အတွင်းသို့ လက်နှိုက်လိုက်၏။ ပြီးလေသော် လွယ်အိတ်အတွင်းမှ စာအိတ်တစ်အိတ်ကိုထုတ်ကာ သူကြီးဦးကံဖေ လက်ထဲထည့်လိုက်လေသည်။

'ဟ… စာအိတ်ပါလား၊ဟင်… ပိတ်မထားဘူးဗျ၊ မှန်း… အထဲမှာ ဘာတွေများရေးထားပါလိမ့်၊ ဒါထက် မင်းတို့ တို့ဆီလာသွားတဲ့ ရာဇဝတ်အုပ်နဲ့ တွေ့ခဲ့ရဲ့နော်'

'တွေ့ခဲ့ပါတယ်ဗျ၊ တွေ့လို့လည်း အဲဒီ ရာဇဝတ်အုပ်ကပဲ သူကြီးကို ဒီစာအိတ်ပေးလိုက်တာ'

'အေဟိ… ဒါဆိုရင်… ငါထင်တဲ့အတိုင်းပဲ… ငါထင်တဲ့အတိုင်းပဲ၊ ဟေ့… ခင်ဆုံ ငါ့ကို စာကြည့်မျက်မှန်ယူပေးပါဟေ့'





မကြာခင် စာကြည့်မျက်မှန် ရောက်လာသည့်အတွက် ကောက်တပ်ကာ ပွင့်နေသော စာအိတ်အတွင်းမှ စာခေါက်ကြီးကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ အသေအချာဖြန့်လိုက်သည်။

'တန်တော့… ဒီသေမှုသေခင်းကိစ္စကို ငါကိုယ်တိုင် စေ့စေ့စပ်စပ်သေသေချာချာ လေ့လာစူးစမ်းလို့ သပ်သပ်ရပ်ရပ် ငါ့လက်ရေးနဲ့ရေးပြီး အစီရင်ခံလိုက်တာကို သဘောကျသွားပုံရတယ်၊ ဒါကြောင့် ချီးကျူးစာ ရေးလိုက်တာနေမှာကွ'

ဆင်ပေါက်တို့နှစ်ဦးသား ဘာမျှအဖြေစကား မဆိုကြ။ သူကြီး၏အပြုအမူကိုသာ ငေးကြည့်နေလေသည်။

သူကြီးသည် ဖြန့်ထားသောစာရွက်အား မျက်မှန်ထဲမှနေ၍ မျက်လုံးများပြူးပြဲလျက် ဖတ်ဖို့ကြိုးစား၏။ အဆင်ပြေပုံမရ။ သည့်အတွက် မျက်မှန်ကိုချွတ်ကာ မှန်သားနှစ်ဖက်လုံးအား ပုဆိုးခါးပုံစဖြင့် ပွတ်ပြီးပြန်တပ်၏။ ဖတ်ဖို့ကြိုးစား၏။ မျက်လုံးတွေသာ ပို၍ပို၍ ပြူးသွားသည်။ အဆင်ကား မပြေပြန်။ သည့်အတွက် အနီးကပ်မဖတ်ပဲ ခပ်ခွာခွာထား၍ ဖတ်ကြည့်ဖို့ ကြိုးစားပြန်၏။ ဒါလည်း အလုပ်မဖြစ်သေး။ အနေအထား အမျိုးမျိုးဖြင့် ဖတ်ဖို့ကြိုးစားသမျှ ဘာမျှအရာမထင်လေသောကြောင့် ဦးခေါင်းကို တဗျင်းဗျင်းကုတ်ကာ…

'တောက်… ဘယ်သေချင်းဆိုးကများ ဒီစာကိုဖတ်မရလောက်အောင် ရေးလိုက်သလဲကွာ၊ ဒီလောက် စုတ်ပဲ့တဲ့ လက်ရေးလက်သားမျိုးကို ငါ့တစ်သက်မှာ မမြင်ဖူးဘူး၊ ပြောစမ်း… ဒီစာကို ဘယ်သေချင်းဆိုး ရေးလိုက်သလဲဆိုတာ'

သည်အမေးကို ဆင်ပေါက်ပြန်ဖြေပါသည်။

'အဲသည်စာဟာ ဘယ်သေချင်းဆိုးကမှ ရေးထားတာမဟုတ်ဘဲ ဘူး သူကြီး၊ အဲဒါ သူကြီးကိုယ်တိုင်ရေးလိုက်တဲ့ အစီရင်ခံစာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ်မင်းတို့၊ အရေးပိုင်မင်းတို့က သူကြီးရဲ့ စာအိတ်ကိုဖွင့်ပြီး ဖတ်ကြည့်တာ၊ ဘယ်လိုမှဖတ်လို့မရဘူးဆိုပြီး ပြန်ပေးလိုက်တာပဲ သူကြီး'

သည်စကားကြားလိုက်ရသည့်ခဏ မားကျိုးလို့လှုံ့ခွေသည့် သူကြီးကံဖေခမျာ ခွေးအကြီးလည်ပင်း လှည်းနှင်းခံလိုက်ရသည့်ပမာ ထုတိမင်္ဂလာနှင့်ကွာရှင်းပြတ်စဲ သွားပါလေကုန်သတည်း။

■

ထုံးစံအတိုင်းကတော့
အခေါင်းကို ကြိုးနဲ့သိုင်း
ဝါးလုံး လျှိုပြီး
လူနဲ့ထမ်းချတာပဲပေါ့။
ဒါပေမဲ့... သမီးတို့က
ဒီမန်ကျည်းတောရွာမှာ
ပြိုင်ဘက်မရှိ ရွာမျက်နှာဖုံးတွေဆိုတော့
အမေ့အသုဘကို
သာမာန်လူတွေနဲ့ချတာမျိုးတော့
မဖြစ်စေချင်ဘူး...

www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံကြုံကွဲ ဖြစ်မြဲမမှုတာဆိုသည့်စကားကို ကြားဖူးလိမ့်မည်ထင်သည်။ ဖြစ်ပြန်၊ ပျက်ပြန် လောကမံအညီဟူ၍လည်း ရှိသေးသည်။ ရှာဦးကျောင်းဆရာတော်၏ စကားအရဆိုလျှင်···

'ဘယ်အရာမဆို ဖြစ်လာပြီဆိုရင် မပျက်ပဲကို မနေနိုင်ဘူး၊ ဖြစ်လာရင် ပျက်ရမှာပဲ၊ ခု··· ဒကာတို့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ရလာတယ်၊ သာမာန်ကြည့်ရင်တော့ လှသလိုလို၊ ခံ့ညားသလိုလို၊ တင့်တယ်သလိုလိုမျိုး ထင်ရတယ်၊ အမှန်မတော့ ဒီလိုဖြစ်နေတာမျိုးဟာ ကိုယ့်စိတ်ကိုကိုယ် လှည့်စားနေတာပဲ၊ ဒကာတို့ ဘုန်းကြီးတို့ရဲ့ ရုပ်ခန္ဓာကြီးဟာ အခါမလပ်ဆိုသလို ယိုယွင်းနေတယ်၊ ဖောက်ပြန်ပျက်စီးနေတယ်၊ နောက်ဆုံး ဘဝချုပ်ငြိမ်းသွားမှသာ ရုပ်တန့်သွားလိမ့်မယ်။

သည်တော့ သေခြင်းတရားကို မမေ့မလျော့ကြနဲ့၊ ရှင်သန်လာပြီဆိုကတည်းက သေဆုံးခြင်းဆိုတာ ဖဝါးခြေထပ် ကပ်ပါလာကြတယ်၊ ဘဝတစ်ခုမှာ အသေချာဆုံးတစ်ခုပဲရှိတယ်၊ အဲဒါကတော့ သေဆုံးခြင်းပဲ၊ အဲဒီမှာလည်း ဒကာတို့ ဘုန်းကြီးတို့ဆိုတာ ဘုရားရှာန္တာတွေ မဟုတ်ကြလေတော့ ကိုယ်ဘယ်နေ့ဘယ်ရက်မှာ သေရလဲဆိုတာ ဘယ်လိုနည်းနဲ့မှ ကြိုတင်လို့ မသိနိုင်ဘူး။ ဟော်လေးကြာ



www.burmeseclassic.com

www.burmeseclassic.com



သေချင်သေမယ်၊ နောက်တစ်နေ့ သေချင်သေမယ်၊ နောက်တစ်လ၊ နောက်တစ်နှစ် စသဖြင့်ပေါ့လေ၊ ဘယ်လိုမှ ကံသေကံမ မပြောနိုင်ဘူး၊ သေတာတော့ သေကြမှာပဲ။

ဒါကြောင့်လည်းပဲ ဘုန်းကြီးတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'လုပရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ၏' 'ဝိဉာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏' စသဖြင့် သတိပေးခဲ့တာပဲ။ အချိန်အခါကာလမရွေး မမေ့မလျော့ မပေါ့မဆရှိနေကြဖို့ 'အပ္ပမာဒေထ၊ သမ္မာဒေထ' ဆိုပြီး သတိပေးခဲ့တယ် မဟုတ်လား။

တစ်ဦးနဲ့တစ်ဦး ဘယ်လောက်ပဲ စုံမက်မြတ်နိုးပြီး ပေါင်းသင်းနေထိုင်ကြတယ်ဆိုဆို နောက်ဆုံးမတော့လည်း 'ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏' လို့ နိုးဆော်သတိပေးခဲ့တာပဲ မဟုတ်လား'

သည်လိုမျိုး တရားပွဲတိုင်း၌ ဆိုဆုံးမလေ့ရှိပြီး သံဝေဂရစရာ ဖြစ်ပျက်ခြင်းတရားကို မျက်မှောက်ပြုစရာ ပရိဓာလသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိခဲ့၏။ ဒါသည်ပင် မန်းကျည်းတောရွာကလေး၏ သဘာဝဖြစ်သည်လေ။

သည်သို့ သဘာဝကိုအခြေခံထားသော မန်းကျည်းတောရွာကလေး၌ မျှော်လင့်မထားသော နေ့ရက်တစ်ရက်ဝယ် သူကြီးကတော်ဒေါ်ခင်ဆုံတစ်ယောက် သွေးဆုံးကိုင်၍ ခေါက်ကနဲ တိမ်းပါးသွားခဲ့သည်။ တရှောင်ရှောင်ဖြစ်နေစဉ်ကာလ ဗိန္ဒောဆရာဦးအောင်ကြီးက ကုသပါသေး၏။ သို့ရာတွင် သူကြီးကတော်၏ အာယုသက်တမ်းကား သည်ရွေ့သည်မျှလောက်သာ ရှိလေဟန်ထင့်။ ဩော်… သေခြင်းကို ငွေခင်း၍ တားလို့မှမရပေပဲ။





ယေလင်ယေမယားဖြစ်သည်မို့ ခုလိုမျိုး ကိုယ့်ရှေ့မှာတင် ပိုးစိုးပက်စက် ဖြစ်သွားလေသောအခါ သူကြီးဦးကံဖေအဖို့ သောကမီးတွေ ပတ်လည်ဝိုင်းနေရှာတော့သည်။

'ခင်ဆုံရေ… အေ… ခင်ဆုံရဲ့… ငါ့ကို တစ်ယောက်တည်း ခွဲထားခဲ့ပြီလားနော်၊ ငါလေ မင်းမရှိရင် မနေတတ်ဘူးဟဲ့… အီးဟီး… မနေတတ်တော့ဘူး'

ရင်တွင်းခံစားချက်ကို မချိတင်ကဲ ဖွင့်ဟလေတော့ အပါးတွင် ရှိကြကုန်သော သားသမီးမြေးတစ်စုနှင့် ဆွေမျိုးအသိုင်းအဝိုင်းမှ ၄င်းတို့အပူကိုအသာထားပြီး သူကြီးဦးကံဖေ၏ သောကအပူကို ပြေလည်ရာ ပြေလည်ကြောင်းအတွက် ဝိုင်းဝန်းတရားချကြရတော့သည်။

'အဖေရယ်… အမေမရှိတော့ပေမဲ့ ဟောဒီမှာ အဖေရဲ့သားတွေ သမီးတွေ မြေးတွေ ရှိပါတယ်၊ အဖေ့ကို ကောင်းကောင်းမွန်မွန် အိမ်ဦးခန်းမှာ ထားမှာပေါ့'

'ဟုတ်ပါတယ် အဖေရယ်၊ အမေလည်း အဖေနဲ့သမီးတွေ သားတွေကို ဘယ်ခွဲသွားချင်မှာတဲ့လဲ၊ အမေ့သက်တမ်းက ဒီရွေ့ဒီမျှ လောက်ပဲ နေရမယ့်ကံပါလာလို့ပဲလို့ သဘောပေါက်ပါတော့နော်'

'ဟုတ်ပါတယ် ဘကြီးရယ်၊ တရားနဲ့ဖြေပါ… တရားနဲ့ဖြေပါ'

'ဟော့… မင်းတို့ ဘယ်လိုပဲ ဖြေခိုင်းဖြေခိုင်း ဘယ်လို… ဖြေလို့ပြေမှာ မဟုတ်ဘူး၊ ခင်ဆုံရေ… အေ… ခင်ဆုံရဲ့။ မင်းမရှိ… မင်းလောက် ကိုယ့်အပေါ်ကောင်းတာ ဘယ်သူမှ ရှိနိုင်တော့မှာ မဟုတ်ဘူး။ အောင်မလေး… လေး… ဟီး… ရွတ်'

ဘယ်လိုပင် နှစ်သိမ့် နှစ်သိမ့် သူကြီးဦးကံဖေမှာ တ… လက်လွတ် ငှက်တောင်ကျွတ်နေသည့်အသွင်။ အချို့က 'ဒီပုံအတိုင်း…

www.burmeseclassic.com



တော့ ဖြစ်မှာမဟုတ်ဘူး၊ ရွာကျောင်းဆရာတော် တရားချမှပဲ တရားကျလိမ့်မယ်'ဟု ဆိုကြ၏။ အချို့ကလည်း'မိန်းမသေလို့ ငိုတဲ့ ယောက်ျားများ သိပ်အထင်မကြီးနဲ့ တစ်လလောက်နေရင် နောက်မိန်းမတန်းယူမှာ သေချာတယ်'ဟု ကောက်ချက်ချကြ၏။ မည်သို့ပင်ဖြစ်စေ သည်လိုမျိုး သူကြီးကတော် တိမ်းပါးသွားသည့်အတွက် စိတ်လက်မကောင်းကြ။

သည်သတင်းက တခဏချင်းဆိုသလို တောမီးပမာ ပျံ့နှံ့သွားတော့သည်။ သည်လိုဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာလည်းဖြစ် ရပ်ခွေရပ်မျိုးကလည်းမကင်း။ ပြီး ကိုယ့်ရပ်ကိုယ့်ရွာကို အုပ်ချုပ်သည့် အာဏာရသူကြီးနှင့်အဓိကပတ်သက်နေသောကြောင့် မန်ကျည်းတောရွာသူရွာသားအပေါင်းမှာ တက်ညီလက်ညီ ဝိုင်းကူဖို့အရေးအတွက် ရောက်ရှိလာကြသည်။

ကာယကံရှင်သူကြီးမှာတော့ ယူကြုံးမရ အပူလုံးကြွနေသည့်အတွက် အသုဘနာရေးကိစ္စအတွက် အိမ်နီးနားချင်းဖြစ်သော ဦးဇင်းလူထွက်ကိုထွားကြီးကပဲ စီမံခန့်ခွဲနေရ၏။

'ဟဲ့… ဒကာစံသိန်းတို့အုပ်စုက ကနဖျင်းဆောက်ဖို့အတွက် ဝါးခုတ်တဲ့သူဝါးခုတ်၊ ကျင်းတူးမယ့်သူ တိုင်ထူဖို့ ကျင်းတူး၊ တာလပတ်ရှာတဲ့သူက ရှာဖို့လုပ်ကြ။ အေး… ပြီးတော့ ဒကာသံလုံးတို့အဖွဲ့က ဖျာဦရှာပြီး အခေါင်းစပ်ဖို့လုပ်၊ အခေါင်းမစပ်ခင် ကပ်ရက်ပေးကြဦး။ ဟော… ဒကာမရှင်နှောင်းတို့အဖွဲ့က မသာကိုရေချိုးပြီး ပြင်ဆင်ပေးဖို့ လုပ်ကြ'

ကိုထွားကြီး၏ စီမံခန့်ခွဲမှုအောက်မှာပင် ကာလသား၊ ကာလသမီးအချို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ကြွင်းကျန်ရစ်သော လူများက မသာသတင်းလာမေးသူတို့အား ဧည့်ခံဖို့ရာအတွက် ဖျာ





ငှားသူငှား၊ ရေနွေးဘန်းခွက်ယောက်ငှားသူငှား၊ ရေနွေးအိုးကျိုသူကျိုဖြင့် တက်ညီလက်ညီ ရှိနေကြလေသည်။

'ဗျို့… ဦးဇင်း ကိုထွား'

'ဟေလကွာ… ဘာတုံးဟ မင်းရွှေမင်း'

'ဟို… ညကျရင် အသုဘစောင့်ရင်း ဖိုကာဝိုင်းလေးဘာလေး မလုပ်ဘူးလားလို့'

'အရေးထဲ ဖဲသမားညွန့်တင်လက်သစ်ကလည်း ပေါ်လာနေပြန်ပါပြီ။ ဖဲရိုက်တယ်၊ ဖိုကာဆွဲတယ်ဆိုတာ လောင်းကစားအလုပ်ကွ 'ဖဲရိုက်ကစား ပြုသူများ၊ စီးပွားပျက်မည်မှတ်' တဲ့ကွ'

'ဟာဗျာ… 'ကြွေအန်ကစား ပြုသူများ၊ စီးပွားပျက်မည်မှတ်' လို့ပဲ ကြားဖူးပါတယ်၊ ဦးဇင်းကိုထွားကျကာမှ ကပြောင်းတိကပြောင်း ဖြန့်'

'ဟ… ဖဲရိုက်တာတို့ ကြွေအန်ကစားတာတို့ ဆိုတာဟာလည်း လောင်းကစားထဲပါတာပဲကွ၊ သူများပိုက်ဆံကို ကိုယ့်ပိုက်ဆံဖြစ်အောင် မတော်လောဘနဲ့ဆော့ကြတာ၊ သည်တော့ လောင်းကစားဥပဒေနဲ့လည်း မလွတ်ကင်းဘူး။ ပြီးတော့ လောဘကြောင့် ဒေါသတွေ၊ မောဟတွေဆိုတာ အနောက်မှာတွယ်ငြိလာတယ်။ ဒီတော့ မဖြစ်သင့်တာတွေ ဖြစ်ရော၊ ဖြစ်လာရင် ပစ္စုပ္ပန်အတွက်လည်း မကောင်းသလို နောင်သံသရာအတွက်လည်း ရင်မအေးစရာပဲ မင်းရွှေမင်းရဲ့'

'ဟာဗျာ… ကျုပ်တို့က အလောင်းကောင်ကြီးကို တစ်ညလုံးစောင့်ပေးရမှာ၊ ဒီတော့ အိပ်ချင်စိတ်မရှိအောင် မျက်လုံး[illegible]ယ်အောင်[illegible] အာရုံပြောင်းတဲ့အနေနဲ့ ဖဲကစားမှာဗျ။ သည်လိုမ[illegible]လုပ်ရင် အသုဘစောင့်မယ့်သူတောင် ရှိမှာမဟုတ်ဘူး'

ဖဲသမားမင်းရွှေမင်း၏အဖော် ကဖော်သမား လောင်းကစား

www.burmeseclassic.com



သမားအောင်ကျော်ထူးကလည်း တစခန်းဝင်ထသည်။ သည်တော့ ဦးဇင်းကိုထွား နည်းနည်းကလေး တွေသွားခဲ့ရသည်။

'အေး… မင်းတို့ပြောတာလည်း ဟုတ်တုတ်တုတ်ပဲကွ၊ ညဘက် သင်္ဂြိုဟ်တို့ ပရိတ်ကြီးတို့ကို အာပေါင်အာရင်းသန်သန် ပြောကြမယ့် သက်ကြီးရွယ်အိုတွေဆိုတာကလည်း အိမ်မှာမစားရတိုင်း ခေါင်းရင်းခန်းမှာထိုင်၊ ဆီရွှဲရွှဲလက်ဖက်သုတ် ပုစွန်ခြောက်နိုင်နိုင် ကြက်သွန်ကြော်နိုင်နိုင်နဲ့ ရွှန်းမလွှတ်တမ်းတုတ်ဖို့သာ အာရုံရှိကြမှာ။ ညဥ့်လယ်လောက်ရောက်တာနဲ့ ကွမ်းသီးခြမ်းတွေ၊ ဆေးပေါ့လိပ်တွေ အိတ်ထဲလျှိုထည့်ပြီး တဝါးဝါးသမ်းရင်း ကိုယ့်အိမ်ကိုယ် ပြန်ကွေးကြတာကလား'

'သေချာတာပေါ့ ဦးဇင်းကိုထွားရယ်၊ ဒါကြောင့်လည်းပဲ ဖဲဝိုင်းလုပ်ခွင့် တောင်းတာပေါ့ဗျ၊ ဒီမှာ မှတ်ထား… ဦးဇင်း… လောကမှာ လိုက်ဖက်တဲ့အရာတွေကို ပြောရရင် 'မသာနဲ့ဖဲဝိုင်း၊ ရေလှိုင်းနဲ့သောင်ပြင်၊ ခုတ်နဲ့မွေ့ရာ၊ ပလာတာနဲ့သကြား၊ စွပ်ပရားနဲ့ အာလူး၊ ရေဘူးနဲ့ကော်ခွက်' အင်မတန်မှ လိုက်ဖက်တာကလား ဦးဇင်းရဲ့'

'မှန်ပါပေရဲ့ ဒကာ၊ ဒီလိုလုပ်ကွာ ဖဲမရိုက်ဘဲလည်း မနေနဲ့၊ ဖဲရိုက်ရင်လည်း လောင်းကြေးမပါစေနဲ့၊ လောင်းကြေးပါရင်လည်း ကြေးအများကြီး မလောင်းနဲ့၊ လောင်းကစားတယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ မကင်းဘူး။ သည်တော့ အချင်းချင်း မခံချင် စိတ်တွေ ဝင်လာတတ်တယ်။ အဲသည်တော့ ခိုက်ရန်တွေ မဖြစ်ပွားကြနဲ့၊ ခိုက်ရန်ဖြစ်ပွားရင်လည်း ရိုက်ကြနှက်ကြ မလုပ်ကြနဲ့၊ ရိုက်ကြနှက်ကြပြီဆိုလည်း သွေးထွက်သံယို မဖြစ်ကြစေနဲ့၊ သွေးထွက်သံယို ဖြစ်ပြီဆိုရင်လည်း အသက်အန္တရာယ်ထိခိုက်အောင် မဖြစ်စေနဲ့ ဟုတ်ပလား'





'ဟုတ်ပြီ ဦးဇင်း၊ ဦးဇင်းစကားကို ကျွန်တော်တို့ မြဲဝယ်မကျ နားထောင်မယ်၊ ဟုတ်တယ်မဟုတ်လား… အောင်ကျော်ထူး'

'မှန်တယ်… မင်းရွှေမင်း'

ဖဲသမားနှစ်ဦးကား အသုဘအိမ်၌ စိတ်တိုင်းကျ ဖဲပွတ်ခွင့်ရတော့မည်မို့ ပီတိတွေ ဝေဆာနေကြလေ၏။ အသုဘအိမ်၌ မသာစောင့်များ ဖဲရိုက်ခွင့်ရရှိရေးတာဝန်ကား ဦးဇင်းကိုထွားကြီး၏ ပခုံးထက်သို့ လုံးလုံးလျားလျား တာဝန်ကျလာခဲ့ချေပြီတကား။

ဦးကံဖေကား မန်ကျည်းတောရွာ၏ အာဏာရသူကြီးဖြစ်လေသည်မို့ သူကြီးကတော်ဒေါ်ခင်ဆုံ၏ အသုဘအား ရက်လည်သပိတ်သွတ်နေ့မှာမှ မြေချမည်ဟု ဆုံးဖြတ်ထားကြသည်။ ဤ၌ အသုဘချရေးကိစ္စအတွက် ကာယကံရှင်များ ခေါင်းချင်းဆိုင် တိုင်ပင်ကြလေ၏။

'ကိုင်း… မင်းတို့ရဲ့ သဘောကို ပြောကြပါဦး၊ မင်းတို့အမေရဲ့ အသုဘကို ဘာနဲ့ချရင်ကောင်းမလဲဆိုတာ'

စိတ်သောကတွေ အနည်းငယ်အနယ်ထိုင်လာပြီမို့ သူကြီးဦးကံဖေက ၎င်း၏ သားသမီးများထံမှ အကြံဉာဏ်များတောင်းခံလိုက်သည်။ ဤတွင် သမီးဖြစ်သူအေးကြည်မက…

'ထုံးစံအတိုင်းကတော့ အခေါင်းကို ကြိုးနဲ့သိုင်း၊ ဝါးလုံးလျှိုပြီး လူနဲ့ထမ်းချတာပဲပေါ့၊ ဒါပေမဲ့ သမီးတို့က ဒီမန်ကျည်းတောရွာမှာ ပြိုင်ဘက်မရှိ ရွာမျက်နှာဖုံးတွေဆိုတော့ အမေ့အသုဘကို သာမန်လူတွေနဲ့ချတာမျိုးတော့ မဖြစ်စေချင်ဘူး၊ နွားတွေကို ကကြိုးတန်ဆာဆင်ပြီး နွားလှည်းနဲ့ချရင်ကောင်းမယ် အဖေ'

'အေး… အဲဒါလည်း မဆိုးပါဘူးကွယ်၊ ကိုင်း… မောင်ပြည်း မင်းကကော မင်းအမေကို ဘာနဲ့ချစေချင်သလဲ၊ မင်းသဘောထားကို ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဦးကံဖေ၏သားတော်မောင်က တစ်စခန်းထလာသည်။ ပရိတ်သတ်တွေမှာလည်း ဝိုင်းအုံစုဖွဲ့ကာ စိတ်ဝင်တစားဖြစ်နေကြလေသည်။

'ညီမလေး အေးကြည်မပြောတာကို ကျွန်တော်တော့ သိပ်ဘဝင်မကျချင်ဘူး၊ ရွာမှာက နွားလှည်းတွေဆိုတာ ပေါမှပေါ၊ လူထမ်းပြီးချတာထက်တော့ နည်းနည်းလေးထူးခြားပေမယ့် သိပ်အထူးခြားကြီးမဟုတ်ဘူးအဖေရဲ့'

'အဲ… သည်တော့'

'ကျွန်တော်ကတော့ ညီမလေးထက်ပိုပြီး ထူးခြားသွားအောင် အမေ့ကို မြင်းနဲ့ချစေချင်တယ်အဖေ'

'ဟော့… ပိုပြီးကြီးကျယ်သွားပဟော့'

မိသားစုအချင်းချင်း သူ့အမိပွါယ်နဲ့သူ ပြောနေဆိုနေကြလင့်ကစား အနီးဝန်းကျင်ရှိ လူတချို့ကတော့ ဘာကိုဘယ်လိုတွေးပြီး သဘောပေါက်သွားကြလေသည်မသိ။ စပ်ဖြဲဖြဲတွေ ဖြစ်ကုန်ကြ၏။ အချို့မှာ ကာယကံရှင်တွေ ရိပ်မိသွားကြမည်ကိုစိုးသည့်အလား လက်ဝါးကလေးတွေအုပ်လျက်။

'အဲသည်မှာ သောင်းတိုက်ကကြားရလေအောင် လော်ကြီးပါထည့်ရမှာ အဖေရ'

'ကောင်းပ… မောင်ကြီးရာ'

လော်ကြီးဆိုသည်မှာ ရပ်ဝေးရွာဝေး အခေါ်အဝေါ်။ စင်စစ်မတော့ လော်စပီကာ ခေါ် အသံချဲ့စက်ကို ဆိုလိုခြင်းဖြစ်သည်။

'ဘာပဲဖြစ်ဖြစ် သည်ခရီးဟာ အမေ့အတွက် နောက်ဆုံးခရီးပဲအဖေရ၊ ကျွန်တော်တို့အနေနဲ့က မတတ်နိုင်တဲ့သူတွေမှ မဟုတ်ကြလေတော့ ဘယ်အသုဘမြေချနဲ့မှမတူ တကယ့်ကိုကြီးကြီးကျယ်ကျယ်





ခမ်းခမ်းနားနား ဖြစ်သွားစေချင်တာပဲ အဖေရယ်၊ ကဲ… အမေ့သဘောကကော ဘယ်လိုရှိသတဲ့လဲ ပြောပါဦး'

'အင်း… သမီးတို့ သားတို့ရဲ့ ဆန္ဒကလည်း မဆိုးပါဘူးလေ၊ လျော်ကန်သင့်မြတ်ပါတယ်၊ အဲ… တို့များအားလုံးအနေနဲ့ကလည်း ပိုပြီးကြီးကျယ် ပိုပြီးခမ်းနားစေချင်ကြတယ် မဟုတ်လား။

အဲသည်မှာ… အဖေအကြံတစ်ခုရထားတယ်'

'ဘာများပါလိမ့် အဖေ'

'မြို့ကဆပ်ကပ်အဖွဲ့တစ်ဖွဲ့ ရောက်နေတယ်လို့ကြားတယ်၊ အဲဒီမှာ ဆင်ပါလာတယ်တဲ့ကွ၊ ဆပ်ကပ်ပိုင်ရှင်က နေ့ဘက်မှာ သာရေးနာရေးနဲ့ပတ်သက်ပြီး ဆင်ငှားချင်ရင် အဖိုးသားနားနဲ့ ငှားတယ်တဲ့၊ ဒီတော့ကွာ ဆပ်ကပ်ဆရာကို ကြိုက်ဈေးပေးပြီး မင်းအမေကိုဆင်နဲ့ချမယ် ဘယ်နှယ့်လဲ… ဘယ်လိုသဘောရသလဲ'

သည်မှာတင် မိသားစုချင်းသဘောထား အကွဲအလွဲတွေရှိလာသည်။ သမီးငယ်အေးကြည်မက မိန်းမသားပီပီ အပိုမကုန်ကျသင့်တာကုန်ကျမည့်အရေးအတွက် တွန့်တိုစွာဖြင့် နွားဖြင့်ပဲချရန် အတွန့်တက်၏။ ဒါကို အစ်ကိုဖြစ်သူမောင်ကြီးက ဘဝင်မကျ။ နွားဖြင့်ချသည်ထက် မြင်းဖြင့်ချသည်က ပို၍ဂုဏ်တက်မည့်အကြောင်း ကလန်သည်။

'ဟော့… ဟော့… ဒီမှာ… ဒီမှာ၊ ဒီမိသားစုမှာ ငါကလူကြီးအိမ်ဦးနတ်၊ ပြီးတော့ ရပ်ရွာမှာဆိုလည်း အကြီးအကဲ၊ ဒီတော့ ဆန္ဒကိုယ်စီရှိသမျှ လိုက်လျောခြင်း လိုက်လျောရမယ်ဆိုရင် မင်းတို့မောင်နှမအနေနဲ့ ငါ့ဆန္ဒကိုပဲ လိုက်လျောဖို့ရာအကြောင်း ရှိသယ်၊ မင်းတို့ အမေကို မင်းတို့ လူမဖြစ်ခင်ကတည်းက ငါကပေါင်း[illegible] ခဲ့တာကွ၊ မင်းအမေ ဖြစ်ချင်တဲ့ဆန္ဒကို ငါကမင်းတို့ထက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ဒီတော့ မင်းအမေကို ဆပ်ကပ်ကဆင်ငှားပြီး ချမယ်ကွာ၊ ဒါဆိုဒါပဲ’

အခြေအနေတွေက သိပ်မကောင်း။

သည်တော့… ဘုန်းကြီးလူထွက်လည်းဖြစ် ရပ်ရေးရွာရေးမှာလည်း ပရဟိတစိတ်အပြည့်ရှိသူ ဦးဖင်းကိုထွားကိုပဲ ဝင်ရောက်ဖျောင်းဖျပြောဆိုပေးရန် အေးကြည်မက စစ်ကူတောင်းလာသည်။

‘အဟမ်း… အဟမ်း… ကျုပ်သဘောပြောရရင် သေတဲ့သူလည်း သေသွားပြီပဲဗျာ၊ ခင်ဗျားတို့ ဒကာဒကာမတို့ ဘာပဲလုပ်လုပ် သူကြီးကတော်ဟာ ပြန်ရှင်လာမှာ မဟုတ်တဲ့အပြင် ဘာမှလည်းသိမှာ မဟုတ်ဘူး၊ သူကြီးကတော်ဟာ ဘဝတစ်ခုချုပ်ငြိမ်းပြီး ဘဝသစ်တစ်ခုကို ကူးပြောင်းသွားခဲ့ပြီပဲ၊ လုပ်ခြင်းလုပ် သူ့အဖို့ ကုသိုလ်ဘာဂတွေရရှိဖို့ သူ့ကိုရည်စူးပြီး အလှူဒါနတွေလုပ်ပေးတာ အကောင်းဆုံး’

သည်အထိ စကားတွေ ပြေပြစ်ချောမွေ့နေဆဲ။

‘အခုဟာက… ခင်ဗျားတို့ဟာ သွားလေသူ သူကြီးကတော်ကို မကျယ်ကျယ်အောင် အကျယ်ချဲ့နေတာကလား၊ မတော်ဆို ရပ်ရေးရွာရေးအရ ဘိုးစဉ်ဘောင်ဆက်လုပ်ခဲ့တဲ့အတိုင်း လူနဲ့ထမ်းချလည်း ပြီးနေတဲ့ဥစ္စာ၊ ခုတော့… တစ်ယောက်က နွား၊ တစ်ယောက်က မြင်း၊ အိုး… နောက်ဆုံးတစ်ယောက်ကျတော့ ဆင်နဲ့တဲ့၊ ရပ်ကျော်ရွာကျော်ဖြစ်အောင်လို့ အကျယ်မချဲ့ချင်ပါနဲ့လားဗျာ၊ ဓလေ့သဘာဝအတိုင်းပဲ ကောင်းပါတယ်’

သို့ကလို ပြောဆိုလေသည့်အခိုက် အနီးဝန်းကျင်ရှိပရိသတ်အပေါင်းလည်း ဘာကို ဘယ်လို အတွေးပေါက်လေသည်မသိ။

မပြုံးပဲ ဝါးလုံးကွဲဆိုသကဲ့သို့ ဝါးခနဲရယ်လိုက်သံသည် အသုဘ ကနဖျဉ်းအောက်၌ ရှည်လျားစွာ ထွက်ပေါ်လာခဲ့ပါတော့သတည်း။

■

အင်း… ပုထုဇ္ဇနီမိတ္တသဘောဆိုရင်
ရက္ခစိုးဆိုတာမျိုးဟာ
သစ်ပင်ကို အစိုးရတဲ့ပုဂ္ဂိုလ်။
ခု… အဲသည် ပုဂ္ဂိုလ်က
ငြိမ်ငြိမ်မနေဘဲ…
လှုပ်တယ်… တုန်ပြတယ်ဆိုတော့
မဟုတ်မှလွဲရော…
မကြာခင်… သစ်ဈေးဝါးဈေးတွေ
လှုပ်မယ့်သဘောပဲ ဒေါ်လုရီရဲ့…

www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်ပဲလား…

ဒါမှမဟုတ်၊ ကောလဟာလပဲလားဟု မဆိုသာ။

မန်ကျည်းတောရွာအပါအဝင် အနီးအပါး ရွာနီးချုပ်စပ်တွေမှာလည်း လှုပ်လှုပ်ရွရွဖြစ်ခဲ့ပြီ။ အကြောင်းရင်းခံကား အသို့နည်း။

မန်ကျည်းတောရွာ၏ ခပ်လှမ်းလှမ်း ဧရာဝတီမြစ်ကမ်းအနီး၌ ရှေးဟောင်းစေတီတစ်ဆူရှိ၏။ ထိုစေတီအား ဥမ္မာဒန္တီမင်းသမီး တည်ခဲ့သည်ဟု ဆိုကြသည်။ ထိုစေတီ၏ အဝင်ဝ၌ ကွေးနေအောင်ကလျက်ရှိသော နူတ်ခမ်းမွေးကားကားနှင့် ရက္ခစိုးရုပ်ထုကြီးတစ်ရုပ်ရှိ၏။ လက်ရာကား ရှေးဟောင်းလက်ရာတည်း။ ဖြစ်ပုံမှာ ရုပ်က္ခစိုးရုပ်ထုကြီး အသက်ဝင်လျက် ဖင်တုန်သည်ဆိုပဲ။

အထူးအဆန်းမှ တကယ့်ကို အထူးအဆန်း။

သည်တော့လည်း အထူးအဆန်းကိုမှ စူးစမ်းလိုကြသော အရှုံးအနှမ်း ပုထုဇနော်မှန်သမျှ လှေလာစပ်စုကုန်ကြတော့သည်။ သည်အထဲ ဘုန်းကြီးလူထွက် ဦးဇင်းကိုထွားနှင့်ဇနီးသည်မလုံးတင်တို့လည်း အပါအဝင်။

'ကိုထွား… အယ်… ကိုထွား၊ ဘာလုပ်နေတာတုံး ကိုထွားရဲ့၊ သွားကြမယ်လေ၊ တော့်နှယ်တော် ထုံပေ၊ လုံပေနိုင်လှချည်လားကဲ… အဝတ်အစားလဲတော်မူပါ၊ ရုပ်က္ခစိုးဖင်တုန်တာ မျက်စိနဲ့တပ်အပ်သေချာမြင်ဖို့ သွားကြရအောင်ပါ'

www.burmeseclassic.com



ရေကပြင်ထက်၌ နိုးလောင်းနေသော ကိုထွားကြီးအပေါ် အားမလိုအားမရနှင့် ရန်တွေ့စကားဆိုလိုက်သည်။

'အေးပါ… ဒကာမရဲ့၊ လုပ်ငန်းက လက်စသတ်နေပါပြီ၊ ဒကာမလည်း အတော့်ကို အလယ်သုံးဖော၊ အလောသုံးဆယ်နိုင်လှပါ ကလား၊ ဘယ့်နှယ်ကွယ် ကြား… ကြားဖူးပေါင်၊ ရက္ခစိုးကဖင်တုန်ရတယ်လို့'

'တော်ကသာ မယုံဘူးဖြစ်နေ၊ မြင်လိုက်၊ တွေ့လိုက်ကြရသူတွေ တစ်ပုံကြီး၊ တဆင့်စကားတဆင့်နားကြားပြီး သွားကြည့်လိုက်ကြတာ ဟုတ်ပါပေ့ရယ်လို့ ပြောနေကြတာ နားနဲ့မဆန့်တော့ဘူး၊ သူများမြင်လိုက်ရတာ၊ သူများတွေ့လိုက်ရတာကို ကိုယ်လည်းပဲ သူလို ကိုယ်လို ဖြစ်ပါလျက်နဲ့ မမြင်လိုက်ရဘူး၊ မတွေ့လိုက်ရဘူးဆိုရင် ဘယ့်ကလောက်ရှက်ဖို့ကောင်းလိုက်မလဲ ပြောစမ်းပါဦးတော့'

မလုံးတင်က ချက်ကျလက်ကျ ပြောလိုက်တော့ ကိုထွားကြီးမနေသာပြီ။ ကိုယ်တိုင်လည်း နားယောင်သွားလျက် မျက်လုံးမျက်ဆန်တွေပြူးလာသည်။

'ဟုတ်သပေါ့… ဒကာမရာ၊ ဒါမျိုးဆိုတာ ကျုပ်ဒီအသက်၊ ဒီအရွယ်ရောက်လာပြီ၊ တစ်ခါမှ ကြုံဖူးဖို့မပြောနဲ့၊ ကြားတောင်မကြားဘူးတာကလား၊ ကိုင်း… ဒီတော့ ကံကောင်းထောက်မလို့ ဒါမျိုးကြုံကြိုက်ရတာ အများနဲ့ယှဉ်ရင် တစ်ဖူမနောရအောင် သွားဖို့မြန်မြန်လုပ်မယ်ဟေ့၊ ကလေးကိုနို့တိုက်စရာရှိရင် တိုက်သာထား'

'စိတ်ချပါ ကိုထွားရဲ့'

လင်မယားနှစ်ယောက်ကား အတိုင်အဖောက်ညီနေကြလေ၏။

ရွာထဲမှာလည်း ရက္ခစိုးကြီးဖင်တုန်သည်ဆိုခြင်းကြောင့် ကောက်ချက်ချသံတွေ ထင်မြင်ယူဆချက်ပေးသံတွေ အမျိုးမျိုးအဖုံဖုံ



နတ်ကတော်ချစ်နှင်းဆွေဆိုလျှင် အရှင်သခင်နှစ်ပါးအား ဖောင်းတော်အသစ်များ လဲလှယ်ဆပ်ကပ်ရင်းမှ ပွစိပွစိလုပ်နေလေ၏။

'အင်း… တို့များ ဥမ္မာဒန္တီဘုရားက ရက္ခစိုးကြီး အကြောင်းမရှိအကြောင်းရှာ ဖင်တုန်တယ်ဆိုတော့ ဘယ်လိုများ ပုဗ္ဗနိမိတ်တွေပါလိမ့်'

'ဘယ်လိုနိမိတ်တွေ နေရမှာလဲ အမေချစ်နှင်းဆွေရယ်၊ ရက္ခစိုးဆိုတာ အထီးလား၊ အမလား'

'အထီးပေါ့ ကျွဲသိုးရဲ့'

'အဲ… အထီးက တုန်ရမယ့်နေရာမတုန်ပဲ အမတွေတုန်ရမယ့်အရာကို တုန်တယ်ဆိုတော့ မဟုတ်မှလွဲရော၊ အမေချစ်နှင်းဆွေတို့လို ယောကျ်ားစစ်စစ်တွေ နတ်ကတော်ဖြစ်မယ့်နိမိတ်ပဲဗျ အဟီး'

'တယ်… သေချင်းဆိုးလေးနှယ်… ပေါက်ပေါက်ရှာရှာ'

ထိုသို့နှယ် ဗိန္ဓောဆရာဦးအောင်ကြီးနှင့်ဆရာကတော်ဒေါ်လှရီတို့မှာလည်း တစ်မျိုးတစ်ဘာသာ။

'ပြောရဦးမယ် မလှရီရေ'

'ပြောမနေနဲ့ တစ်ရွာလုံးသိပြီးမှ တော်သိလာတာမဟုတ်လား'

'ဟ… ဘာများတုံးဟ'

'ရက္ခစိုးကြီး ဖင်တုန်တာလေ'

'အဟဲ… ဟုတ်တယ်ဟ၊ ဒီသတင်းတော်တော်လေး ပျံ့နေပြီ ခုဆို တစ်ဖက်ကမ်းကလည်း လှေတွေ၊ သမ္ဗန်တွေနဲ့ တို့ဒီဘက်အပိုင်းကလည်း နွားလှည်းတန်နွားလှည်း၊ ခြေလျင်တန်ခြေလျင်နဲ့သွားကြည့်နေကြတာ တကယ့်ပွဲတော်ကြီးအတိုင်းပဲ'

'နေစမ်းပါဦး… ဒီသတင်းစကား ဘယ်သူ့ဆီက ထွက်တာလဲ'

www.burmeseclassic.com



'ဘယ်သူ့ဆီက နေရမှာလဲကွာ၊ တစ်ရွာနဲ့တစ်ရွာ ကိုးကျင်းကိုးကျင်း လျှောက်သွားနေတဲ့ ကဇော်သမားငပိန်ဆီကပဲပေါ့'

'အယ်… ဖြစ်ရလေ၊ ဒါထက် ကဇော်သမားငပိန်ဆိုတာက အမြဲလိုလို ရူးကြောင်မူးကြောင်ဖြစ်နေတဲ့ဥစ္စာ၊ သင်းရဲ့စကားဆိုတာ ဆယ်ခွက်တစ်ခွက်တွင်ဖို့ ယုံရပါ့မလားတော်'

'မင်းကသာ သံသယဖြစ်နေတာ တစ်ရွာလုံးနီးပါးသွားကြည့်နေကြတာ ရွာထဲတောင် လူတွေသိပ်မရှိကြတော့ဘူး'

'ကိုင်း… ဒါဖြင့် ကျုပ်တို့လည်း အများမိုးခါးရေသောက်နေကြမှတော့ ကိုယ်ကမသောက်ပဲနေလိုက်ရင် ရာဇဝင်ရိုင်းသွားပါလိမ့်မယ်၊ ဒါကြောင့် သွားကြရအောင်လေတော်'

'ငါ ကျောင်းဒကာကြီးဦးငြိမ်းသူရဲ့ မုတ္တရောဂါအတွက် ဆေးဖော်စရာရှိလို့'

'ဒါဆိုလည်း နေခဲ့တော်၊ တော်မလိုက်ခဲ့နဲ့ ကျုပ်တို့ဖာသာပဲသွားကြမယ်၊ ဟဲ့… မြသက်ကြူတို့ တင်မိုးခိုင်တို့ သွားကြမယ်ဟေ့ ငရုံ့ခြောက်ဖုတ်ဆီဆမ်းထားတာ မမေ့နဲ့ ဟိုရောက်ရင် အရှားယူတုန်းမြှုံ့ရအောင်'

'လာပြီ… အရီးရေ… လာပြီ'

ခြေရင်းအိမ်မှ အပျိုမကလေးတွေ၏အသံက စီကနဲထွက်ပေါ်လာ၏။ မြသက်ကြူနှင့်တင်မိုးခိုင်တို့မှာ ဒေါ်လှရီ၏တူမများဖြစ်ကြ၏။

'ဟော… ဟိုမှာ… အဒေါ်မလုံးတင်တို့ စောင့်နေတယ်အရီး'

'ဟေ… ဟုတ်လား၊ ဒါဆိုအတော်ပဲ လမ်းမှာမပျင်းတော့ဘူး၊ စကားပြောဖော်ရတာပေါ့'

ဦးဇင်းကိုထွားကြီးတို့ အိမ်ရှေ့ရောက်တော့ လှည်းကအဆင်အသင့်။





'လာ… လာ… ဒေါ်လှရီ၊ ဟဲ့… မြသက်ကြူ ဖိနပ်တွေကို လက်ရန်းမှာစွပ်လိုက်… စွပ်လိုက်၊ ကိုင်း… တက်ကြ… တက်ကြ'

'လှည်းကြုံ့ရှိတာ အဆင်ပြေသွားတာပဲ၊ နို့မဟုတ်ရင် တော်တော်လေးလျှောက်ရမှာ ဒါထက် ဟိုရောက်လို့ တစ်အောင့်တစ်နားနားကြတဲ့အခါ ရေနွေးကြမ်းနဲ့မြှုံ့ရအောင် ငါ ငရုံ့ခြောက်ဆီစိမ်လာခဲ့တယ်လုံးတင်'

'ကျုပ်လည်း လက်ဖက်ဆီစိမ်နဲ့ ပုစွန်ခြောက်၊ ကြက်သွန်ကြော်နှမ်းချင်း လုပ်လာပါတယ် ဒေါ်လှရီရဲ့'

'အေး… ကောင်းတယ်၊ ကောင်းတယ် ရက္ခစိုးကြီးဖင်တုန်တာကို ရင်ခုန်စွာကြည့်ရင်း လျှာအရသာခံကြတာပေါ့လေ အဟဲ… ဟဲ'

လှည်းစထွက်ပေပြီ။

သူတို့နှယ်ပင် အနီးပတ်ဝန်းကျင်ရွာများမှလည်း ဥမ္မာဒန္တီဘုရားရှိရာသို့ လှည်းလမ်းကြောင်းဖြင့်တစ်ဖုံ၊ စက်ဘီးလမ်းကြောင်းဖြင့်တစ်သွယ်၊ ခြေလျင်လမ်းကြောင်းဖြင့်တစ်နည်း အသီးသီးအသကအသက ရှေ့ရှုသွားနေကြသည်မှာ ပွဲသွားကြော့ကြော့ ဆိုသည့်စကားအတိုင်းပါပေ။ ကိုယ့်အစုနှင့်ကိုယ် စကားတွေဖောင်ဖွဲ့ပြောဆိုနေကြသည်မှာလည်း ပျင်းစရာကိုမရှိတော့။

ခုလည်း မလုံးတင်တို့လှည်းမှာ စကားတွေက တဖောင်ဖောင်။

'ရက္ခစိုးကြီးဖင်တုန်တယ်ဆိုတော့ ဘယ်လိုနိမိတ်များပါလိမ့် ဦးဇင်းကိုထွား'

ဒေါ်လှရီက ငါးရံ့ခြောက်တစ်ဖတ်ကို အာလျှာပြေအောင်ငုံ လိုက်ရင်း စကားမရှိစကားရှာလိုက်သည်။

www.burmeseclassic.com



'အင်း… ပုဗ္ဗနိမိတ်သဘောအရဆိုရင် ရက္ခစိုးဆိုတာမျိုးဟာ သစ်ပင်ကိုအစိုးရတဲ့ပုဂ္ဂိုလ်၊ ခု အဲသည်ပုဂ္ဂိုလ်က ငြိမ်ငြိမ်မနေပဲ လှုပ်တယ်၊ တုန်ပြတယ်ဆိုတော့ မဟုတ်မှလွဲရော မကြာခင် သစ်ဈေးဝါးဈေးတွေ လှုပ်မယ့်သဘောပဲ ဒေါ်လှရီရဲ့'

'ဟယ်… ဟုတ်လား၊ ဒါဆိုရင် ဒီကအပြန်ကျရင် အိမ်ဆောက်ဖို့ရာ သစ်တွေဝါးတွေ ကြိုဝယ်ထားမှဖြစ်မယ်၊ နို့မဟုတ်ရင် တက်ဈေးနဲ့မိလိမ့်မယ်'

'နောက်တစ်နည်းလည်း ရှိပြန်သေးတယ်ဗျ၊ သစ်ပင်တွေ တုန်လှုပ်တယ်ဆိုတော့ မိုးအဝင်မှာ လေမုန်တိုင်းတွေ ဘာတွေရှိနိုင်တဲ့သဘောလည်း သက်ရောက်တယ်'

'အယ်… ဒါဆိုရင် ကမ်းနားမှာနေကြတဲ့သူတွေ သတိထားမှ'

ဥမ္မာဒန္တီဘုရားသို့ရောက်ခါနီးလေ ပရိတ်သတ်တွေများပြားလာလေပင်။ အသိအကျွမ်းများဆုံတွေ့ကြသည်မို့ သူ့နှုတ်ဆက်၊ ကိုယ့်နှုတ်ဆက်ရင်း ပွက်လောညံသွားကြလေ၏။

ဥမ္မာဒန္တီဘုရားအဝင်မုခ်ဝမှာတော့ ထီးထီးမားမားရှိနေသည့် ရက္ခစိုးရုပ်ထုကြီးသည် နှုတ်ခမ်းမွေးကားကား မျက်နှာစပ်ဖြဲဖြဲဖြင့် ကြွေးနေအောင်ကသည့်အသွင်။ ပုဆိုးကိုလည်း ကတောင်းမြှောင်အောင် ကျိုက်ထားသည်။

နွေအခါကာလမို့ လှည်းလမ်းကြောင်းတစ်လျှောက်လုံး ဖုံလုံးကြီးတွေက တလိမ့်လိမ့်။ လေရူးနွေ့လာပြီဆိုလျှင် ဖုံမှုန့်တွေက နေရာအနှံ့အပြား ကျက်စားနေကြတော့သည်။ ရွာသူရွာသားအပေါင်းတို့သည် လှည်းများ၊ စက်ဘီးများကို နေသားတကျနေရာချပြီးလေသောအခါ ဖင်တုန်ပါသည်ဆိုသော ရက္ခစိုးရုပ်ထုကြီးအပါးသို့ ချဉ်းကပ်ကာ





ရက္ခစိုး၏တင်ပါးနှစ်ဖက်ကို စေ့စေ့စပ်စပ် စူးစူးစိုက်စိုက် အကဲခတ်ကြကုန်၏။

'ဟော့ကောင်တွေ… ရက္ခစိုးကြီးဖင်က ဘယ်မှာတုန်လို့လဲကွ၊ ငါ စိုက်ကြည့်နေတာ တော်တော်ကြာပြီ၊ ဒီအတိုင်းမှ ဒီအတိုင်းပါပဲကလား'

'ကဇော်သမားငပိန်ပြောတာတော့ အသေအချာပဲ၊ သူနဲ့အတူ ဘုရားဒကာဦးအေးသန့်တို့၊ သံတိုသံစဝယ်တဲ့ဦးဖက်တီးတို့၊ တစ်ကျွန်းပြန်မောင်သိုက်တို့တောင် မျက်စိနဲ့တပ်အပ်သေချာ မြင်ခဲ့တွေ့ခဲ့ကြတယ်ဆိုပဲ'

'ပြောလို့တော့မရဘူး၊ အရူးစကားတို့၊ ငမူးခကားတို့ဆိုတာ ဆယ်ခွန်းမှာတစ်ခွန်းတော့ မှန်တတ်တယ်၊ ခုလည်းပဲ ရက္ခစိုးကြီးဖင်တုန်ရတာ ညောင်းလို့ခဏနားတာဖြစ်လိမ့်မယ်၊ ခမျာမလဲ ခဏခဏတော့ ဘယ်လိုလုပ်တုန်ပြနိုင်မှာလဲ၊ တုန်ပြချင်တဲ့အခါမှသာ တုန်ပြပေတော့မပေါ့၊ တို့ဘက်က စိတ်ရှည်ရှည်ထားပြီး ကြည့်ဖို့သာလိုတယ်'

အလုပ်မရှိအကိုင်မရှိသူတွေက စိတ်ရှည်လက်ရှည် စောင့်ကြည့်ကြ၏။ သည်လိုမျိုး အခွင့်အခါကောင်းကို အသုံးချတတ်သူတွေကဖြင့် စီးပွားလာဘ်တွေ တရှင်ရှင်ပါပေ။

'ကွမ်းယာရမယ်… ကွမ်းယာ'

'စီးကရက်ရမယ်… စီးကရက်'

'ငုံးဥပြုတ်… ကြက်ဥပြုတ်'

'ဖရဲသီးစိတ်… ချိုချိုလေး'

ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေ အလုပ်ဖြစ်ကြသည်။

အချိန်ကား တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးကြီး၏ဖင်က နည်းနည်းမတုန်သေး။

သည်တော့ စိတ်မရှည်နိုင်သူတို့၊ အလုပ်ပျက်အကိုင်ပျက် အဖြစ်မခံနိုင်သူတို့ လာရာလမ်းကို ပြန်လှည့်သွားကြချေ၏။ ဇွဲခံပြီး ပေနေသူတို့သာ ကျန်ရစ်လေ၏။

'ကမြင်းမသား… ငပိန်၊ တို့ကို ပတ်တီးချသွားပြီဟေ့'

ဒေါ်လှရီ၏အသံ။

'ဟုတ်ပမလားဗျ။ ရက္ခစိုးဖင်တုန်တာကို သူတစ်ယောက်တည်းတောင် မဟုတ်ဘူး၊ ဘုရားဒကာကြီးဦးအေးသန့်တို့၊ သံတိုသံစဝယ်တဲ့ဦးဖက်တီးတို့၊ တစ်ကျွန်းပြန်မောင်သိုက်တို့တောင် တွေ့ကြမြင်ကြသေးဆို'

'သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ပုလင်းတူဘူးဆို့တွေပဲဟာ၊ အားလုံးဒီပုတ်ထဲက ဒီပဲတွေချည်း'

'ဒါဆို ပြန်မယ်'

'ခဏတော့ ကြည့်ပါဦးလေ တုန်တကာ့တုန်ရတဲ့အထဲမှ ဖင်တုန်တယ်ဆိုတာ တော်တော်ကလေး ခက်တာကလား၊ ရက္ခစိုးကြီးခမျာလည်း ဖင်တုန်ရတာညောင်းလို့ နားနေတာဖြစ်မှာပေါ့၊ တော်လေးကြာ ပြန်မတုန်ဘူးလို့ မပြောနိုင်ဘူး'

ထိုခဏ ဘုရားမုခ်ဦးအဝ၌ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသည့် အရူးသာမောင်သည် ဝါးခနဲသမ်းကာ ပျင်းကြောဆန့်ပြီးနောက် ဘေးဘီဝဲယာကိုကြည့်လျက် တဟီးဟီး တဟားဟား ရယ်ပါလေတော့၏။

'ဟားဟားဟား… ဟီးဟီးဟီး… ဟိုးဟိုးဟိုး… ဟဲဟဲဟဲ… ဟစ်ဟစ်ဟစ်… ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ရင်ဘက်နောက်ကကျော၊ ပြောတိုင်းယုံတဲ့ငတုံးတွေ လဲပြီးတော့သေ၊ မသေချင်ရင်





ဒိုင်ဗင်ထိုး နင့်နှမငါပိုး အိုးဟိုးဟိုး… ဟီးဟီးဟီး… ဟားဟား…. ဟား…'

သည်သို့ ဩကာသလောကကြီးအား ထုတ်မင်္ဂလာဩဝါဒစကား မိန့်ကြားပြီးလေသည့်နောက် ရက္ခစိုးရုပ်ထုကြီးရှေ့၌ မားမားမတ်မတ်ရပ်လိုက်သည်။

'နင်တို့အားလုံး အရူးချည်းပဲ၊ ငါတစ်ယောက်က လွဲရင်ပေါ့၊ ဘာဆိုဘာမှ နကန်းတစ်လုံး နားမလည်ကြဘူး။ ဆေးစာဖတ်ရာ၊ နား ထောင်ပါ၊ ရောဂါပျောက်နိုးနိုး နောက်ဆုံး ဒိန်းဒိမ်းဒေါင်းဒေါင်းနဲ့ အရေးကောင်းဒိန်းဒေါင်းဖျက်ကြတာချည်း မဟုတ်လား'

အားလုံးအရူးသာမောင်၏ စကားစက်ကွင်းအတွင်း အညှို့ခံထားရသကဲ့သို့ ငြိမ်ချက်သားကောင်းနေကြတော့သည်။

'ခုကြည့်စမ်း ရက္ခစိုးကြီးဖင်တုန်သတဲ့၊ တုန်ပါ့ဗျာ… တုန်ပ… တုန်ပ၊ ဟောဒီမှာ ကြည့်ကြစမ်း'

ပြောပြောဆိုဆိုနှင့် ၎င်း၏လက်ဝါးဖြင့် ရက္ခစိုး၏တင်ပါးကို ပွတ်လိုက်သည်။

'တွေ့လား… လက်ဝါးမှာ ဖုံတွေတင်နေတာ ကပ်နေတာ၊ ဒီအချိန် ဒီကာလဆိုတာ အင်မတန်မှ ဖုံထူဖုံထတဲ့ရာသီ၊ ဒီတော့ လေရူးကလေးဝေ့ပြီဆိုမှဖြင့် ဖုံတွေဟာလေထဲပျံ့ပြီး သစ်ရွက်တွေမှာ ကပ်လိုကပ်၊ တင်လိုတင်နဲ့၊ ဟော… အခုလည်း လေထဲဝေ့နေတဲ့ ဖုံတွေဟာ ရက္ခစိုးရဲ့ ဖင်ပေါ်ကိုတင်နေတာ တွေ့ကြရဲ့မဟုတ်လား၊ ဖင်ပေါ်ဖုံတွေတင်တော့ ဖုံတင်၊ ဖုံတင်တော့ ဖင်တုန်၊ အလဲ့ ရက္ခစိုးကြီး ဖင်တုန်တယ်ဗျာ၊ ဖုံတင်တာကိုမသိကြတော့ ပူတိန်… ပူတိန်… တိန်ပူ… လပျောင့် နှောင့်… ဗေဗေ့ဂျိ'

သို့ကလို ရောက်တတ်ရာရာရွတ်ဆိုပြီး ကွေးမြေအောင်ကဆော့

www.burmeseclassic.com

www.burmeseclassic.com



ရာ မန်ကျည်းတော ရွာသူရွာသားအပေါင်းမှာလည်း ဖင်မတုန့်ပဲ ဖုံတင်ခြင်းခံရသည့် ရက္ခစိုးရပ်ထုကြီးကို ကျောခိုင်းလျက် လာရာလမ်းအတိုင်း လှည်းဖြင့်တစ်ဖုံ၊ စက်ဘီးဖြင့်တစ်သွယ်၊ ခြေလျင်ဖြင့်တစ်နည်း အသီးသီးအသကအသက အသော့နှင်ခဲ့ကြပါတော့သတည်း။

■

ဟုတ်... ဟုတ်...
ဟုတ်ပါတယ်... မမည္ညွန့်ရယ်။
ကိုထွားရော... ကျွန်မပါ
အောင့်အည်း... မနေနိုင်လို့
ဘယ်သူမှ မသိအောင်
အိပ်ခန်းထဲမှာ...
တိုးတိုးတိတ်တိတ်... နှိုးစားမိပါတယ်

www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့က ဝါဆိုလပြည့်နေ့ပေဆည်း။

လပြည့်နေ့ဆိုသည့်အတိုင်း မန်ကျည်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ဥပုသ်သီတင်းသီလစောင့်သူတွေ ဖွေးဖွေးလှုပ်လှုပ် နေတော့သည်။ သည်အထဲမှာ ဘုန်းကြီးလူထွက် ကိုထွားကြီးနှင့် မလုံးတင်တို့ဖနီးမောင်နှံအပြင် သားတော်မောင် ချက်စူလည်းပါပြန်သေးတော့။

83 ဘာလိုလိုနဲ့ ချက်စူတစ်ယောက် ငါးနှစ်ပြည့်ခဲ့ပြီ။

သည်တော့လည်း မန်ကျည်းတောကျေးရွာ မူလတန်းကျောင်း၌ သူငယ်တန်းကျောင်းသားလေးအဖြစ်ပင် ခံယူနေရပါပကော။ ကျေးရွာကျောင်းက ဝါတွင်းကာလရောက်လျှင် တနင်္ဂနွေနေ့နှင့်ဥပုသ်နေ့ကို ပိတ်ပေးလေ့ရှိသည်။ သည်တော့ ဥပုသ်နေ့ကျောင်းပိတ်ရက်၌ ချက်စူလည်း မိခင်ဖခင်တို့နှင့်အတူ ဘုန်းကြီးကျောင်းသို့ လိုက်ပါခဲ့ရသည်။ အရွယ်ငယ်ပင် ငယ်သော်လည်း အင်မတန်မှ စူးစမ်းတတ်သူ၊ စကားကိုကတ်တီးကတ်ဖဲ့ ပြောတတ်သူ၊ ဆော့ကစားရာ၌ မျောက်ပင်လက်မှိုင်ချရသူဖြစ်၏။ အသက်ကြီးလေမှ ကံပေါ်၍ရလာသော တစ်ဦးတည်းသော ရင်သွေးမို့လည်း ကိုထွားကြီး၊ မလုံးတင် တို့၏ အချစ်ဆိုလျှင် မမှား။

ရွာမှာက ဘာသာတရားကို အထူးပင်ရှိသေကိုင်းရှိုင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဝါဆိုလရာသီတွင် လယ်ထဲ၌ ကောက်စိုက်ပျိုးနုတ် အလုပ်လုပ်ကြရသည်။ သည်သို့ အလုပ်များသည့်တိုင် တစ်ထိုင်ဥပုသ် ကလေးကိုဖြင့် မဖြစ်မနေလာယူကြပြီး လုပ်ငန်းခွင်ဝင်ကြသူတွေမှာ ထုနှင့်ထေး။

ဘာပဲပြောပြော ဘာသာတရားနှင့်မွေ့လျော်သော မန်ကျည်း တောရွာကလေးကား သူ့အရပ်နှင့်သူ့ဇာတ် ဟပ်သည်ဟူ၍ ဆိုပါရစေ တော့။

မန်ကျည်းတောရွာ၏ ညချမ်း။

ချက်စူတစ်ယောက် နေဝင်မိုးချုပ်သည်အထိ ဒိုးပစ်တမ်းက စားခဲ့ပြီး၊ ကြီးမေကြီးဒေါ်ညွန့်အိမ်မှ ဥပုသ်ယူထားသော မယူထား သောနားမလည်ပဲ ကလေးပီပီဗိုက်ကားအောင် ပဲကြီးဟင်းနှင့်တဝကြီး တွယ်ပြီးသည့်နောက် ဗိုက်လေးလေးဖြင့် အိပ်စက်အနားယူရလေအောင် ၄င်း၏ အိမ်ဂေဟာရှိရာသို့ လှည့်လာခဲ့သည်။ အိမ်ပေါ်သို့မတက်မီ အိမ်ခြေရင်းဘက်၌ အပေါ့အပါးသွားလိုက်သည်။ ထိုစဉ်မှာပင် အိပ်ခန်းထဲမှ ဖခင်ကြီးကိုထွားနှင့်မိခင်ဒေါ်လုံးတင်တို့၏ တွတ်တွတ် တွတ်တွတ်အသံဗလံများကို ကြားရ၍ ဘာတွေများပြောဆိုနေကြ ကြောင်း သိလိုဇောဖြင့် ထရံနားကပ်ကာ အာရုံစိုက်လိုက်သည်။ ဟော... ဟော... မိခင်ဒေါ်လုံးတင်၏အသံ။

'ဟီ... ဟီ... ဟီ... တွေးကြည့်လေ၊ ရှက်ဖို့ကောင်းလိုက် လေပဲနော် ကိုထွား'

'အို... ဘာရှက်စရာရှိရမှာလဲ ဒကာမရယ်၊ ဒီကိစ္စ ဘယ်သူ သိတာမှတ်လို့'

'အိုး... ဘယ်သူသိသိ... မသိသိ၊ ကျုပ်တို့သား ချက်စူသိ သွားရင် ပြဿနာရှင့်... ပြဿနာ'





ချက်စူတစ်ယောက် မိခင်ဒေါ်လုံးတင်၏စကားကြောင့် ခေါင်း နပန်းကြီးသွားသည်နှင့်အမျှ တောင်တောင်အီအီ အတွေးတွေ ဝင်နေမ တော့သည်။ ဟော... လာပြန်ပါကော။ ဖခင်ကိုထွားကြီး၏ အသံ၊

'အိုကွယ်... တေတေကလေးနိတ်လို့ တိတ်တိတ်ကလေးနေ စမ်း ဒကာမ၊ မင်း... ဒီလိုမျိုး အသံဗလံထွက်နေတာနဲ့ ချက်စူရောက် နေတာတိုးမှ ပိုဆိုးသွားလိမ့်မယ်'

ဟော... ဗျာ။ သည်စကားက ဘယ်အဓိပ္ပါယ်ကိုများ ဖော် ဆောင်ညွှန်းလိုက်ပါသနည်း။ ချက်စူ၏ခေါင်းမှာ ရေအိုးလောက်မှသည် ပုပ်လောက်ကြီးသွားသည် ထင်ရ၏။

'အဟီး... ဟီး... ဟုတ်ပတော်... ဟုတ်ပ၊ ခိုးစားရတဲ့ကိစ္စ များ ကောင်းသာမကောင်းတာ အရသာကတော့ တကယ့်ကို ထူးမှထူးပဲ ရှင့်... အဟင့်ဟင့်'

'ဟုတ်ပ... ဒကာမရယ်၊ တဏှာဆိုတာမျိုးဟာ အမြစ်ဖြတ်နို့ တယ်ပြီးတော့ ခက်တဲ့အရာပေပဲ၊ ဒါကြောင့်လည်း ပဋိစ္စသမုပ္ပါဒ်ကို လေ့လာတဲ့အခါ မစောင့်စည်းနိုင်၊ မအောင့်အည်းနိုင်တဲ့အရာကို ဒုက္ခ သစ္စာလို့ ဆိုထားတာကလား ဒကာမရဲ့'

'တော်ပါ... ရှင်ကလေ ပြောတော့သာ ဘုရားတရားစကား တကယ့်လက်တွေ့ကျ ကလေးကလားနဲ့'

'အဟဲ... ဟဲ... ဒါကြောင့်လည်း လူထွက်ပြီး မင့်ကိုယူ ခဲ့တာပေါ့ကွယ်၊ ဘာတဲ့ ကာမဘုံသား ဆုံလည်ရှူးဆိုလား အဟား ဟား၊ လောကမှာ ခိုးစားရတဲ့အသီးဟာ အချိုမြိန်ဆုံးပဲကွ မှတ်ထား'

ဘာတွေ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။

မနက်ကပဲ ဥပုသ်တွေယူထားကြသည်။ ခုကျတော့ ဥပုသ်နေ့ နှင့်မတူ အပြောအဆိုတွေ ပြောင်းလဲချင်တိုင်း ပြောင်းလဲသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ကော။ ချက်စူအဖို့ မိခင်၏စကား ဖခင်၏စကား တစ်မျိုးပြီးတစ်မျိုးကြားရလေတိုင်း ပုစွန်မျက်လုံးလိုပြူးသွားလိုက်၊ မည်သို့သော အဓိပ္ပါယ်ရပါလိမ့်ဟု တွေးတောဟန်နှင့် မျက်စိကလေးမှေးစင်းလိုက် ဖြစ်နေတော့သည်။

အိမ်ရှေ့ဆီမှ ခြေသံကိုဖော့လျက် အသာတက်ကြည့်တော့ အိပ်ခန်းအတွင်းဆီမှ တံခါးသည်ပိတ်လျက်ကြီး။ သည်တော့ အခန်းတံခါးကိုပိတ်လျက် လူသိမခံဝံ့သော ကိစ္စတစ်ခုခုကို ပြုမူနေသည်မှာ တင်ရှား၏။ ဘာကိစ္စပြုမူသည်ကို ချောင်းကြည့်ရအောင်လည်း ဖခင်ကိုထွားကြီးကိုယ်တိုင် ရက်လုပ်ထားသည့်ထရံက မယားခိုးရက်နည်းဖြစ်၍ အပေါက်တွေကစေ့နေ၏။ ပြီးတော့ အတွင်းထရံ၌ ကပ်လျက် လုံချည်တွေ လှန်းထားပြန်သည်ဆိုတော့ အသံဗလံကြားရရုံမှအပ ရုပ်ခန္ဓာတွေကိုတော့ မြင်တွေ့ဖို့ရာ မလွယ်ပါချေ။

အမှန်မတော့ ချက်စူအတွေးခေါင်မည့်သာ ခေါင်ရသည်။

စင်စစ် ချက်စူအတွေးပေါက်သလိုမျိုး လုံးဝမဟုတ်ချေ။

အိပ်ခန်းအတွင်းမှာတော့ လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်လျက် တစ်ယောက်တစ်လက်ဆိုသလို အင်ဖက်ဖြင့်ထုပ်ထားသော ခေါက်ဆွဲကြော်ထုပ်ကိုဖြည်ကာ မြိန်ရေရှက်ရေ တွယ်နေကြခြင်း ဖြစ်၏။

အသက်အရွယ်ကလည်းရလာ၊ ရပ်ထဲရွာထဲ လူရိုသေရှင်ရိုသေဖြစ်ရလေအောင် ဥပုသ်နေ့ရောက်တော့ လူလုံးပြကာ ပုတီးကိုယ်စီ လက်တွင်ပတ်လျက် ဥပုသ်စောင့်ခဲ့ကြသည်။ သို့ရာတွင် ညနေရောက်တော့ ခါတိုင်းဝမ်းတွင်းရှိပိုးမျိုး(၈၀)တို့အား အစာကျွေးနေကျ မကျွေးမိလေ၍ လိမ့်နေအောင်ခံရလေသည်တကား။ သည်ဒဏ်ကို လင်မယားနှစ်ယောက်စလုံး မခံနိုင်။ ဝမ်းတွင်းရှိ ပါစကမီးကို မငြိမ်း



သတ်နိုင်။ သည့်အတွက်ကြောင့် တဖက်လှည့်ဖြင့် ကိုထွားကြီးတစ်ယောက် တရုတ်ကျင်ငွေ၏ ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲကြော်ပွဲကြီးတစ်ပွဲကို အင်ဖက်ဖြင့်ထုပ်ကာ ဝယ်ယူလာခဲ့သည်။ ထို့နောက် သားတော်မောင်ချက်စူအပါအဝင် ပတ်ဝန်းကျင်ဘေးဘီဝဲယာကို အကဲခတ်လျက် အိမ်ထဲသို့ဝင်ခဲ့သည်။ မလုံးတင်ကလည်း ချက်ဆိုနားခွက်က မီးတောက်နေပြီမို့ လင်တော်မောင် အခန်းတွင်းသို့ ဝင်သည်နှင့်လှစ်ကနဲဆိုသလို အခန်းတံခါးကိုတန်း၍ ပိတ်ပြီးသားပင်။

သည်နောက် နှစ်ယောက်သား ဟီးဟီးဟားဟားဖြင့် စကားတွေတွတ်ထိုးရင်း ခပ်သွက်သွက်ကလေး တွယ်မိကြတော့သည်။ အစာအိမ်ထဲသို့ ခေါက်ဆွဲကြော်တွေ ကိုယ်စီကိုယ်ငှဝင်သွားမှပင် တရှိန်ရှိန်လောင်ကျွမ်းနေသော ပါစကမီးက ဝုတ်ကနဲငြိမ်းသွားပါချေ၏။ ကိုထွားကြီးမှာ စားကောင်းကောင်းနှင့်စားနေမိသည်မှာ ဖက်၌ပင် အကပ်အသပ်မကျန်တော့။

'ကိုထွား… တော်တော့လေ၊ အဲဒါ… ဖက်ရှင့်… ဖက်… ဖက်၊ ဘာမှတ်လို့လဲ… ဖက်'

ဖက်ကိုပင် အငမ်းမရလက်နှင့်သပ်နေသဖြင့် မလုံးတင်က သတိပေးနေရသည်။ သည်လိုမြင်ကွင်းမျိုးကို မျက်ဝါးထင်ထင် မတွေ့မြင်ရ၍ ချက်စူအဖို့ မျက်စိမျက်နှာတွေ ပျက်နေသည်။ စိတ်ထဲမှာလည်း အင်မတန်ရှက်ဖို့ကောင်းလှပါဘိဟု မှတ်ချက်ချနေမိတော့၏။ ဟော… ဟော… အသံတွေ ကြားနေရပြန်ပါပကော။

'ဒကာမရေ… ကျုပ်တော့ သလိုမျိုး အားရပါးရတွယ်လိုက်ရမှပဲ စိတ်ထဲကျေနပ်သွားတော့တယ်ဗျား'

'ကျုပ်လည်း တော့်လိုပါပဲရှင်၊ ခုမှပဲ ကြိတ်ခဲထားသမျှ အာသာပြေ သွားရတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အပေါ်း… ရှက်မယ်ဆိုလည်း ရှက်စရာနော်၊ မနက်က လူရှိသေရှင်ရှိသေဖြစ်အောင် စောင့်ထားရတဲ့ဥပုသ် ခုတော့လည်း ကျိုးသွားရရှာပေါ့'

'ဒါတော့… ဘယ်တတ်နိုင်မလဲရှင်၊ ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝေတ်မရှက်ရယ်လို့ စကားရှိသားကလား'

'အဟား… ဟား… တို့လင်မယားကတော့ တကယ့်ကိုစိတ်တူကိုယ်တူပါကလားနော်'

ကနဦး ခေါက်ဆွဲထုပ်အခန်းထဲ ဝင်ယူလာပြီး ဖြည်တော့မလုံးတင်က ဥပုသ်ကြီးကိုအားနာ၍ တွန့်ဆုတ် တွန့်ဆုတ်လုပ်ပါသေး၏။ သို့သော် ဘယ်ရလိမ့်မှာတုံး။ ကိုထွားကြီးက ကိုယ့်ကိုယ်ကိုအတင်းကာရော ချုပ်တီးထားရခြင်းမှာ ဆင်းရဲပင်ပန်း၍ အကုသိုလ်ဆိုက်တတ်ပါကြောင်း၊ ဝိကာလဘောဇနာ သိက္ခာပုဒ်ဟူသည် မအောင့်အည်းနိုင်၍ ပျက်ယွင်းကျိုးပေါက်သွားပါသော်ငြား နိဗ္ဗာန်မရောက်ချင်သာနေရမည် အပါယ်ငရဲသို့ မလားနိုင်ပါကြောင်း တရားချလေမှ…

'အင်း… ကျွန်မတော့ ရှင်အတင်းဖျက်လို့ ဥပုသ်ကျိုးရတာနော်'

ဟုလေပြေသွေးလေ၏။

'တကယ်တော့ ငါ့ဆန္ဒတစ်ခုတည်းချည်း မဟုတ်ပါဘူးကွာ၊ မင်းလည်း ဆန္ဒပါလို့ ဒီကိစ္စအထမြောက်သွားတာပဲ မဟုတ်လား၊ ဟီး… ဟီး'

'အို… တော်စမ်းပါ'

အခန်းထဲမှ တွတ်ထိုးသံတွေကို နားမခံသာသည့်အဆုံး ချက်စူလည်း ခြေဖော့လျက် အိမ်ပေါ်မှပြန်ဆင်းကာ ကြီးမေကြီးဒေါ်ညွန့်အိမ်ဘက်သို့ လှည့်ထွက်ခဲ့သည်။ ဒေါ်ညွန့်ကား သူ့အမေမလုံးတင်၏အစ်မကြီးဖြစ်လေသည်။



'ဟဲ့… ချက်စူ၊ အိမ်ပြန်မရောက်သေးဘူးလား'

ဒေါ်ညွန့်က အိမ်ထဲဝင်လာသော ချက်စူကို မေးလိုက်သည်။

'ဟင်… မျက်စိမျက်နှာလည်း မကောင်းပါလား၊ သားကိုဘယ်သူဘာလုပ်လိုက်သလဲ၊ ကြီးမေကိုပြောစမ်း… ပြောစမ်း'

ဒေါ်ညွန့်ကား အပျိုကြီးမို့ ချက်စူကို မွေးအရင်းပမာ ချစ်ခင်သူဖြစ်၏။ ခုလိုမျိုး ချက်စူတစ်ယောက် မျက်စိမျက်နှာလန်းလန်းရွှင်ရွှင်မရှိသည်ကို မြင်ရ၍ စိုးရိမ်တကြီးလည်း ဖြစ်သွားရသည်။

'ပြော… မပြောချင်တော့ပါဘူး ကြီးမေရယ်'

'ဟဲ့… ဘာလို့ မပြောရမှာလဲ… ပြောစမ်း… ပြောစမ်း၊ သား မဖြေရှင်းရဲရင် ကြီးမေကိုယ်တိုင် ဖြေရှင်းပေးမယ်'

ဒေါ်ညွန့်၏ အားပေးစကားကြောင့် ချက်စူအားတက်သွားရသည်။ သည့်အတွက်…

'သားတို့ အိမ်ခန်းထဲမှာ အဖေက အမေ့ကို ဥပုသ်ဖျက်တယ်၊ ခုဆို အဖေရော အမေရော ဥပုသ်တွေကျိုးသွားကြပြီ ကြီးမေ'

'အယ်'

အပျိုကြီးဒေါ်ညွန့်အဖို့ မမျှော်လင့်ဘဲကြားလိုက်ရသော စကားကြောင့် ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။ ခြေဖျားလက်ဖျားတွေပင်အေးစက်လာသလိုလို။

'ဘယ်လို… ဘယ်လို'

'ဟုတ်တယ် ကြီးမေရ၊ အမေကလေ အဖေ့ကို ဖက်… ဖက်… ဖက်လို့ ပြောတယ်ဗျ'

'အို'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ အဖေက အမေ့ကို သည်လိုမျိုး အားရပါးရ တွယ်လိုက်ရမှပဲ စိတ်ထဲကျေနပ်သွားသတဲ့'

'အာ'

'သည်တော့ အမေကလည်း ပြန်ပြောတယ်ကြီးမေ'

'ပြောစမ်း... ပြောစမ်း၊ နန့်ကြောဆွဲတဲ့ကောင်မ ဘာပြန်ပြောသလဲ၊ ကြီးမေကို ပြောစမ်း'

'အမေက ကျုပ်လည်း တော့်လိုပါပဲရှင်၊ ခုမှပဲ ကြိတ်ခဲထားသမျှ အာသာပြေသွားတော့တယ်' တဲ့ ကြီးမေရဲ့'

'တောက်! လုံးတင်တို့များ အခါကြီးရက်ကြီးမရှောင် နေဦး၊ ငါနဲ့တွေ့မယ်၊ လာ... ချက်စု ကြီးမေနဲ့လိုက်ခဲ့'

ဒေါ်ညွှန့်လည်း ထဘီကိုခပ်တိုတို တင်းတင်းရင်းရင်းဝတ်လျက် မြေးတော်မောင်ချက်စုလက်ကိုဆွဲကာ အိမ်ပေါ်မှဆင်းပြီး မလှမ်းမကမ်းရှိ ချက်စုတို့ အိမ်ခြံဝင်းထဲသို့ ဝင်လာခဲ့လေ၏။

ထိုအချိန်မှာတော့ ကိုထွားကြီးနှင့်မလုံးတင်တို့ လင်မယားလည်း ပါစကမီးငြိမ်းကာ အာလျှတွေပြေသွားကြရလေကား အိမ်ခန်းတွင်းမှ အိမ်ပြင်သို့ ထွက်ကြလေ၏။ ဤတွင် ဒေါ်ညွှန့်နှင့်ပက်ပင်းတိုးပါလေတော့၏။

ဒေါ်ညွှန့်မျက်နှာမှာ ခပ်တင်းတင်းနိုင်သလောက်၊ ကိုထွားကြီးမှာမူ သူခိုးလူမိသည့်နှယ် ပြူးပြီးပြီးနှင့်။ မလုံးတင်မှာတော့ မျက်စိမျက်နှာခပ်ပျက်ပျက်။

'ဟေ့... လုံးတင်၊ နင်တို့ အမှန်အတိုင်းပြောစမ်း၊ ဥပုသ်ကြီးနဲ့ အိမ်ခန်းထဲမှာ ခိုးစားကြတယ်ဆို'

'အဲ... အဲ'

'ဘာ... အဲအဲ... လဲ၊ မှန်တဲ့အတိုင်း ပြောစမ်း'





ဤသို့ မလုံးတင်မှာလည်း ခိုးထုပ်ခိုးထည်နှင့်အမိခံလိုက်ရသော တရားခံတစ်ယောက်နှင့်မခြား။

'ဟုတ်... ဟုတ်... ဟုတ်ပါတယ် မမညွှန့်ရယ်၊ ကိုထွားရော ကျွန်မပါ အောင့်အည်းမနေနိုင်လို့ ဘယ်သူမှမသိအောင် အိမ်ခန်းထဲမှာ တိုးတိုးတိတ်တိတ် ခိုးစားမိပါတယ်'

သည်စကားကြားရတော့ အပျိုကြီးဒေါ်ညွှန့်ခမျာ ရင်ဘတ်စည်တီး ဖြစ်ရလေတော့၏။

'အမယ်လေး... လုံးတင်ရယ်၊ ဖြစ်မှဖြစ်ရလေ အဖြဲ့ဟ္မာစရိယပုဒ်ကြီးကို အိမ်ထောင်ကျကတည်းက ပုဒ်လာခဲ့တာ၊ နင့်သားချက်စုတောင် ဒီအရွယ် ရောက်လာခဲ့ပြီ။ ဟောဒီ ဥပုသ်ရက်ကလေးတစ်ရက်ကိုတောင် အောင့်မထားနိုင်လောက်အောင် ပုဒ်တာတော့ လွန့်ကိုလွန်လွန်းလှပါကလားဟဲ့'

သူ့အတွေးနှင့်သူ ဖြစ်တင်မောင်းမဲနေလေသော ဒေါ်ညွှန့်ကြောင့် ကိုထွားကြီးနှင့်မလုံးတင်လည်း သနစ်အမှန်ရှင်းလင်းရန်အတွက် အိမ်ခန်းထဲရှိ ခေါက်ဆွဲကြော်ထုပ်အခွံအား သက်သေပြရန် အိမ်ခန်းတွင်းသို့ ပြိုင်တူဝင်မိခဲ့ကြပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

ရင်ခေါင်းနဲ့ လည်ချောင်းထဲမှာ
ချွဲသလိပ်တွေ
ရှိနေလို့ ပေါ့ အဘရယ်။
အဲဒီ... ချွဲသလိပ်တွေ
အပြင်ကို ထွက်ကျကုန်မှ
အဘရဲ့ ရောဂါ သက်သာသွားမှာ။
ဒီတော့...
ကျွန်တော်ပေးတဲ့ဆေးကို
အဘသောက်ရမယ်။
ဆေးသောက်ပြီးတာနဲ့ သိပ်မကြာခင်

www.burmeseclassic.com

www.burmeseclassic.com

သည် မန်ကျည်းတောကျေးရွာမှာတော့ ဗိန္ဒောဆရာဦးအောင်ကြီးဆိုသည်မှာ နာမည်တစ်လုံးနှင့်ဟု ဆိုရမှာပါချိမ့်။ မန်ကျည်းတောကျေးရွာသူ ကျေးရွာသားများသာမက ရွာနီးချုပ်စပ်ကပါ ကျန်းမာရေးနှင့်ပတ်သက်လာလျှင် တကယ့်ကို အားကိုးအားထားပြုရသူ ဖြစ်၏။ ဦးအောင်ကြီး၏ အိမ်သူဇနီးမလှရီကား တကယ့်ကို ပါရမီဖြည့်ဘက်ကောင်းတစ်ဦး ဖြစ်သည်။ လင်တော်မောင် ဆေးဖော်ခပ်နေလျှင် လိုအပ်သည့်အကူအညီကို ပေး၏။ ရပ်ထဲရွာထဲမှာတော့ တက်ညီလက်ညီရှိသည့် စုံပြလင်မယားဆိုလျှင် မမှား။

'ရောဂါနဲ့ဆေး၊ တည့်အောင်ပေးက၊ ပျောက်ရေးဘယ်မှာ မခက်ပါတဲ့ကွ၊ ရောဂါဝေဒနာသည်တစ်ယောက်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတာ ရှိတယ်။ ဒါကိုလည်း ဝေခွဲပိုင်းခြားတတ်ရမယ်။ လူတစ်ယောက် ကျန်းမာရေးကောင်းမွန်တယ်ဆိုတဲ့ နေရာမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးက အခြေခံပဲ၊ အဲသည် အခြေခံဓာတ်ကြီးလေးပါး ညီညွတ်မျှတနေမယ်ဆိုရင် ဥပဒ္ဒေဝကံသာမထိုက်နဲ့၊ ကျန်းမာရေးဆိုတာ ဒေါင်ဒေါင်မြည်ပဲဟေ့။ အဲ… တစ်ပါးပါး ချွတ်ယွင်းဖောက်ပြန်လို့ကတော့ ကျန်းမာရေးချို့တဲ့ပြီလို့သာ မှတ်လိုက်ပေတော့'

ဒါက ရုံဖန်ရုံခါဆိုသလို ပြောလေ့ဆိုလေ့ရှိသော သူ၏ သက်သုံးစကား။ မလှရီကတော့ ကြားရဖန်များ၍ နားရည်ဝနေသည်။

www.burmeseclassic.com



'လူမမာတစ်ယောက်ကို ကုသပေးရမယ်ဆိုကြပါစို့၊ တချို့မာတ်စာကျွေးရုံနဲ့ ဝေဒနာသက်သာပျောက်ကင်းတာမျိုး ရှိတယ်။ 'အစာလည်းဆေး၊ ဆေးလည်းအစာ'ဆိုတဲ့ စကားလည်း အရှိသားကလား၊ အဲ··· တချို့ လူမမာကျပြန်တော့ ဘယ်မာတ်ဆေးဝါးမှမလိုဘဲ သူ့ဘာသာသူ အချိန်တန်ရင် ဝေဒနာသက်သာပျောက်ကင်းတာမျိုးလည်း ရှိပြန်တယ်။ ဒီတော့ အရေးကြီးဆုံးက ဆေးဆရာတစ်ယောက်အနေနဲ့ ကိုယ့်လူနာရဲ့အနေအထားကို အကဲခတ်ဆုံးဖြတ်ချက်ချတတ်ဖို့လိုတယ်'

မလှရီခများမတော့ လင်တော်မောင်ဗိန္ဒောဆရာထံမှ'ဆေးဝါးစကား၊ နေ့တိုင်းကြားက၊ ထူးခြားသေချာ၊ အတတ်ပညာတွေ တိုးသည်သာတည်း။ ထို့ကြောင့်ပင် လင်တော်မောင်ဆေးကုထွက်နေပါကအိမ်သို့ 'ဗိုက်နာလို့ပါ' 'ချောင်းဆိုးလို့ပါ''ဝမ်းတွေဒလဟော သွားနေလို့ပါ''ကျောပူခေါင်းပူ ဖြစ်လို့ပါ' အစရှိသဖြင့် အပရိကရောဂါဝေဒနာရှင်တွေ လာရောက်သည်ရှိခဲ့သော် 'ဒါလေးများ ကမ္ဘာအေးသွား'ဆိုသကဲ့သို့ သူမကိုယ်တိုင် ဆေးဝါးအချို့ကို စပ်ဟပ်ပေးလိုက်သည်ချည်း။ သူမ စပ်ဟပ်ပေးသမျှ ဆေးဝါးတွေကလည်း ရောဂါနှင့်ဆေး တည့်စပ်သွား၍ထင့်၊ သက်သာပျောက်ကင်းသွားကြသည်ချည်းသာ၊ သည်တော့လည်း ဗိန္ဒောဆရာဦးအောင်ကြီးတို့ လင်မယားရှိနေခြင်းသည် မန်ကျည်းတောရွာအတွက်တော့ ခေတ်သစ်ဇီဝက ရှိနေခြင်းပဲဟု ၊ မှတ်ယူထားခဲ့ကြသည်။

တခါတခါကျတော့လည်း ဦးအောင်ကြီးက အရွှန်းဖောက်တတ်သည်။ တခါက ၄င်းထံ ဘုန်းကြီးလူထွက်ကိုထွားကြီးနှင့်သားတော်မောင်ချက်စူတို့ ရောက်လာ၏။ ကိစ္စက ချက်စူတစ်ယောက်အိပ်ရာထဲယောင်ရမ်းပြီး သေးပေါက်ချတတ်သည့်ကိစ္စ။



'ကူညီပါဦး ဆရာဦးအောင်ကြီးရယ်၊ ကျုပ်ဒကာမ မလုံးတင်ခများမလဲ နေ့တိုင်းကို သေးဝတ်လျှော်နေရတော့ လက်မောင်းနှစ်ဖက်လုံး ဝိတ်သမားရဲ့လက်မောင်းလို တုတ်တုတ်ခဲခဲကြီး ဖြစ်နေပြီ၊ သေးကလည်း ဘယ့်ကလောက်တောင် ပြင်းသလဲ မသိဘူး၊ စောင်တွေ အိပ်ရာခင်းတွေဆိုတာ သေးစားတာနဲ့ ခဏကလေးကို ခွေးကုန်ပါလေရောဗျာ'

'မပူပါနဲ့ ကိုထွားရယ်၊ ရောဂါနဲ့ဆေး တည့်အောင်ပေးလိုက်ရင် အားလုံးအဆင်ချောသွားမှာပါ၊ ဒီလိုလုပ်··· ဒီလိုလုပ်'

သို့စကားခံပြီး လူရိုးလူအကိုထွားကြီးအား နည်းလမ်းတစ်ခုပေးလိုက်သည်။ ကိုထွားကြီးလည်း အိမ်ပြန်ရောက်တော့ အဆိုပါနည်းကိုသုံးရန် ဘန်ချည်ကြိုးကို ရှာလေသည်။ ရလေသောအခါ ချက်စူအိပ်ရာဝင်တော့မည့် အချိန်၌ ၄င်း၏ ရွှေပန်းထိပ်ကလေးအား အရေခွံဆွဲယူပြီး ဘန်ချည်ကြိုးဖြင့် ခပ်တင်းတင်းလေးရစ်ပတ် ပေးလိုက်တော့၏။

'တယ်တော်တဲ့ ဗိန္ဒောဆရာပဲကွာ၊ ဒါကြောင့်လည်း တို့တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကပါ အပင့်ခံနေရတာပေါ့၊ ခုလည်းကြည့်စမ်း သေးပန်းမယ့်အတံကို ခုလိုမျိုးပိတ်ဆို့လိုက်တော့ ဘယ်လိုလုပ် ဆီးသွားနိုင်တော့မှာလဲ၊ မနက်ကျမှ ပြန်ဖြည်ပေးလိုက်မယ်၊ မင်းလည်း သေးစိုအထည်တွေကို လျှော်စရာမလိုတော့ဘူးပေါ့'

မလုံးတင်ကတော့ ဘာမျှမဝေဖန်။ လင်တော်မောင်လုပ်ကိုင်သမျှကိုသာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေလေသည်။

အစပိုင်းတော့ အဟုတ်သား။

သန်းခေါင်ကျော်လောက်မှာတော့ ချက်စူခမျာ ဆီးကြောင်

www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းလာသည်။ ခါတိုင်းပေါက်နေကျ အချိန်ရောက်လာ၍ သေးကလည်း ပေါက်ချင်လာသည်။ သို့ရာတွင် ရွှေပန်းထိပ်၌ ကြိုး သေသေချာချာချည်ထားလေတော့ သေးကဘယ်လိုမှ ထွက်မလာခဲ့။ ဤ၌ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်ကာ ကြက်သီးမွေးညင်းများပင် ထလာလေသည်။

'အား… အမလေး… သေ… သေပါတော့မယ်ဗျ။ လုပ်… လုပ်ကြပါဦး၊ သေပါတော့မယ်'

ချက်စူတစ်ယောက် အိပ်ရာထက် ထထိုင်ကာ စူးစူးဝါးဝါး အော်ဟစ်ပါလေတော့သည်။ ၎င်း၏ စူးစူးဝါးဝါးအသံကြောင့် လင်မယားနှစ်ယောက်စလုံး အိပ်ရာမှနိုးလာခဲ့သည်။

'ချက်စူ… သား… သားလေး ဘာဖြစ်တာတဲ့တုံး၊ အမေ့ကို ပြောစမ်း… အမေ့ကို ပြောစမ်း'

မလုံးတင်ခမျာ ပြူးပြူးပြာပြာ ဖြစ်သွားရလေသည်။ မဖြစ်ဘဲကော နေပါမည်တဲ့လား။ ကြီးတောင့်ကြီးမားကျကာမှ ရှားရှားပါးပါး ထွန်းကားလာသော သားရတနာလေးကိုဖြင့် မည်သည့်နည်းနှင့်မျှ ဘေးမသီရန်မခစေချင်ခဲ့။

'ပြော… ပြောလေ ဘာဖြစ်လို့လဲ'

'သေး… သေးပေါက်ချင်တယ် အမေ၊ အဖေကြိုးနဲ့ချည်ထားလို့ ဘယ်လိုမှပေါက်လို့ မရတော့ဘူး၊ ဆီးခုံကြီး ကွဲထွက်တော့မယ်'

'ဟယ်… ဖြစ်ရလေ၊ ကိုထွား… သားကို ကြိုးမြန်မြန်ဖြည်ပေးလိုက်ချေ'

'အေး… အေးပါကွာ'

ဖခင်ကိုထွားကြီးလည်း ကမန်းကတမ်းဆိုသလို ချက်စူ၏



ရွှေပန်းထိပ်မှ ကြိုးစကလေးကို အလျင်အမြန်ဖြေချပေးလေ၏။

ချက်စူကမတ်တတ်။

၎င်းက ချက်စူရှေ့မှောက်၌ ဒူးထောက်လျက်သား။

ဤ၌ ဘယ့်ကလောက်တောင် အောင့်အည်းထားရလေသည်မသိ။ အပြင်သို့ အလွန်တရာထွက်ချင်လှစွာသော ဆီးတို့သည် ရွှေပြွန်မှတဆင့် ပြွတ်တံထိုးချလိုက်သည့်အလား အရှိန်ပြင်းစွာ ပန်းထွက်လာခဲ့ရာ ပါးစပ်အဟောင်းသားဖြစ်နေသော ကိုထွားကြီး၏ ခံတွင်းသို့လည်းကောင်း၊ မျက်နှာပြင်တခုလုံးသို့လည်းကောင်း သေးမိုးဖျန်းခြင်း ခံလိုက်ရလေသတတ်။

သည်ကတည်းက ဗိန္ဒောဆရာဦးအောင်ကြီး အချိန်နှင့်မလိုက်သည့်ဒဏ်ကို ကိုထွားကြီးခမျာ ကောင်းကောင်းကြီး ခံစားခဲ့ရပါချေ၏။ သို့ပါသော်ငြား ကင်းအောင်နေ၍လည်း မဖြစ်နိုင်သည်မို့ အလိုက်သင့် အလျားသင့် ခေါ်ပြောဆက်ဆံနေရပါတော့သည်။ ဆရာဦးအောင်ကြီးကား သာရေးနာရေးအိမ်များ၌ လူငယ်တွေနှင့်ဆုံရပြီဆိုလျှင် ဂေါတမဘုရားရှင်ခေတ်အခါက ဆေးကုသရာ၌ နာမည်ကျော်လှသော သမားတော်ကြီးဇီဝကအကြောင်းကို ပြောလေ့ရှိ၏။

'မင်းတို့ သမားတော်ကြီးဇီဝကဆိုတာ ကြားဖူးကြတယ် မဟုတ်လား၊ လောကမှာ နွယ်မြက်သစ်ပင်မှန်သမျှ သူ့နေရာနှင့်သူ အစွမ်းထက်တဲ့အကြောင်း သာဓကပြခဲ့တဲ့ ဒိတ်ဒိတ်ကြဲသမားတော်ကြီးပဲပေါ့၊ သူ့ခေတ်သူ့အခါမှာလည်း အံသက်နဲ့ရင်းပြီး ဆေးဝါးကုသခဲ့ရဖူးတယ်'

'ဟုတ်လား၊ မကြားဖူးသေးဘူးဗျာ၊ လုပ်ပါဦး ဆရာဦးအောင်ကြီးရယ်'

ဗဟုသုတလိုလားကြကုန်သော လူငယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်တွန်းတွန်း စကားကြောင့် ဦးအောင်ကြီးလည်း အာပေါင်အာရင်းသန်ရပါချေပြီ။

'အေး… မကြားဖူးသေးရင်လည်း ပြောပြရတာပေါ့ကွာ၊ တစ်ခါတုန်းက ဟိုသင်းဟိုရှာတိုင်းပြည်မှာ ဟိုသင်းဟိုရှာဘုရင်ကြီး အုပ်ချုပ်တုန်းကပေါ့'

'တိုင်းပြည်နာမည်နဲ့ ဘုရင်ကြီးရဲ့နာမည်ကလည်း တစ်မျိုးကြီးပါပဲလား၊ ဟိုသင်းဟိုရှာတဲ့လား'

'အေးကွာ… ငါလည်းဦးနှောက်ထဲ မှတ်ရတာတွေများနေလို့ လှုံ့ထွက်ကုန်ပြီ၊ ထားလိုက်ပါတော့ကွာ တိုင်းပြည်တစ်ပြည်က ဘုရင်တစ်ပါးလို့ပဲ၊ အေး… အဲဒီဘုရင်ကြီးမှာ ခေါင်းခဲဝေဒနာစွဲနေတယ်ဆိုပဲ၊ သူ့တိုင်းပြည်က သမားတော်သမားကျော်ကြီးတွေ ကုသပေးကြပေမဲ့ မပျောက်ဘူးဖြစ်နေတယ်။

ဘုရင်ကြီးက ထောပတ်ဆိုရင် သိပ်မုန်းတဲ့သူ၊ အနံ့ခံဖို့မပြောနဲ့ 'ထော… ပတ်' ဆိုတဲ့အသံတောင် မကြားချင်တဲ့သူ၊ တကယ်တော့ ဘုရင်ကြီးရဲ့ ဝေဒနာပျောက်ဖို့ဆိုရင် ထောပတ်မပါလို့မရဘူး၊ ဘုရင်ကြီးက ဆေးကုရာမှာနာမည်ကျော်တဲ့ ဇီဝကကိုပင့်ပြီး ကုသစေခဲ့တယ်၊ ဇီဝကလည်း ထောပတ်နဲ့ဆေးဖော်ပြီး ထောပတ်မပါတဲ့အကြောင်း လိမ်ညာတိုက်လိုက်တယ်၊ တိုက်ပြီးတာနဲ့ အသင့်စီမံထားတဲ့ဆင်နဲ့ တိုင်းပြည်ကလွတ်အောင် ပြေးရတော့တာပဲ။

ဘုရင်ခမျာ ဆေးသောက်ပြီး ကြို့ထိုးတဲ့အခါ ထောပတ်နံ့က ထောင်းခနဲဆိုသလို ထွက်လာတယ်၊ ဝေဒနာကတော့ ရှင်းရှင်းကို ပျောက်ပါရဲ့၊ ဒါပေမဲ့ သူ့အလွန်အင်မတန်မုန်းတီးတဲ့ ထောပတ်ကိုဆေးအဖြစ်လိမ်ညာပြီး တိုက်ရပါ့မလားဆိုပြီး အမျက်ဒေါသချောင်းချောင်းထွက်လို့ ဇီဝကကိုသတ်ရအောင် လိုက်ဖမ်းတယ်ဆိုပဲ၊ ဒါပေမဲ့ ဇီဝက





ဟာ အကွက်ကျကျစီမံထားတာမို့ အသက်ဘေးမှလွတ်သွားတယ်ဆိုပဲ'

သည်လိုမျိုး မှတ်သားစရာအကြောင်းအရာဖွေကို စီကာပတ်ကုံး ပြောဆိုတတ်၍လည်း ဗိန္ဓောဆရာဦးအောင်ကြီးဆိုသည်မှာ နာမည်တစ်လုံးရနေခြင်းပေတကား။

ခုလည်း ဒေါင့်ကွေးရွာက လူမမာတစ်ဦးအတွက် ၄င်းအား ဆေးဆရာလာပင့်ခဲ့သည်။ ကိုထွားကြီးကလည်း ဒေါင့်ကွေးရွာ၌ မျိုးစပါးဖိုး ငွေချေးရမည်မို့ နှစ်ဦးသားတစ်ဦးကိုတစ်ဦး အဖော်သဟဲပြုရင်း လာပင့်သူနှင့်အတူ ဒေါင့်ကွေးရွာသို့ လိုက်ပါသွားခဲ့လေ၏။

လူမမာကား အသက်ခြောက်ဆယ်ခန့်ရှိမည့် အဘိုးကြီးတစ်ဦး။

နာမည်က ဒေါင့်ကွေးသန့်တဲ့။ သူ့ရပ်သူ့ရွာအပေါ် အလွန်အင်မတန်ချစ်၍ထင့်။ မှည့်ခေါ်ထားသောအမည်၌ ရွာနာမည်က ရှေ့တန်းမှာပါနေသည်။

'အဘဒေါင့်ကွေးသန့်က နာမည်နဲ့လိုက်အောင် အသန့်အပြန့် သိပ်ကြိုက်တာဆရာရဲ့၊ သူ့ရှေ့မှာ ရွံစရာကိစ္စတွေ သွားမပြောလိုက်နဲ့ ချက်ချင်းကို အန်ထုတ်တော့တာပဲ၊ ဒေါသကလည်း အရွယ်နဲ့မလိုက်အောင် သိပ်ကြီးပြန်သေး'

လူနာလာပင့်သူ၏ပြောစကားကြောင့် လူမမာ၏စိတ်ထားအခြေအနေကို ကြိုသိရသည့်အတွက် အားရကျေနပ်ခြင်းကြီးစွာဖြင့် ဆရာဦးအောင်ကြီးလည်း ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။ လူမမာနှင့်တွေ့တော့ ပြောသည့်အတိုင်းပင် လူရည်ကခပ်သန့်သန့်၊ ဝတ်စားထားသည်ကလည်း ဖြူဖြူစင်စင် ကြော့ကြော့မော့မော့။

လူမမာကို သေသေချာချာဆန်းစစ်ကြည့်လိုက်တော့ ဖြစ်ပွားနေသည့် ရောဂါဝေဒနာက ရွံ့သလိပ်ကျပ်သည့်ဝေဒနာ။ သည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် ချွဲသလိပ်တွေကပျစ်ခဲနေသည်ဆိုတော့ အသက်ရှူသံသည် ဖြောင့်ဖြောင့်စင်းစင်းမဟုတ်။ တခွီးခွီးနှင့်…။ တစ်ခါတစ်ရံ မြွေတွန်သံအလား တရှီရှီနှင့် မြည်နေလိုက်ပြန်သေး။

'ညညဆို ပက်လက်လှန်နေလို့မရဘူး၊ ဖင်ဘူးတောင်းထောင်ပြီးနေရတယ်၊ အသက်ရှူလို့လည်း ဝတယ်မထင်ဘူး'

'ရင်ခေါင်းနဲ့လည်ချောင်းထဲမှာ ချွဲသလိပ်တွေရှိနေလို့ပေါ့ အဘရယ်၊ အဲဒီချွဲသလိပ်တွေ အပြင်ကိုထွက်ကျကုန်မှ အဘရဲ့ရောဂါ သက်သာသွားမှာ၊ ဒီတော့ ကျွန်တော်ပေးတဲ့ဆေးကို အဘသောက်ရမယ်၊ ဆေးသောက်ပြီးတာနဲ့ သိပ်မကြာခင် ယူပစ်သလိုပျောက်သွားရမယ်'

ဆရာဦးအောင်ကြီး၏ စကားကြောင့် ရင်ကျပ်ပန်းနာသည် ဘကြီးဒေါင့်ကွေးသန့်၏မျက်နှာမှာ လန်းရွှင်သွားလေ၏။ ဆေးဆရာတစ်ယောက်၏ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကား လူမမာအတွက်တော့ ဝမ်းမြောက်ပီတိဖြစ်ဖွယ်ပင်။

'ကိုထွားရေ… ကျုပ်ကို ဆေးအိတ်ပေးဗျာ'

ဦးအောင်ကြီးလည်း ဆေးလွယ်အိတ်ကိုယူကာ အိမ်အောက်သို့ ခဏဆင်းသွားပြီး အတော်ကလေးကြာမှ ပြန်တက်လာသည်။ ကေ့ အိမ်အောက်ဆင်းပြီး လင်းလင်းချင်းချင်း၌ ဆေးစပ်ခြင်းဖြစ်ပေလိမ့်မည်။

'ကိုင်း… အဘ၊ တစ်ခါတည်းဝါးစားပြီး ရေနွေးမျှောလိုက်ပေတော့'

ကိုထွားကြီး လှမ်းမြင်လိုက်ရသည်က ဖန်ဂေါ်လီအရွယ်မျှ တရှိ မည်းမည်းအလုံးကလေးဖြစ်၏။ အဘိုးကြီးဒေါင့်ကွေးသန့်လည်း ဆေးလုံးကိုလှမ်းယူပြီး အမှာစကားအတိုင်း ဝါးမျိုချလိုက်သည်။



'အဟမ်း… အရသာဘယ်လိုရှိတုန်းအဘ'

'အေးကွာ… တစ်မျိုးကြီးမှ တစ်မျိုးကြီးပါပဲ၊ မာတဲ့နေရာမှာမာ၊ ပျော့တဲ့နေရာပျော့နဲ့၊ ပြီးတော့လည်း ငံကျိကျိကြီး မောင်ရင့်ဆေးက ဘယ်လိုဆေးကြီးမှန်း မသိဘူး'

'အင်မတန်အစွမ်းထက်တဲ့ဆေးပေါ့ အဘရယ်၊ အဘအတွက် အထူးရှာဖွေစပ်လိုက်တဲ့ဆေးခင်ဗျ၊ တော်လေးကြာရင် အဘရင်ခေါင်းထဲမှာ ဒုက္ခပေးနေတဲ့ချွဲသလိပ်တွေ အပြင်ကိုအန်ထွက်ကျလာစေရမယ်'

'ဟေ… ဟုတ်လား'

'သေချာတာပေါ့ အဘရယ်၊ ဒါထက် အဘကိုမေးရဦးမယ်၊ အဘကိုကြည့်ရတာလည်း အင်မတန်သန့်ပြန့်နေတာပဲ၊ အဘက သိပ်ရှုံ့တတ်တာပဲဆို'

'အမှန်ပေါ့ကွာ ငါက ရှုံ့တတ်နေရာမှာတော့ နှစ်ယောက်မရှိတဲ့ နိုးတူးပဲကွ'

'ဒါဆို… ဟုတ်ပြီ၊ ကိုင်း… အဘသေသေချာချာ နားထောင်ပေတော့၊ ကျွန်တော်အဘကို ခုနကတိုက်တာ တကယ့်ဆေးမဟုတ်ဘူး ခင်ဗျ'

'ဟေ… ဆေးမဟုတ်ဘူး ဟုတ်လား၊ ဒါဖြင့် အဲဒါ… ဘာလဲ'

'အဲဒါ… ကျွန်တော့်နှာခေါင်းထဲက နှပ်ချေးဖတ်တွေခွာပြီး တံတွေးနဲ့လုံးထားတာ'

သို့ကလို ပြောဆိုပြီးသကာလ ဗိန္ဒောဆရာဦးအောင်ကြီးလည်း ကိုထွားကြီးအား မျက်ရိပ်မျက်ကဲပြလျက် ဆေးလွယ်အိတ်ကိုကောက်ကိုင်ကာ နေအိမ်ပေါ်မှ ဒိုင်းခနဲပြေးဆင်းသွားပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'တောက်··· ခွေးမသား ဆေးဆရာ သေပေတော့'

အဘိုးကြီးက ဒေါသတွေအလိပ်လိုက်ထလျက် အပါးတွင်ရှိသော ကွမ်းအစ်ဖြင့် လှမ်းပေါက်လိုက်လေ၏။ ကံအားလျော်စွာပင် အပြေးမြန်လှစွာသော ဆေးဆရာနှင့်ကိုထွားကြီးတို့ကို မထိပဲကွမ်းသီးပင်နှင့်သွားထိပြီးသကာလ ထုံးဘူးမှာ လွင့်ထွက်သွား၏။ ကွမ်းသီးစိတ်များ ပြန့်ကြဲသွား၏။ ဆေးရွက်ကြီးများ ဖွာထွက်သွား၏။ ကွမ်းရွက်များ ပလူပျံသွား၏။

'ငါ့··· ငါ့ကို ညစ်တီးညစ်ပတ်တွေ ညာကျွေးသွားတယ်၊ အောင်မယ်လေး··· လေး··· ရွံ့စရာကောင်းလိုက်လေခြင်းဗျာ၊ ဝေါ့··· အဲ့··· ဝေါ့··· ဝေါ့'

ထွေးခံကိုကောက်ယူ၍ အန်ချလိုက်ရာ ရင်ခေါင်းထဲမှ ချွဲသလိပ်ခဲများသည် အထွေးလိုက် အထွေးလိုက် ထွက်ကျကုန်တော့၏။

သည်ကုထုကား··· ထိရောက်လှပါဘိ။

အဘဒေါင့်ကွေးသန့်တစ်ယောက် အဲသည်နေ့မှစ၍ ရင်ကျပ်ပန်းနာဝေဒနာ အရှင်းကြီးပျောက်သွားကာ အိပ်ပျော်စားဝင် ကျန်းမာလန်းရွှင်လာပါလေတော့၏။

ဓာတ်လိုက်ကျော် ဗိန္ဒောဆရာဦးအောင်ကြီးလည်း ထိုနေ့ထိုရက်မှစ၍ 'ခေတ်သစ်ဇီဝကကြီး'ဆိုသည့် ဂုဏ်ထူးဝိသေသ ရရှိသွားပါလေသတတ်။

■

သိပ်ပါတော်··· သိပ်ပါ။
မိန်းမမြင်တိုင်း
ရှုပိုးထိုးနေတဲ့အကောင်ပဲ။
တော်နဲ့မညားခင်တုန်းကဆို
ကျုပ်ကိုတောင်···
ရစ်သီရစ်သီ··· လုပ်တဲ့အကောင်။
ခု···
ဒီကောင်ပိုးလမ်းနဲ့
ကျုပ်သား··· ချက်ရှုက
ဘာများ ပတ်သက်နေလို့လဲ···

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်နှစ်မှာတော့ ချက်စူတစ်ယောက် မန်ကျည်းတောကျေးရွာ မူလတန်းကျောင်း၌ ကျောင်းတော်သားတစ်ဦးဖြစ်ခဲ့ရလေပြီ။ ကျောင်းအပ်ကာလ၌ မည်သည့်ကလေးတွေ ကျောင်းမပျော်ကြစေကာမူ၊ ချက်စူကတော့ တကယ့်ကို ကျောင်းပျော်။

ကျောင်းကပြန်လာပြီဆိုလျှင် ဘယ်ဆရာကတော့ဖြင့် ဘယ်လို၊ ဘယ်ဆရာမကတော့ဖြင့် ဘယ်သင်းဖြင့် မျက်စိထဲမြင်သာအောင် သူမို့ ပြောဆိုတတ်သည်။ သင်ပေးလိုက်သော စာတွေကိုလည်း အသံပြဲကြီးဖြင့် အော်ဖတ်ရသည်မှာ အမော။ သည်မြင်ကွင်းကို မြင်တွေ့အားရနေသူကား သင်းကို ကိုးလလွယ်ဆယ်လမွေးခဲ့ရသည့် ဒေါ်လုံးတင်ပင် ဖြစ်လေသတည်း။

'ကျုပ်သားချက်စူက တစ်နေ့ကျရင် ဘွဲ့ရပညာတတ်ကြီးဖြစ်မှာတော့'

သည်သို့ သားတော်မောင်ကို အမွှန်းတင်တော့ ဘုန်းကြီးလူထွက် ကိုထွားကြီးကလည်း အားကျမခံ။

'မျိုးစေ့သန့်လို့ အပင်မှန်တာပေါ့ကွ၊ သူ့အဖေဖြစ်တယ် ငါကလည်း နှယ်နှယ်ရရမှတ်လို့ 'ဘဒ္ဒန္တနန္ဒိယ' ဆိုတဲ့ ဘွဲ့ရခဲ့သူပါကွ'

'ကျုပ်ပြောတာ အဲဒီဘုန်းကြီးဘွဲ့ကို ပြောတာမဟုတ်ဘူး၊ ပညာရေးဘွဲ့ကို ပြောတာရှင့်··· ပညာရေးဘွဲ့ကိုပြောတာ၊ ကျုပ်သားကတော့လို အုန်းသီးအူထွက် အခေါ်ချောင်မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းစကားက ဘာတုံးကွ၊ အုန်းသီးအူထွက် အဆန်ချောင်ဆိုတာ'

'အုန်းသီးအူထွက် အဆန်ချောင်ဆိုတာ ဘုန်းကြီးလူထွက် ဉာဏ်ကြောင်နဲ့ ခိုင်းနိုင်းလိုက်တာရှင့်··· ခိုင်းနိုင်းလိုက်တာ'

'အယ်'

ဒေါ်လုံးတင်၏ ချက်ကျလက်ကျ နှက်ထည့်လိုက်သည့်စကားကြောင့် ကိုထွားကြီးခင်မျာ ဇက်ကလေးပု၍ ဝင်သွားတော့သည်။ ထိုအချိန်မှာတော့ ချက်စူတစ်ယောက် သနပ်ခါးအဖွေးသားနှင့် ကျောင်းလွယ်အိတ်ကိုလွယ်ကာ ကျောင်းသွားဖို့ပြင်နေလေပြီ။

'ငါ့သား··· ကျောင်းသွားတော့မလား'

'ရက်စ်··· မာမီ'

'အောင်မလေး··· လေး ငါ့သားက ဘိုစာတွေဘာတွေ တတ်နေပါပကောလား၊ ရော့··· ရော့··· မုန့်ဖိုးယူသွား'

'သိုင်းခရူ··· မာမီ··· ဘဲရီး··· ဘဲရီး သိုင်းခရူ'

ချက်စူက ဘိုလိုမှတ်၍ ထွက်အသွားမှာတော့ ဒေါ်လုံးတင်ခမျာ ပီတိတွေတဝေဝေနှင့် ပြုံးပြုံးကြီးကျန်ရစ်ခဲ့သည်။

ချက်စူတစ်ယောက် လူပျိုသိုးကြီးဖိုးလမ်းရဲ့အိမ်ရှေ့ ဖြတ်အသွားမှာတော့ ကိုဖိုးလမ်း၏အသံကို ကြားလိုက်ရသည်။

'ဟေ့··· ဟေ့··· ချက်စူ'

'ဗျာ··· ကျွန်တော့်ကိုခေါ်တာလား'

'ဟုတ်ပ မောင်ရာ၊ လမ်းမှာ မင်းကလွဲလို့ ဘယ်သူမှမရှိတဲ့ဥစ္စာ၊ မင်းကိုမခေါ်ရင် ဘယ်သူ့ကိုခေါ်ရမှာတုံး၊ ကိုင်းပါကွာ··· ခြံထဲဝင်ခဲ့ပါဦး မင်းကို ပြောစရာရှိလို့ပါ'

'ဟာဗျာ··· ကျောင်းနောက်ကျလိမ့်မယ်ဗျ'





'လိုပါသေးတယ်ကွာ ကောင်းကောင်းကြီး မှီပါတယ်'

'ဒါဆိုလဲ ပြောဗျာ'

'အဟီး··· မင်းကိုမပြောခင် အရင်ဆုံးမေးရဦးမယ်၊ မင်းတို့အတန်းကို ကျောင်းဆရာမအသစ်ကလေး ရောက်လာတယ်ဆို'

ချက်စူနည်းနည်းတော့ သဘောပေါက်သွားသည်။ ပေါက်ဆိုမိန်းမပိုးသည့်နေရာ၌ ကိုဖိုးလမ်းကို မည်သူမှမမီဟု သိနားလည်ထားသောကြောင့်ဖြစ်၏။

'ဟုတ်တယ်ဗျ၊ ရန်ကုန်ပေါက်ကနေ ပြောင်းလာတာ၊ ဆရာမရဲ့နာမည်က ရွှေစင်အိတဲ့၊ နာမည်နဲ့လူနဲ့ လိုက်တယ်၊ အသားအရေကရွှေလိုဝင်းဝါပြီး အိစက်နေတာခင်ဗျ'

'အဟီး'

'နောက်ပြီး ဆရာမလေးက အပျိုဗျ'

'အဟဲ'

'အသင်အပြလည်း အင်မတန်ကောင်းတယ်၊ ကျွန်တော်တို့ပုံနားထောင်ချင်တယ်ဆိုရင် ပုံတွေလည်းပြောပြတယ်'

'ဟုတ်လား··· ငါလည်း ပုံနားထောင်ချင်လိုက်တာကွာ'

'ဒါဆို ကျောင်းလာအပ်ပေါ့ဗျ'

'ဟာကွာ··· ငါ့အရွယ်ကြီးနဲ့ မတော်တရော်'

'ဒါတော့လည်း အသိသားပဲ၊ ကိုင်း··· သိချင်တာသိပြီ မဟုတ်လား၊ ဘာပြောချင်လို့လဲ··· ပြောပေတော့'

'ငါ··· ငါကွာ··· အဲသည်ဆရာမလေး ရွှေစင်အိကို ပန်းပေးချင်လို့ ငါတယုတယစိုက်ထားတဲ့ နှင်းဆီပန်းတွေ ပန်ရအောင်ပေးချင်တယ်'

'ဒါများ··· ကိုယ့်ဘာသာကိုယ် သွားပေးပေါ့ဗျာ'

www.burmeseclassic.com



'ဟာကွာ… အဲလိုမပေးရဲလို့ မင်းက တဆင့်ပေးပေးဖို့ အကူအညီတောင်းတာကွ'

'မဟုတ်သေးပါဘူးဗျာ'

ချက်စူက လက်မခံသည့်အသွင်ဖြင့် ခပ်အင်အင်လေးလုပ်နေတော့ ကိုဖိုးလမ်းခမျာ မနေသာတော့ပါပြီ။ ၄င်း၏အိတ်ကပ်ထဲသို့ နှိုက်ထုတ်လိုက်ရာ ငွေစက္ကူအချို့ပါလာသည်။

'ကူညီပါ ချက်စူရယ် ငါကဘယ်တော့မှ ကျေးဇူးမဲ့ မလုပ်တတ်ပါဘူး၊ မင်းကူညီမယ်ဆိုရင် ဟောဒီမှာ တွေ့လား၊ အမြဲတမ်း မုန့်ဖိုးငွေတွေရမှာကွ'

'စိတ်ညစ်ရပါလားဗျာ'

'မညစ်ပါနဲ့ ချက်စူရာ၊ မင်းကလည်း ကိုယ့်ချင်းကိုယ့်ချင်းတွေဥစ္စာ၊ ကိုင်း… ရော့… ရော့… ရော့ပါကွာ'

ပြောပြောဆိုဆိုနှင့် ချက်စူ၏အိတ်ကပ်ထဲသို့ ငွေစက္ကူများ ထိုးထည့်ပေးလိုက်သည်။

'ဒါဖြင့်လည်း ဆရာမလေးအတွက် ပန်းပေးလေဗျာ'

'အေးပါကွာ… အေးပါ၊ ကျေးဇူးတင်ပါတယ်၊ ငါပန်းပေးတဲ့အကြောင်း ဆရာမလေးသိအောင် ကြိုးစားပေးပါဦးနော်၊ ငါအဆင်ပြေတာနဲ့အမျှ မင်းကိုလည်း ကျေးဇူးပြန်ပြုမှာပါ ချက်စူရ'

'အဟင်း… ကိုဖိုးလမ်းကြီးကို အလွန်မတန်ခင်လို့သာ ဒီအလုပ်လုပ်ပေးရတာ ကျွန်တော့်အမေက ဒီလိုရှုပ်ရှုပ်ယှက်ယှက် လုပ်တာမျိုးကို မကြိုက်ဘူးခင်ဗျ၊ တခြားသူဆိုရင် အိုင်… အမ်… ဆိုး… ဆောရီးပဲ'

'အေးပါ ငါ့လူရာ၊ မင့် ကျေးဇူးကြီးပါတယ်'

သို့ဖြင့် ကျောင်းဖွင့်ရက်တွေရောက်လေတိုင်း ကိုဖိုးလမ်းဆက်



သသော နှင်းဆီပန်းလှလှကြီးများသည် ဆရာမလေးရွှေစင်အိထံရောက်မြဲတည်း။ ဆရာမလေးက ကနဦးပန်းကို မယူသေး။ စူးစမ်းမေးမြန်းကြည့်ပါသေး၏။

'စိတ်ချသာယူပြီး ပန်ပါဆရာမရယ်၊ ကျွန်တော့်အမေ ဒေါ်လုံးတင်က သူ့သားဖြစ်တဲ့ ကျွန်တော့်ကို စာတွေတတ်အောင်သင်ပေးတဲ့ ဆရာမလေးဆိုပြီး ကျွန်တော့်ကို ပေးခိုင်းတာပါ'

'သြော်… ဟုတ်လား၊ ကျေးဇူးပါပဲ ချက်စူရယ်၊ ကိုင်း… ဆရာမ ပန်ပြီနော်'

'ပန်ပါဆရာမ… ပန်ပါ၊ ခုလိုမျိုး ပန်လိုက်တော့ ဆရာမဟာ အလှတွင်အယဉ်ဆင့်ဆိုသလို ဖြစ်သွားတာပေါ့နော်'

'အဟင်း… ဟင်း၊ မင်းကလေးက အရွယ်နဲ့မလိုက်အောင် စကားတတ်လှပါကလားကွယ်'

သို့ကလို ကျေနပ်အားရစွာ စကားဆိုပြီးနောက် နှင်းဆီပွင့်အခက်အား အနေတော်ညှာတန်ချိုးလိုက်ကာ အုပ်လုံးထူသောဆံကေသာ၌ ထိုးစိုက်ပန်ဆင်လိုက်လေ၏။ နုဝိုအရှိမို့ နုဝိုင်းထွက်သည်မှာ ဘာမျှမဆန်း။ ပင်ကိုယ်မူလကတည်းက ယဉ်ယဉ်သန့်သန့် ခန့်ခန့်ထည်ထည် နုနယ်ပျိုမျစ် လှသွေးတွေမှုန်နေအောင်နှစ်နေသော ဆရာမလေးရွှေစင်အိသည် ခုလိုမျိုး တစ်ပွင့်ပန်ပန်းကလေးကြောင့် ပို၍သာ၍ ကဲလွန်၍ ကျက်သရေ တိုးသွားရလေ၏။ တကယ်တမ်း ပန်းအလှပိုရှင်ကိုဖိုးလမ်းကြီးသာ အဖြစ်မှန်ကို သိသွားလျှင်ဖြင့် ဖင်ခေါင့်ပြီး သေလေမည်လားမသိ။

ဆရာမလေးရွှေစင်အိအဖို့ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ကျောင်းပိတ်ရက်မှလွဲ၍ နိစ္စဓူဝဆိုသလို ချက်စူ့အခြေ ပေးလိုက်သည့် အဖိုးတန်နှင်းဆီပန်းကို ပန်ပန်နေရ၍ ကြာတော့သည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲအားနာလာရသည်။ သည်သို့အားနာကြောင်း မိခင်ဖြစ်သူကို ပြန်ပြောပြတော့…

'အားနာရင်လည်း သမီးအနေနဲ့ မောင်ချက်စူအိမ်လိုက်သွားပြီး သူ့အမေကို ကျေးဇူးတင်တဲ့အကြောင်း စကားလေးဘာလေး သွားပြောပေါ့ကွယ်၊ လောကမှာ လူမှုရေးရာဆိုတာကလည်း အရေးကြီးတယ် မဟုတ်လား'

'ဟုတ်တယ်နော်အမေ ဒီအပတ်သောကြာနေ့ညနေ ကျောင်းဆင်းရင် ချက်စူတို့အိမ်ကို ခဏဝင်ပြီး ကျေးဇူးတင်စကားသွားပြောမယ်၊ ကျောင်းနဲ့သူတို့အိမ်ကလည်း သိပ်မဝေးပါဘူး'

'ကောင်းတာပေါ့ သမီးရယ်… သွားပေါ့၊ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို အတုံ့အလှည့်ဆိုတာရှိရတယ်၊ အဲသည်နေ့ကျတော့ သူတို့အိမ်အတွက် လက်ဆောင်တစ်ခုခုယူသွားပေါ့၊ အမေစီမံပေးလိုက်ပါ့မယ်'

'ကျေးဇူးပါပဲ အမေရေ'

သည်လိုနှင့် သောကြာရက်တစ်ရက် ကျောင်းလွှတ်ချိန်မှာတော့ ဆရာမလေးရွှေစင်အိ ချက်စူတို့အိမ်သို့ ရောက်သွားခဲ့သည်။ ထိုအချိန်တွင် စေ့စပ်ကြောင်းလမ်းတစ်ခုမှ ပြန်ရောက်လာသော ဝတ်ကောင်းစားလှနှင့်မလုံးတင်အား အရန့်သင့်တွေ့ရလေသည်။ ချက်စူကား အိမ်ပြန်မရောက်သေး။ ထုံးစံအတိုင်းဆိုသလိုပင် ကျောင်းဘောလုံးကွင်း၌ ဝီခေါ်နေအောင် ဆော့ကစားနေပြီပေါ့။

'ဟော… ဆရာမလေးပါလား၊ လာ… ဆရာမ၊ လာပါ… အိမ်ထဲဝင်ပါဦး'

မလုံးတင်၏လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်မှုကြောင့် ဆရာမလေးရွှေစင်အိလည်း အိမ်ပေါ်သို့ လှမ်းတက်ခဲ့လေသည်။ ချက်စူ၏ဖခင်



ကိုထွားကြီးကတော့ ခြံထောင့်၌ ထင်းပေါက်ခြမ်းများကို အနေတော်ခွဲနေလေ၏။

'အစ်မ မလုံးတင်ရယ်… နှင်းဆီပန်းတွေက သိပ်လှတာပဲနော်၊ ဘယ်ကဘယ်လို ဝယ်လာတာပါလိမ့်၊ ခြံထဲမှာ စိုက်ထားတာလည်း မတွေ့ရဘူး'

'အင်'

ရုတ်တရက် မလုံးတင် ကြောင်သွားပါ၏။ ဘယ်ကဘယ်လို နှင်းဆီပန်းအကြောင်း စကားစလာပါလိမ့်တုံး။ ယောင်ယောင်မှားမှားပင် ဘုရားကျောင်းဆောင်ထက်ဆီက ပန်းအိုးတွေကို ကြည့်ပြန်တော့ ဇော်စိမ်းနှင့်စိန်ခြယ်ပန်းများသာ။ နှင်းဆီဆိုလို့ ယောင်လို့တောင် တစ်ပွင့်မျှမရှိ။ သည့်နောက် အနုလုံပဋိလုံစဉ်းစားကြည့်လေတော့ သူမဝတ်ဆင်ထားသည့် ထဘီဆင်ကိုသွားမြင်သည်။ အို… ဟုတ်ပါရဲ့။ သရက်ထည်ပွင့်ရိုက်ထဘီ။ သည်ထဘီမှာ နှင်းဆီပန်းပွင့်တွေက မြိုင်မြိုင်ဆိုင်ဆိုင်။ ဆရာမလေးက ထဘီမှနှင်းဆီပွင့်များကို ရည်ရွယ်ပြောဆိုခြင်း ဖြစ်လိမ့်မည်ထင်သည်။

'အဟင်း… ဟင်း ဟုတ်တယ် ဆရာမရဲ့၊ သိပ်လှတဲ့နှင်းဆီပွင့်တွေပေါ့၊ တွံတေးဘုရားပွဲသွားတုန်းက ဝယ်လာခဲ့တာလေ အဟင်းဟင်း'

အထင်နှင့်အကြား အလွဲအချော်ကလေးတွေ ရှိသွားခဲ့သည်မို့ ဆရာမလေးခမျာ ဘယ်လိုကြီးပါလိမ့်ဟု သို့လော… သို့လော ဖြစ်နေမိလေသည်။

'အဲသည်အဆင်က နောက်ဆုံးပေါ်လေ၊ ဈေးကလည်း ဘာကြီးသလဲမမေးနဲ့၊ ဈေးကြီးပေမယ့်လည်း ကိုယ်လိုချင်တာရလိုက်တော့ တန်တာပါပဲ ဆရာမရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောသည်က တစ်မျိုး၊ သူဖြေသည်က တစ်ထွေ အပ်စပ်မှုမရှိလေသည်မို့ ဆရာမလေးကပဲ အဖြစ်မှန်ကို ရှင်းပြရတော့သည်။

'ကျွန်မပြောတာက မမလုံးတင်ရဲ့သားက နေ့တိုင်း ကျွန်မ ပန်ဖို့အတွက် အမေပေးလိုက်တာဆိုပြီး နေ့တိုင်းနှင်းဆီပန်းတစ်ပွင့်၊ တစ်ပွင့် လာပေးတာကို ကျေးဇူးတင်တဲ့အကြောင်း လာပြောတာပါရှင်'

'သြော်… မသိပါဘူး၊ ကျွန်မက… ကျွန်မဝတ်ထားတဲ့ ထဘီဆင်ကို ရည်ရွယ်ပြီး ပြောနေတယ်ထင်လို့၊ သြော်… ခုတ်ရာတခြားရှရာတခြားဆိုသလို ဖြစ်နေပါရောလား'

'အဲသည်အတွက် ကျေးဇူးတင်ပါတယ် မမလုံးတင်ရယ်၊ ဟောဒီမှာ မမလုံးတင်တို့ မိသားစုစားဖို့ အမေက ငါးခုံးမခြောက်လေးတွေပေးလိုက်တယ်'

'ကျေးဇူးအများကြီးတင်ပါတယ် ဆရာမရယ်'

'ကိုင်း… ဒါဖြင့် ကျွန်မသွားမယ်နော်'

'ဟုတ်… ဟုတ်ကဲ့ပါဆရာမ'

မလုံးတင်လည်း ငါးခုံးမခြောက်ထုပ်ကိုကိုင်ရင်း ယောင်တီးယောင်တဖြင့် အလိုက်သင့်ပြန်ဖြေလိုက်ရသည်။ ရင်ထဲမှာတော့ မလည်ရှုပ်လုပ်ထားသော သားတော်မောင်ချက်စူကြောင့် တအုံအုံတနွေးနွေး။

ထိုခဏ ကိုထွားကြီးလည်း ချွေးသံရွှဲရွှဲဖြင့် ရေမိုးချိုးရန်အတွက် ရေလဲလုံချည်ယူဖို့ရာ အိမ်ပေါ်သို့တက်လာသည်။

'ဟော့… စောစောက ဆရာမလေးရောက်လာတာ ဘာကိစ္စရှိလို့လဲကွ'

'ဘာကိစ္စရှိရမှာလဲတော်… တော့်သားချက်စူ ရှုပ်ထားတဲ့ကိစ္စပေါ့'





'ဟေ… ချက်စူရှုပ်ထားတဲ့ကိစ္စ ဟုတ်လား၊ ဒီကောင် ဘာတွေရှုပ်ထားလို့လဲ'

'ဘာရှုပ်ရမလဲ ဆရာမလေးကို နေ့တိုင်းနှင်းဆီပန်းတစ်ပွင့်၊ တစ်ပွင့် ပေးသတဲ့လေ၊ ပိုက်ဆံဘယ်ကရသလဲ မသိဘူး'

'ဟ… ဘယ်ကရ… ရမှာလဲကွာ၊ ဒါဆို ငါသဘောပေါက်ပြီ၊ မင့်သားက အရွယ်ကသာ ဘာမှမရှိသေးတာ၊ လည်တာမှ မွတ်ကရောပဲ၊ မင်း… ဟိုကောင် တဏှာရူးဖိုးလမ်းကို သိတယ်မဟုတ်လား'

'သိပါ့တော်… သိပါ၊ မိန်းမမြင်တိုင်း မပိုးရမနေနိုင်လောက်အောင် ရှုပိုးထိုးနေတဲ့အကောင်ပဲ၊ တော်နဲ့မညားခင်တုန်းကဆို ကျုပ်ကိုတောင် ရစ်သီရစ်သီလုပ်တဲ့အကောင်၊ ခု… ဒီကောင်ဖိုးလမ်းနဲ့ ကျုပ်သားချက်စူက ဘယ်လိုများပတ်သက်နေလို့လဲ'

'ပတ်သက်ဆို ဖိုးလမ်းက မင့်သားကို မုန့်ဖိုးပေးပြီး ဆရာမလေးကို နှင်းဆီပန်းပေးခိုင်းနေတာကွ'

ထိုခဏမှာပင် ဆော့ကစားရာမှ ချက်စူပြန်ရောက်လာသည်။ ဖုံတွေသဲတွေနှင့် ချွေးသံတွေက တရွှဲရွှဲ။

'ဟဲ့ကောင်လေး… ချက်စူ၊ နင်… ဟိုဖိုးလမ်းခိုင်းတဲ့အတိုင်း ဆရာမလေးကို နေ့တိုင်း ပန်းတွေသွားသွားပေးတယ်ဆို'

'ဟာ… အမေကလည်း ပန်းပေးတဲ့ကိစ္စများ ဘာဆန်းလို့ ရေးကြီးခွင်ကျယ်လုပ်နေရတာလဲဗျာ၊ ကိုဖိုးလမ်းကြီးက လူပျိုလူလွတ်မို့ ဆရာမလေးကို ပိုးချင်ပန်းချင်လို့ ပန်းပေးခိုင်းတာပါ၊ အမေ့ယောကျ်ားကြီး ကျွန်တော့ရဲ့အဖေဆို… ပိုတောင်ဆိုးသေး'

'ဟေ… နင့်အဖေက ပိုဆိုးတယ် ဟုတ်လား၊ သူက ဘာလုပ်လို့လဲ'

'ဘာလုပ်ရမှာလဲ အမေရဲ၊ အဖေလေ ဟိုတစ်လောတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဝေါဖိပန်းကြီးဆွတ်ပြီး ရွာမြောက်ပိုင်းက တစ်ခုလပ်မသင်းမေကြီးကို သွားပေးတာ၊ ကျွန်တော် ငွေလိုမှ်နေတုန်းတွေ့တယ်အမေ’

သည်သို့ပြောဆိုပြီး လှစ်ခနဲ အိမ်ပေါ်သို့ပြေးတက်သွားသည်။ အိမ်ရှေ့မှာတော့ မာတာပီတု၊ ဥပဋ္ဌာန်မည်သော ပုဗ္ဗာစရိယ မိဘနှစ်ဖြာခမျာ ဖိန်းဖောင်းတိုက်နေကြလေပြီ။

‘ဟင်… ထင်တော့ ထင်သား၊ ခု… ချက်စုပြောမှပဲ တပ်အပ်သေချာ သိရတော့သည်၊ အဆန်ချောင်တဲ့အုန်းသီးသာဆိုတယ် ဒါမျိုးကျတော့လည်း အသွက်သားပါကလား’

ပြောပြောဆိုဆိုနှင့် လက်ကအလိုလိုပါသွားသည့်ခဏ ကိုထွားကြီးခမျာ နဖူးပြင်တစ်ခုလုံး ပူထူသွားလေတော့၏။ မလုံးတင်၏လက်ကလည်း ဒါမျိုးဆို လျင်ပါပေ့၊ မြန်ပါပေ့။

ကုလားမနိုင် ရခိုင်မဲသည်ဟုဆိုချင်ဆို၊ ကိုထွားကြီးအဖို့ သည်အိမ်နေရာ သည်ဂေဟာမှာဖြင့် ဘယ်သူဘယ်ဝါကိုမျှ နိုင်စား၍မရနိုင်တော့သည်မို့ ရေကပြင်ဘေး၌ ခွေခွေကလေးအိပ်နေသော ဝုတ်ကြွားအောင်နက်အား ထင်းချောင်းဖြင့် ကောက်ပေါက်လိုက်လေရာ အောင်နက်အော်သံကို မာဂစကားဖြင့် မြန်မာမှုဖလှယ်လိုက်ပါက ‘မိုးနတ်မင်းကြီး… ကယ်တော်မူပါ၊ ကျွန်တော်မျိုးကြီး မတရားသက်သက်ညှဉ်းပမ်းနှိပ်စက်ခံနေရပါတယ်’ဟူ၍ မြန်မာစကားသံ ထွက်ပေါ်လာလိမ့်မည်တကား။

■

ကြက်တူရွေး… ဆိုတာက
“က·ခ·ဂ·ဃ·င”ဆိုတဲ့
“တနင်္လာနံ”ပါခင်ဗျ။
တနင်္လာနံဆိုတော့…
ငွေနံငွေဓာတ်ပေါ့ ခင်ဗျာ။
နံနက်… နေအထွက်မှာ
ရေခွက်ကလေးနဲ့
ကြက်တူရွေးကို… ရေတိုက်
ငှက်ပျောသီးတို့ ရေတံသီးတို့ကို
ကျွေးမယ်ဆိုရင်ဖြင့်
ဓာတ်တူနံတူ ငွေလာဘ်ယူတဲ့သဘောပို့…

www.burmeseclassic.com

ကုန်စည်တွေအပြည့်သယ်ဆောင်လာသော လှည်းနှစ်စီးက မန်ကျည်းတောရွာ၏ သူကြီးဦးကံဖေအိမ်ရှေ့ မြေကွက်လပ်ကျယ်ကြီးသို့အရောက်ဝယ် တုံ့ခနဲရပ်လိုက်လေသည်။

သည်လှည်းနှစ်စီး ဝင်လာသည်ဆိုကတည်းက မန်ကျည်းတောတစ်ရွာလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားခဲ့သည်။

မဖြစ်ဘဲကို ဘယ်နေမှာတဲ့နည်း။

သည်လှည်းနှစ်စီးက တစ်နှစ်ရာသီလည်၍ သည်လိုလရာသီရောက်ပြီဆိုမှဖြင့် မန်ကျည်းတောရွာအပါအဝင် ရွာစဉ်အနှံ့လှည့်လည်စမြဲဖြစ်၏။ သို့ဆိုပါက နယ်လှည့်မျက်လှည့်အဖွဲ့၊ ဆေးရောင်းအဖွဲ့ဟု ထင်ကြလေမည်လားမသိ။

မဟုတ်ရေးချ… မဟုတ်။

သည်လှည်းနှစ်စီးက အပေါင်ဆုံးပစ္စည်းများကို ရပ်ရွာတစ်ခွင်လှည့်လည်၍ ပစ္စည်းတစ်မျိုးချင်းစီ၏ ကြမ်းခင်းဈေးသတ်မှတ်ပြီး အလိုရှိကြသူများက ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းပဲဖြစ်လေသည်။ နှစ်စဉ်လာနေကျ သူကြီးနှင့်လည်း ခင်မင်ရင်းနှီးသူများဖြစ်ကြ၍ သူကြီးအိမ်၌ ခေတ္တတည်းခိုနေထိုင်ရင်း သူတို့လုပ်ငန်းကို သူတို့လုပ်ကြချေသည်။ အများစိတ်ဝင်စားဖို့ ပတ်ဝန်းကျင်ကြားသိစေဖို့ရာအတွက် တစ်ယောက်က မောင်းတဒူဒူထုသည်။ ကျန်တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



အသံသြဇာကောင်းကောင်းနှင့် ပစ္စည်းအမျိုးအမည်ကို ကြော်ငြာသည်။ ကြမ်းခင်းဈေးကို ပြောသည်။ ဈေးပြိုင်ဝယ်ယူနိုင်ဖို့ ဆော်သြပေးသည်။

ပစ္စည်းတွေက စုံသည်။

စက်ဘီး၊ ထီး၊ ဒန်အိုး၊ ဒန်ခွက်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ နာရီ၊ ရေဒီယို၊ ဖိနပ်၊ ငါးဖမ်းကွန်၊ လင်ဗန်း၊ ဓားမ၊ ဓားရှည်၊ လှံ၊ ပန်းကန်ခွက်ယောက်၊ ရတနာပစ္စည်း အစရှိသဖြင့် ပစ္စည်းပစ္စယစုံလင်လှသည်။ မန်ကျည်းတောရွာသူရွာသားအပေါင်း လည်း သည်လိုပွဲကြီးပွဲကောင်းမျိုးကို လက်လွှတ်မခံချင်ကြသည်မို့ စုဆောင်းသိမ်းဆည်း လိမ်ကျစ်ထားသော ငွေစကလေးများကိုဆောင်၍ လေလံပွဲကြီးရှိရာ အရောက်လှမ်းလင့်ခဲ့ကြရာ သူကြီးဦးကံဖေ၏ အိမ်ဝိုင်းကြီးလည်း တကယ့်ပွဲလမ်းသဘင်ခင်းကျင်းသည့်အလား စည်စည်ကားကားဖြစ်နေလေတော့၏။

ထိုထိုသောပရိုက်တွေထဲမှာတော့ ကိုထွားကြီးနှင့်ချက်စုတို့ သားအဖလည်း အပါအဝင်၊ လိုချင်တာလေးများတွေ့လာပါက အမှတ်တရဝယ်ယူရအောင်ဆိုပြီး ကိုထွားကြီးလည်း ဇနီးသည်မလုံးတင်မသိအောင် ငွေစကြေးစအချို့ကို ခါးပုံစတွင် လိမ်ကျစ်လာခဲ့၏။ အပေါင်ဆုံးပစ္စည်းများ လေလံတင်ရောင်းချသည့်ပွဲဖြစ်၍ လူအုပ်ကြီးမှာတိုးမပေါက်အောင် စည်ကားလှ၏။ သည်လူအုပ်ကြီးကို အကြောင်းပြု၍ လာဘ်မြင်သော ဈေးသည်တွေက စားသောက်စရာများ လာရောက်ရောင်းချရာ တကယ့်နေ့ ပွဲဈေးတန်းကြီးသဖွယ် ဖြစ်နေလေတော့သည်။ ချက်စုကား ကိုဖိုးလမ်းကြီးထံမှ မုန့်ဖိုးငွေများရနေသည်မို့ မုန့်ဆိုင်တကာလှည့်ရင်း စိတ်တိုင်းကျ တွယ်နေလေတော့သည်။

လေလံပွဲကား စိတ်ဝင်စားစရာ ကောင်းလှသည်။

စက်ဘီး၊ ရေဒီယို၊ အိုးခွက်၊ ဓားမ၊ ဓားရှည်၊ အဝတ်အထည်



စသဖြင့် ပစ္စည်းပစ္စယအတော်များများမှ ကြမ်းခင်းဈေးထက် ပိုပေးနိုင်သူတို့ထံ ရောက်ရှိသွားခဲ့ပေပြီ။ သည်အထဲမှာမှ ထူးထူးခြားခြားဆိုသလို ကြက်တူရွေးတစ်ကောင်နှင့်လှောင်အိမ်တစ်ခုကို မြင်ရတော့ ကိုထွားကြီးအဖို့ စိတ်ဝင်စားစရာ ဖြစ်သွားရလေသည်။

'အဲဒါကလည်း အပေါင်ဆုံးပစ္စည်းပဲလား'

'ဟုတ်တယ်… အပေါင်ဆုံးပစ္စည်းပဲ၊ ခုတစ်ခါ… အဲဒါကိုပဲ လေလံတင်ရောင်းချမှာ'

လေလံပစ်မည့်သူက ကြက်တူရွေးလှောင်အိမ်ကို လက်ဖြင့်ကိုင်မြှောက်ပြသရင်း စကားဆိုလေသည်။ ကိုထွားကြီးအဖို့ ကြက်တူရွေးနှင့်လှောင်အိမ်ကိုကြည့်ရင်း စဉ်းစားခန်းဝင်နေမိလေသည်။

'ကြံ့… ကြံ့ဖူးပေါင်ဗျာ၊ အပေါင်ဆိုင်များ ကြက်တူရွေးနဲ့လှောင်အိမ်ကို လာပေါင်ရတယ်လို့၊ ပေါင်တဲ့သူက ပေါင်တယ်ထားဦးတော့ အပေါင်ခံတဲ့သူကလည်း ရှိသေး၊ အင်းလေ… ဒါကလည်း သူ့ဟာနဲ့သူ အကျိုးသင့်အကြောင်းသင့်တော့ ရှိပေလိမ့်မပေါ့၊ ငါ့အထင်ဒီကြက်တူရွေးမှာ တစ်ခုကောင်းတော့ ရှိမှာသေချာတယ်'

ကိုထွားကြီးကား ကျေးငှက်တိရစ္ဆာန်များကို ချစ်တတ်သူဖြစ်လေရာ ကြက်တူရွေးနှင့်လှောင်အိမ်ကို မျက်စိကျသွားခဲ့လေသည်။ ကြက်တူရွေးကလည်း အလှသား။ တစ်ကိုယ်လုံး စိမ်းမြနေသည်။ ကွေးကောက်သော နှုတ်သီးကမူ ခပ်ရဲရဲ။ ကြည့်ရင်းကြည့်ရင်း မျက်စိပသာဒဖြစ်လာကာ ဈေးနှုန်းအတန်အသင့်နှင့်ရလျှင်ဖြင့် အဆိုပါကြက်တူရွေးနှင့်လှောင်အိမ်အား ဝယ်ယူလိုက်မည်ဟု စိတ်ပိုင်းဖြတ်ပြီးဖြစ်တော့၏။

'ဒူ… ဟူ… ဟူ… ဟူ… ဟူ…'

'ဟုတ်ကဲ့ခင်ဗျာ၊ ခုတစ်ခါမှာတော့ မန်ကျည်းတောကျွေးရှာ



www.burmeseclassic.com

www.burmeseclassic.com



သူကျေးရွာသားအပေါင်းကို လေလံတင်ရောင်းချမယ့် ပစ္စည်းကတော့ အင်မတန်မှ မျက်စိပသာဒရှိလှပြီး ကိုယ့်အိမ်ကိုယ့်ဂေဟာမှာ ချိတ်ဆွဲထားရင်ဖြင့် ကျက်သရေအဖြာဖြာနဲ့ ပြည့်ဝစေမယ့် ကြက်တူရွေးနဲ့ လှောင်အိမ်ပါပဲခင်ဗျ။

ကြက်တူရွေးဆိုတာ 'က·ခ·ဂ·ဃ·င' ဆိုတဲ့ တနင်္လာနံပါခင်ဗျ၊ တနင်္လာနံဆိုတော့ ငွေနံ ငွေဓာတ်ပေါ့ခင်ဗျာ၊ နံနက်နေအထွက်မှာ ရေခွက်ကလေးနဲ့ ကြက်တူရွေးကိုရေတိုက်၊ ငှက်ပျောသီးတို့ ရေတ်သီးတို့ ကျွေးမယ်ဆိုရင်ဖြင့် ဓာတ်တူနံတူ ငွေလာဘ်ယူတဲ့သဘောမို့ စီးပွားဥစ္စာတွေ ဖြိုးဓောက်မှာ သေချာပါတယ်ခင်ဗျ'

အင်မတန်မှ အသံသြဇာကောင်းလှစွာ မစားရဝခမန်း ပြောကြားသံဝယ် ရွာသူရွာသားအပေါင်းတို့မှာ မျောနစ်ရင်း ကြက်တူရွေးအပေါ် စိတ်ဝင်စားသွားခဲ့ကြသည်။ ထိုအထဲမှာမှ မရိုးမရွအဖြစ်ဆုံးလူက ကိုထွားကြီးပါတည်း။ ချက်စူသည် ရေခဲပေါက်စီကို တရှုံ့ရှုံ့စုပ်ရင်း ကျေးရူးရှင်ပီတာဖခင်အား အကဲခတ်နေသည်။

'ဟုတ်ကဲ့ ခင်ဗျာ၊ ခုလိုမျိုး စီးပွားလာဘ်ရွှင် ကျက်သရေမင်္ဂလာအပေါင်း ခညောက်းမှုတွေပေးနိုင်မယ့် အပေါင်ဆုံးကြက်တူရွေးနဲ့လှောင်အိမ်ကို ကြမ်းခင်းဈေးအဖြစ် ငွေအစိတ်သတ်မှတ်ပါတယ်ခင်ဗျာ၊ ဟုတ်ကဲ့ ငွေအစိတ်ပါ။ သည့်ထက် ပိုပေးနိုင်သူရှိက သုံးကြိမ်သုံးခါတိတိကြေညာလို့မှ ပြိုင်တဲ့သူပေါ်မလာရင် လက်ဝယ်ပိုင်ပိုင်ရရှိပါလိမ့်မယ် ခင်ဗျာ'

'ဒူ… ဟူ… ဟူ… ဟူ… ဟူ'

'ဟုတ်ကဲ့ ငွေအစိတ် တစ်ကြိမ်၊ ငွေအစိတ် နှစ်ကြိမ်'

ပရိတ်သတ်ကား စိတ်ဝင်စားခြင်းကြီးစွာဖြင့် အာရုံစိုက်နေကြလေသည်။ ကိုထွားကြီး၏ ရင်အစုံလည်း တဒိန်းဒိန်း၊ တဒိုင်းဒိုင်း…





'သုံးဆယ်ပေးမယ်ဟေ့'

လူအုပ်ထဲကလား ဘယ်ကလားမသိ၊ ပေါ်ထွက်လာသော အသံ။

'ဟောဗျ… ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ကြမ်းခင်းဈေးထက်ကျော်လွန်ပြီး သုံးဆယ်ပေးမယ့်သူ ပေါ်လာပြီ။ သုံးဆယ် တစ်ကြိမ်၊ သုံးဆယ် နှစ်ကြိမ်'

လေလံပစ်သူ၏အသံကြောင့် ပရိတ်သတ်အပေါင်းမှာလည်း မီးကိုရေနှင့်ဖျန်းထားသည့်အလား ငြိမ်သက်တိတ်ဆိတ်နေကြသည်။ နောက်တစ်ကြိမ် ပြန့်ပွားလျှင်ဖြင့် အဆိုပါ ကြက်တူရွေးမှာ သုံးဆယ်ပေးမည့်သူထံ ပါသွားတော့မည်မို့ ကိုထွားကြီးလည်း ကတိုက်ကရိုက်ဆိုသလို 'လေးဆယ်ပေးမယ်ဟေ့' ဟု အော်လိုက်မိလေသည်။

'ဟေး… ကိုထွားကြီးကွ၊ တို့ ဘုန်းကြီးလူထွက်ကြီးကွ'

ရွာသူရွာသားအချို့က သွေးကြွနေသော ကိုထွားကြီးအား မြှောက်ပင့်ပေးကြသည်။ သည့်အတွက် ကိုထွားကြီးမှာ မြောက်ကြွမြောက်ကြွနှင့်။

'ဟုတ်ပါပြီ ခင်ဗျာ၊ လေးဆယ်ပေးမယ့်သူ ပေါ်လာပါပြီသည်တော့ လေးဆယ် တစ်ကြိမ်၊ လေးဆယ် နှစ်ကြိမ်'

'ငါးဆယ်ပေးမယ်ဟေ့… ငါးဆယ်'

ပြိုင်ဘက်အသံတစ်သံက ကြားဖြတ်ဝင်လာသည့်အတွက် ကိုထွားကြီး တွန့်ကနဲ ဖြစ်သွားရသည်။ ပရိတ်သတ်ကြီးမှာလည်း ဓာတ်ရှိန်မြင့်လာခဲ့ပြီမို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ခပ်စောစော ကနဦးပိုင်းက ဝယ်မည့်သူပင်ရှိပါ့မလား ဟူ၍ ထင်ထားခဲ့ကြသော ကြက်တူရွေးသည် မထင်မှတ်လောက်သော ဈေးသို့ ပေါက်နေခဲ့ပေပြီ။ မည်သည့်အရာမဆို အပြိုင်အဆိုင်ပေါ်လာလျှင်ဖြင့် စိတ်လှုပ်ရှားဖွယ်တွေသာချည်း။



www.burmeseclassic.com

www.burmeseclassic.com

'ငါးဆယ်ပေးမယ့်သူ ပေါ်လာပါပြီ၊ ဟုတ်ကဲ့… ငါးဆယ် တစ်ကြိမ်၊ ငါးဆယ် နှစ်ကြိမ်'

ကိုထွားကြီး စိတ်ထဲ မခံချိမခံသာ။

ရွာသူရွာသားအချို့ကလည်း ၄င်းကို ကြည့်နေကြပြီ။ သည် အကြည့်တွေ၌ အသည်းကောင်းမှကောင်းပါလေစဆိုသည့် အကြည့် မျိုးကို တွေ့နေရသည်။ ဒါမျိုးတော့ ကိုထွားကြီးကို လာမစမ်းကြပါ လေနှင့်။ ဘုန်းကြီးလူထွက်သာဆိုသည် ပွဲတောင်းလာလေမလား။ (ဟာ… ဟ) အသည်းက ကောင်းပြီးသား။

'ခြောက်ဆယ်ပေးမယ်ကွာ၊ ခြောက်ဆယ်'

'ဟေး…ကိုထွားကြီးကွ၊ ကိုထွားကြီး… ရှီး… ဖြောင်း… ဖြောင်း… ဖြောင်း'

ပရိတ်သတ်က လက်ခုပ်သြဘာတွေပင် ပေးနေလေပြီ။ သူ ကြီးဦးကံဖေမှာတော့ သူ့ရွာသားကိုထွားကြီး အသည်းကောင်းနေသည့် ဖြစ်ရပ်အတွက် နားမလည်နိုင်အောင် ဖြစ်နေရသည်။ ဘာမဟုတ်သည့် ကြက်တူရွေးလေးတစ်ကောင်အား သည်ရွေ့သည်မျှ ငွေပေးဝယ်နေ သည့်အဖြစ်ကို နားမလည်နိုင်။ ငွေခြောက်ဆယ်ဆိုသည်မှာ နည်းနည်း နောနော မဟုတ်။ ပဲဆီ ကိုးပိဿကျော်ကျော်ဝယ်နိုင်သည့်ငွေ။

'ဟုတ်ပါပြီ ခင်ဗျာ၊ ခြောက်ဆယ်ပေးမယ့်သူ ပေါ်လာပါပြီ။ သည်တော့ ခြောက်ဆယ် တစ်ကြိမ်၊ ခြောက်ဆယ် နှစ်ကြိမ်'

'ခုနှစ်ဆယ်ပေးတယ်ဟေ့… ခုနှစ်ဆယ်'

ဘယ်ကအသံမှန်း မသိ။ ပီပီသသအသံတော့ ပေါ်ထွက် လာသည်။ မောင်းထုသံကလည်း ပရိတ်သတ်၏ စိတ်အာရုံကို လှုပ်နိုး နေတော့၏။ ကိုထွားကြီးရင်ထဲ မခံချင်စိတ်တွေ တဖွားဖွားပေါ် လာသည်။ ဖြိုင်ဘက်အပေါ်၌ မကျေနပ်ခြင်းထက် နာလိုခံခက် ခံပြင်း





ခြင်းတွေက အလိပ်လိုက်ကြွတက်လာခဲ့သည်။ ဘာဖြစ်လို့ ဖြိုင်ဘက် အပေါ်၌ အနိုင်ခံလိုက်ရမည်နည်း။ အရှုံးပေးလိုက်ရမည်နည်း။ ချက်စု မှာမူ သူ့ဖခင်လူရိုးလူအကြီးကို စိတ်မသက်သာစွာကြည့်ရင်း ဦးခေါင်း တရမ်းရမ်း။

'ရှစ်ဆယ် ပေးတယ်ကွ၊ ရှစ်ဆယ်'

လေလံပစ်သူထံမှ အကြိမ်ရေခေါ်သံကိုပင် မစောင့်တော့ဘဲ ယတိပြတ်နှုန်း ကောက်တိုးပေးလိုက်သည်။

'ကိုထွားကြီးကွ… တို့ ကိုထွားကြီး'

'ရှီး… ဖြောင်း ဖြောင်း… ဖြောင်း'

'ဟေး… ဘက်တူရင် ဂြိုဟ်သားတောင် တီးပစ်မယ့် ကိုထွားကြီးတဲ့နော်'

အော်ဟစ်အားပေးသံများ၏ ကြား၌ ကိုထွားကြီး ခမျာရွှင် တပြုံးပြုံး။

ပရိတ်သတ်ကြီးအဖို့ရာမှာလည်း ဘာမဟုတ်သည့် ကြက်တူ ရွေးငှက်တစ်ကောင်အတွက် အကြိတ်အနယ် အပြိုင်အဆိုင် ဖြစ်နေမှု အပေါ် သဘောကျနေခဲ့ကြသည်။

'ရှစ်ဆယ် ခင်ဗျ… ရှစ်ဆယ်၊ ဒီတော့ ရှစ်ဆယ် တစ်ကြိမ် ရှစ်ဆယ် နှစ်ကြိမ်၊ ရှစ်ဆယ်…'

'ဟေ့… ကိုးဆယ်ပေးမကွ'

'ဟာ'

ပရိတ်သတ်များ ပါးစပ်အဟောင်းသား ဖြစ်သွားကြ ပွဲသိမ်းလောက်ပြီထင်သော်ငြား ပွဲမသိမ်းသေး။ ကိုထွားကြီး ချွေးစေးတွေ ပျံနေပြီပင်။

'တဖက်က ကိုးဆယ်တိုးပေးလာပါတယ်။ ဒီတော့ ကိုးဆယ် တစ်ကြိမ်၊ ကိုးဆယ် နှစ်ကြိမ်၊ ကိုး…'

www.burmeseclassic.com

www.burmeseclassic.com



‘ဟေ့… တစ်ရာကွ၊ တစ်ရာ’

ကိုထွားကြီး၏နှုတ်မှ မခံချင်စိတ်ဖြင့် လွှတ်ကနဲထွက်သွားသည့်စကား။ ပရိတ်သတ်အပေါင်းပင် အံ့သြမှင်တက်သွားကြတော့သည်။

‘တစ်ရာ ပေးလာပါပြီ ခင်ဗျား၊ တစ်ရာ တစ်ကြိမ်၊ တစ်ရာ နှစ်ကြိမ်၊ တစ်ရာ သုံးကြိမ်’

‘ဟေး…’

ပွဲစဉ်တစ်ခု ပြတ်သွားခဲ့ပေပြီ။

‘ဟုတ်ကဲ့ ခင်ဗျာ၊ ဟောဒီက တစ်ရာပေးတဲ့နောင်ကြီးကို တဖက်ကတစ်ရာထက် တိုးပေးနိုင်ခြင်းမရှိတဲ့အတွက် ဟောဒီ နောင်ကြီးဟာ ငွေတစ်ရာနဲ့ ကြက်တူရွေးကိုရော လှောင်အိမ်ကိုပါ ရရှိသွားပါပြီ ခင်ဗျား’

‘ဟေး’

‘ရှိုး… ဖြောင်း… ဖြောင်း… ဖြောင်း’

လေလံပွဲကား ပြီးဆုံးသွားခဲ့ပါ၏။

ကိုထွားကြီးလည်း ငွေတစ်ရာဖြင့် ကြက်တူရွေးလှောင်အိမ်ကြီးကို ဆွဲနိုင်ခဲ့ပါ၏။ ကြက်တူရွေးလှောင်အိမ်ကြီးကိုဆွဲ၍ သားဖြစ်သူချက်စုနှင့်အတူ ပြန်လာသော ကိုထွားကြီးအား ရောမသတ္တိရှင်အဖြစ်၊ အသည်းကောင်းသူအဖြစ်၊ ချီးမွမ်းသူ ချီးမွမ်းကြသလို ကွယ်ရာ၌လည်း ‘ရူးနေသလား မသိဘူး၊ ကြက်တူရွေးသားဖောက် ရောင်းမယ်ထင်ရဲ့၊ အတော်ကြောင်တဲ့ ဘုန်းကြီးလူထွက်၊ အိမ်ရောက်ရင်တော့ သူ့မယား မလုံးတင်က ဆီးပြီးကျည်ပွေ့နဲ့ လှမ်းနှက်မှာ မြင်ယောင်သေးရဲ့’ စသဖြင့် ကောက်ချက်ချသူ ချကြ၏။

အမှန်မတော့ ကိုထွားကြီး ကိုယ်နှိုက်ကလည်း လေလံပွဲ၌



အနိုင်သာရလိုက်သည်။ စိတ်ထဲ ဘဝင်သိပ်မကျချင်။ သည့်အတွက် နဘေး၌ပါလာသော သားတော်မောင်ချက်စုကို အိမ်ပြန်ရောက်လျှင် အာမချောင်ဖို့စကားဆိုရင်း…

‘အေးကွာ… အဖေ့စိတ်ထဲ မခံချင်စိတ်ကြောင့် တန်ရာတန်ဖိုး မတရားပေးပြီး ဝယ်လိုက်ရတယ်၊ စိတ်ထဲတော့ တနုံ့နုံ့ပဲ’

‘ပြီးသွားမှတော့ ဘာမှနောင်တရမနေပါနဲ့ အဖေရာ’

‘အေးပါကွာ ငွေဒီလောက်အကုန်ခံပြီး ရလာတဲ့ကြက်တူရွေး စကားပြောတတ်ရင် သိပ်ကောင်းမှာကွ’

သည်ခဏ သားတော်မောင်ချက်စု တုံ့ပြန်လိုက်သော စကားကြောင့် ကိုထွားကြီးခမျာ သေချင်တယ် ဖေခင်ရယ်ဆိုသည့်ကိန်းသို့ ဆိုက်သွားပါလေတော့၏။ သားတော်မောင်ချက်စု ပြောလိုက်သည်က ရိုးရိုးရှင်းရှင်းကလေးရယ်ပါ။

‘အဖေ ရလာတဲ့ကြက်တူရွေး စကားတတ်တာတော့ ပြောမနေနဲ့၊ အဖေ့ကို အပြိုင်လေလံဆွဲနေတာ ဘယ်သူမှတ်လို့လဲ၊ အဲဒီ ကြက်တူရွေးဗျ၊ အဲဒီ ကြက်တူရွေး’ ပါတဲ့ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

ဟော

ကြားလား… ကိုထွား။

ရွှေဂုံလေးက ပြောနေတယ်

ကိုထွား… တဲ့၊ ရှင်… ဥပါယ်တံမျှင်နဲ့

ဟို… တခုလပ်မကို

ပန်းသွားပေးသလိုမျိုး

နချင်းကို သွားပေးတာမဟုတ်လား။

တော်… မလိမ်နဲ့နော်

www.burmeseclassic.com

www.burmeseclassic.com

ကိုထွားကြီးအဖို့ လေလံပွဲမှကြက်တူရွေးကို ကြက်တူရွေးနှင့် အပြိုင် လေလံဆွဲမိသည့်နောက်ပိုင်း ဖနီးသည်မလုံးတင်၏ နဂါးမျက်စောင်းဒဏ်ကို ဖန်ခါမလတ် ခံစားနေရလေသည်။ ဘာကြောင့်ဆို မတန်တဆဈေးပေး၍ ဝယ်လာခဲ့သည်ကိုး။

ကြက်တူရွေးက ကြက်တူရွေးပါး။

မလုံးတင်၏ အနေအထားကား ဤအိမ်ထောင်စု၌ အာဏာအပြည့်အဝရှိပေထသော ဒေဝီဘုရင်မကြီးတစ်ပါးမှန်း အကဲခတ်သိနိုင်ပြီးသကာလ၊ အခြေအနေပေးလျှင်ပေးသလို အခွင့်သာလျှင်သာသလို မလုံးတင်အပေါ် ဖော်လံဖားလေတော့၏။

'ဟယ်! မမလုံးက အဲသည်အဆင်လေးနဲ့ သိပ်လိုက်တာပဲ ခတ်ရှင်မင်းသမီးတွေ လက်မှိုင်ချလောက်တယ်'

'မန်ကျည်းတောတစ်ရွာလုံးမှာ မမလုံးလောက် အဆင်းနဲ့လည်းပြည့်၊ အချင်းနဲ့လည်းပြည့်သူတွေ တစ်ယောက်မှ မမြင်ဘူးသေးပေါင်ဗျာ'

သည်လိုမျိုး မြှောက်လုံး၊ ပင့်လုံး၊ ဖားလုံးကလေးများက အာဘယ်မည်သော ဣတ္ထိယအဖို့ မနှစ်သက်ဘဲ နေနိုင်ပါအံ့နည်း သဘောမခွေ့ဘဲ ရှိနိုင်ပါအံ့နည်း။ သည်တော့ မလုံးတင် အင်လင်တော်မောင် ထုံပေလုံပေကြီးကို အချိန်မှန် ထမင်းမကျွေးလျှင်သာ

www.burmeseclassic.com



နေရမည်။ ရွှေဂဲကြက်တူရွေးအတွက်တော့ ငှက်ပျောသီးအဆင်သင့်၊ ဧရာတ်သီးစိမ်းအဆင်သင့်၊ ဧရာတ်သီး ညှော်လုပ်မည်ဆိုလျှင်တောင် ခြင်ထောင်ထဲထည့်ကာ ညှော်ရှောင်ပေးလေသည်အထိ ဂရုတစိုက်ရှိလှပါဘိ။

မလုံးတင်အဖို့ ရွှေဂဲကြက်တူရွေးအပေါ်၌ ဂရုတစိုက်ရှိသကဲ့သို့ ချက်စူနှင့်ကိုထွားကြီးတို့ သားအဖမှာလည်း ၎င်းတို့၏ နွားမကြီးဖြူပြာ မီးဖွားတော့မည့်အရေးအတွက် နေ့နေ့ညည ဂရုစိုက်နေရသည်။ ကုလားတန်းမှ နွားဆရာကိုချစ်ပိုးကတော့ နွားမကြီးဖြူပြာ၏ အရိပ်အကဲလက္ခဏာကို အကဲခတ်လျက်…

'ဖို့… ကိုထွား၊ ခင်ဗျား နွားမ ဒီကနေ့ညပဲ မီးဖွားမှာသေချာတယ်၊ မသကာနောက်နေ့စွန်းစွန်းပေါ့၊ အဲ… အာရုဏ်တက်တောင်ကူးမှာမဟုတ်ဘူး'

ဟူ၍ ပြောသွားခဲ့သည်။ သည်နယ်တစ်ကြောမှာတော့ နွားဇာတ်သင်းစပါယ်ရှယ်လစ်သာမက၊ နွားဆိုးနွားကောင်း ကြန်အင်လက္ခဏာတို့ကို နတ်မျက်စိပိုင်ဆိုင်ထားသည့်အလား ချက်ကျလက်ကျပြောဆိုတတ်သဖြင့် နွားရှင်အပေါင်းမှာ 'ကုလားတန်း ကိုချစ်ပိုး' အား ဆရာတင်ထားကြကုန်၏။ ခုလည်း ၎င်း၏ စကားကိုတထစ်ချယုံကြည်ကိုးစားလေသည်မို့ ကိုထွားကြီးတို့သားအဖမှာ နွားမကြီးသားအမွေးကို ညမအိပ်ဘဲ စောင့်ကြရပေတော့မည်။

သို့ဖြင့် ညသည် မည်သူမည်ဝါ၏ အခွဲအလဲမှမခံဘဲ ရှေ့သို့ ချီတက်သွားလေရာ ညဦးတိမ်တိမ်လေးမှ တဖြည်းဖြည်းနက်သည်ထက် နက်လာခဲ့တော့သည်။

'ဝါး… အိပ်ချင်ပြီ အဖေရာ၊ ဘယ်လိုမှ မျက်လုံးတွေ မဖွင့်ချင်တော့ဘူး၊ အဖေပဲ ဆက်စောင့်ချေတော့ နချင်း(နွားအချင်း)





ရလို့ ချက်ပြုတ်ပြီးရင် နှိုးလိုက်ပေတော့၊ ကိုင်း… အိုင်ဂိုးတူသည်ဘက်၊ ယူအာ ကဲရီးအွန်'

ဗမာတစ်ဝက်ဘိုတစ်ဝက်မှုတ်လျက် ချက်စူလည်း အိမ်ပေါ်သို့တက်သွားခဲ့လေပြီ။ သည်တော့လည်း ကိုထွားကြီး တစ်ယောက်တည်း နွားတင်းကုပ်၌ ရေနံဆီမီးခွက်ကြီးထွန်းလျက် မွေးလုဆဲဆဲ နွားမကြီးဖြူပြာအား ဂရုတစိုက်စောင့်ကြည့် နေရလေတော့သည်။

အထူးသဖြင့် ကိုထွားကြီး စောင့်စားနေမိသည်ကား နွားမကြီးဖြူပြာ၏ ဝမ်းကြာတိုက်ဆီမှ အထီးသော်လည်းကောင်း၊ ဒါမှမဟုတ် အမသော်လည်းကောင်း မွေးဖွားပြီးသည့်နောက် တောက်လျှောက်တဆက်တည်း ကျလာမည့် နချင်း(နွားအချင်း)အား မည်သူမည်ဝါမှ မဦးရလေအောင် စောင့်စားရပေလိမ့်မည်။

မှန်သည်။ သည်နချင်းသာ ရခဲ့လျှင်ဖြင့် ဆီ၊ ဆား၊ ကြက်သွန်ဖြူနီ၊ ချင်းတို့ဖြင့် အရည်သောက်ဟင်းချက်မည်။ ပို၍မွှေးသွားစေရန် ဧရာတ်ကောင်းမှုန့်သော်လည်းကောင်း၊ ရှောက်ရွက်နုပါးပါးကလေးလှီးကာ ခတ်၍လည်းကောင်း၊ နချင်းနှင့်လိုက်မည့်အရာများကိုတွေးကာ တံတွေးတွေပင် သီးလာခဲ့သည်။ စင်စစ် နချင်းကားကျေးလက်လူထုကြိုက် ဟင်းလျာတစ်မျိုးဆိုလျှင်မမှား။

'ဖြူပြာမရေ မွေးပါတော့… ထွားကြီး တမော့မော့
မဖြူပြာရေ မွေးပါတော့… ကိုထွား တမော့မော့'

ဘာရယ်မဟုတ်၊ စိတ်ကူးထဲ ရောက်မိရောက်ရာတွေ ရှာရင်း အချိန်တွေကုန်မှန်းမသိ ကုန်စေသည့်တိုင် နွားမကြီး မမွေးသေး။

ကိုထွားကြီးလည်း ရေကပျဉ်၌ ခေတ္တမျှအမောဖြေ [illegible] မွေးလာမည့်အချိန်ကို စောင့်စားနေမိလေသည်။ ဘယ်အပိုင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြီးက မွေးမလာတော့ စိတ်မရှည်ပြီ။ သို့သော် စိတ်မရှည်ကြောင်းကို ထုတ်ဖော်၍မဖြစ်။ စိတ်ရှည်ရှည်ထားပါမှ သူအလိုရှိအပ်၊ ဆောင့်တအပ်သော နချင်းကိုရမည်မဟုတ်လား။ မှန်သည့်အတိုင်း ခန့်ခံရလျှင် မွေးလာမည့်နွားကလေးမှာ အထီးသော၊ အမသော အရေးမကြီး။ အရေးကြီးသည်က နချင်းမှ နချင်း။ သည့်အတွက် မေးစင်းလာသော မျက်လုံးတို့အား အတင်းကာရောဖြဲကာ အိပ်ချင်စိတ်ကို တွန်းလှန်တိုက်ခိုက်နေရတော့သည်။

သည်ကာလအတွင်းမှာပင် မနက်ခင်းဆီက အဖြစ်အပျက်များကို မြင်ယောင်လာခဲ့သည်။ တက်ပုဆိုသည့် သမ္ဗာန်ခတ်သူ နဝလီသမား။ သင်းက နွားမကြီးဖြူပြာမွေးတော့မည်ကို သိထားသည့်အတွက်။

‘ဗျို့… ကိုထွား၊ နချင်းရရင် ဘယ်သူ့မှမရောင်းပါနဲ့၊ ကျုပ်ကိုရောင်းပါဗျာ၊ ခင်ဗျား လိုချင်တဲ့ဈေးပေးပါ့မယ်’

ဟူ၍ စကားဦးသမ်းထားသည်။ သူတင်လားဆိုတော့ မဟုတ်။ ကစော်သမားစိန်လင်းနှင့်ဂန်ဘားကျွဲသိုးတို့ကလည်း နချင်းကို မျက်စောင်းထိုးခဲ့ကြသည်။

‘ဗျို့… ကိုထွား၊ နချင်းရရင် ကျုပ်တို့ကို တစ်ဝက်တော့မျှပါဗျာ၊ အမြည်းကောင်းကောင်းလေး မတွေ့ရတာကြာပြီ’ တဲ့။

သင်းတို့ ဘယ်လောက်ဈေးပေးပေး။ ဘယ်မျှဈေးခေါ်ခေါ် ကိုထွားကြီးကတော့ မရောင်းရေးချ မရောင်း။ မမျှရေးချ မမျှ။ ဒါကို သူတို့လည်း ရိပ်မိကြဟန်တူသည်။ ထိုအခါဝယ် အလစ်လာမသုတ်ဘူး ဟူ၍ မပြောနိုင်။ သည့်အတွက်ကြောင့် သည်တစ်ညမှာတော့ဖြင့် ‘မအိပ်မနေ နချင်းရေ… စောင့်နေကိုထွား ကျပါတော့လား’ ဟူ၍ တမ်းတမ်းတတ တိုင်တိုင်တည်တည်ပြုကာ ဖြူပြာမမွေးမချင်း ‘ငါဟဲ့





ကိုထွား၊ တစ်ကောင်ဘွား’ ဟူ၍ စိတ်ထဲကြုံးဝါးလျက် စောင့်စားနေမိလေသည်။

ဖြူပြာကား ဘာကြောင့်မမွေးသေးသည် မသိ။

သူမမွေးလေ ကိုထွားကြီးအဖို့ရာ ကျွဲမြီးတိုလေပင်။

ကျွဲမြီးတိုတိုဖြင့်ပင် အာရုံထဲမှာကနဲဖြစ်ကာ ဘယ်ကဘယ်လို အိပ်ပျော်သွားမှန်း မသိ။ အိမ်မက်ထဲမှာတော့ တက်ပု၊ စိန်လင်း၊ ကျွဲသိုးတို့ ရောက်လာကာ နချင်းကိုအပိုင်စီးဖို့လုပ်ကြသည်။ ဘယ်ရမတုံး နွားဒေါက်ကိုဖြုတ်လျက် မိုက်တိမိုက်ကမ်း ခပ်ကြမ်းကြမ်းလေးချုပြမှ သကောင့်သားသုံးကောင်လည်း ဖဝါးနှင့်တင်ပါးတသားတည်းကျအောင် ပြေးကြသည်ဆိုပဲ။ သည်တော့မှပင် နချင်းကို အထူးစပါယ်ရှယ်စီမံချက်ပြုတ်ကာ လျှာလည်အောင် သုံးဆောင်တော့မည်အပြု၌ ဖျတ်ကနဲနိုးလာတော့သည်။

‘ဟင်… ဖြူ… ဖြူပြာ… မွေးပြီ… မွေးပြီ’

ဟုတ်ပါရဲ့။ ဘယ်အချိန်က မွေးချလိုက်မှန်းမသိ။ နွားကလေးက အထီးလေး၊ ချောမှချော။ မတ်တပ်ပင်ရပ်နေပေပြီ။ ‘သားတို့ရပ်ရည်၊ သိတာမည်သား’ ဆိုသကဲ့ နွားမကြီးဖြူပြာလည်း ၎င်း၏သားကလေးကို ကြင်နာယုယစွာ လျှာဖြင့်ယက်ပေးနေလေသည်။

‘ဟင်… န… နချင်း။ နချင်းကော… ဘယ်… ဘယ်မှာပါလိမ့်’

နချင်းကား ပျောက်ချင်းမလှ ပျောက်နေခဲ့ပေပြီ။

မိုးစင်စစ်လင်းပြီမို့ မီးထွန်းရှာစရာမလို။ ဘယ်လိုရှာရှာ… ရှာ၍မတွေ့။ နချင်းကား ပျောက်ချင်းမလှ ပျောက်နေပါပကော။

‘တောက်! အဲ… အဲဒါ… ငါ အအိပ်မက်သွားလို့ သာနေရင် ဒီလို နချင်းပျောက်မှာ မဟုတ်ဘူး၊ မလုံးတင် သိ ဥပဲ။ မိုး… မီးလောင်လိုက်မယ့် ဖြစ်ခြင်း’

www.burmeseclassic.com



ဦးခေါင်းတစ်ခုလုံး ထူပူသွားတော့သည်။

'မဖြစ်သေးပါဘူး၊ နချင်းပျောက်ကို ရှာပုံတော်ဖွင့်ဦးမှပါ၊ ပျောက်သွားတဲ့နချင်းနဲ့ပတ်သက်လို့ မသင်္ကာစရာဆို သုံးယောက်ပဲ ရှိတယ်။ ပထမဦးဆုံး နဝလီ တက်ပုဆီသွားမှ'

ထင်မိထင်ရာ တွေးမိတွေးရာဖြင့် တက်ပုအိမ်သို့ သူသွားခဲ့သည်။ တက်ပုမှာ အိမ်တွင်မရှိ။ သူ့မိန်းမ မိထူးသာထမင်းအိုးတည်နေလေသည်။

'မနေ့ညနေကတည်းက နဝလီလိုက်သွားတာလေ၊ နေမြင့်မှပဲ ပြန်ရောက်မယ်ထင်တယ် ကိုထွားရဲ့၊ ဘာကိစ္စများရှိလို့တုံး'

'ဩော်… လမ်းလျှောက်ရင်း ကြုံလို့မေးတာပါဟယ်၊ ဘာကိစ္စမှ မရှိပါဘူး၊ သွားမယော့'

ချော်လဲရောထိုင်စကားဆိုရင်း မသိလိုက်မသိဖာသာဖြင့် ကုပ်ကုပ်ကလေး လစ်လာခဲ့သည်။ သို့မဟုတ်ပါက မိထူးအနေဖြင့် သူ့လင်အပေါ် မဟုတ်တမ်းတရား စွပ်စွဲရပ့ါမလားဟုဆိုကာ ထဘီအလံထူလျက် ရပ်ကျော်ရွာကျော် အုတ်အော်သောင်းတင်းလုပ်သွားမှာ သေချာသည်။

'တက်ပု မဟုတ်တာတော့ သေချာသွားပြီ၊ ဒါဆိုရင် ကစော်သမားစိန်လင်းနဲ့ဂန်ဘားကျွဲသိုးတို့ပဲ အတပ်စွဲစရာရှိတော့တယ်'

သည်တော့ ကစော်သမားစိန်လင်းနှင့်ဂန်ဘားကျွဲသိုးတို့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ရှိကြမည့် ရွာတောင်ပိုင်း သာခင့်ခွက်ပုန်းဆိုင်သို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။ ထိုခဏမှာပင် ခြံချင်းကပ်လျက်တွင် နေထိုင်သည့် ဘုရားဒကာကြီးဦးသီလကို ရေတွင်း၌ ရေချိုးနေသည်အား တွေ့ရှိလိုက်ရချေ၏။

'ဟော့… ကိုရင်ထွား၊ ဘယ်တုံးလဲဟ'



'တောင်ပိုင်းမဏာသွားမလို့ ဦးသီလ ရဲ့'

အလိုက်သင့် အဖြေစကားပြုလိုက်ရ၏။ တကယ်တမ်းမေးချင်သည်က သည်အရက်တက်၌ ၄င်း၏ နွားတင်းကုပ်နဘေး၌ စိန်လင်းတို့ ကျွဲသိုးတို့အား တွေ့မိပါသလားဟု မေးလိုက်ချင်သည် ထိုသို့ မေးမိပါက 'ဘာကိစ္စရှိလို့လဲ'ဟု ကွန့်လာလျှင် စကားတွေရှည်သွားလိမ့်မည်။ ဘုရားဒကာကြီး ဦးသီလလည်း ဤအမှုထဲ ကန့်လန့်ကန့်လန့် ပါလာမည်ကို မလိုလား။

ဘုရားဒကာကြီး ဦးသီလကား ရပ်အကြည်ညို၊ ရွာအကြည်ညိုခံ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်၏။ လပြည့်လကွယ်၊ ဝါတွင်းဝါပသာမဟုတ် နေ့စဉ်လိုပင် ဥပုသ်စောင့်သူဖြစ်၏။ စားတော့လည်း သက်သတ်လွတ်မှ၊ နေ့လယ်နေ့ခင်းဆိုလျှင် ဝါးနက်ရုံ၏ အရိပ်အာဝါသအောက်၌ ဝါးကုလားထိုင်ပေါ်ထိုင်ရင်း နေ့သင့်နံသင့် ဝိတောက်သားပုတီးကို တရျောက်ရျောက်နှင့်စိပ်နေတတ်၏။ သည်လိုမျိုး သီလသိက္ခာ၊ သမာဓိပြည့်ဝသော ပုဂ္ဂိုလ်ကြီးအား ဘာမဟုတ်သည့် နချင်းပျောက်မှုကလေးနှင့်စပ်လျဉ်း၍ ဒုက္ခမပေးလိုရကား စကားကိုတိုတ်ဖြတ်လျက် တောင်ပိုင်းသို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့လေသည်။

တောင်ပိုင်းရှိ သာခင့် ခွက်ပုန်းဆိုင်ရောက်တော့ စိန်လင်းနှင့်ကျွဲသိုးတို့ မနေ့ကတည်းက ရောက်မလာဟုဆို၏။

'ကျူးတောရိုးမှာ အသုဘရှိတယ်လေကွာ၊ အဲဒီမှာ မြင့်ကြိုင်တို့နဲ့ပေါင်းပြီး ဖဲသွားရိုက်မလို့ဆိုပြီး ငါ့ဆိုင်က မီးတောက်ငါးပုလင်းတောင် ဆွဲသွားသေး'

လမ်းစကား ဆုံးပေပြီ။

သည်တော့ စကားရောဖောရောဖြင့် ဝမ်းသာမြူးသိပ်လျှင်



www.burmeseclassic.com

www.burmeseclassic.com

မသိမသာပတ်ဝန်းကျင်အား အကဲခတ်မှ ဟန်ကျမည်မှန်း နားလည်လိုက်တော့သည်။

အိမ်ပြန်ရောက်တော့ ထင်သည့်အတိုင်းပင် မလုံးတင်၏ မေတ္တာသုတ်တစ်စောင်လုံးကို ပုဒ်ထီး၊ ပုဒ်မပါမကျန် ကြုံးကြုံးပြီး ပို့သခြင်းကို ခံရလေသတည်း။ သည်ကြားထဲ ရွှေဂဲကြက်တူရွေးက တစ်မှောင့်။

မလုံးတင်ကမေးသည်။ ရွှေဂဲက ဖြေသည်။

'ကဲ… ရွှေဂဲရေ ပြောစမ်းပါဦး၊ ညက နချင်းပျောက်တာ ဘယ်သူ့လက်ချက် ဖြစ်မလဲ'

'ကိုထွား… ကိုထွား… ကိုထွား'

'ဟော… ကြားလား ကိုထွား၊ ရွှေဂဲလေးက ပြောနေတယ်၊ ကိုထွား တဲ့။ ရှင်… ဥပါယ်တံမျဉ်နဲ့ ဟိုတခုလပ်မကို ပန်းသွားပေးသလိုမျိုး နချင်းကို သွားပေးတာ မဟုတ်လား၊ တော်… မလိမ်နဲ့နော်'

'ဟာ… ဘုရားပေးပေး၊ ကျမ်းပေးပေးပါကွာ၊ မဟုတ်ရေးချ မဟုတ်ရပါဘူး။ နင့်အကောင် ကြက်တူရွေးက ငါ့ကို ဘာအစာမကြွေ တယ် မပြောတတ်ဘူး။ ချောက်ထဲပဲ တွန်းတွန်းချနေတာ'

ကိုထွားကြီး စိတ်ထဲမှာတော့ တအုံအုံ တနွေးနွေး။

သည်နချင်းပျောက်မှုကိစ္စ၌ လက်သည်တရားခံအစစ်သာ မပေါ်လျှင်ဖြင့် မလုံးတင် အပါအဝင် အိမ်သားအားလုံးသည် သူ့အပေါ်သာ ယိုးစွပ်ကြပေလိမ့်မည်။ သည်တော့ လက်သည်တရားခံ ပေါ်ဖို့ရာ မဖြစ်မနေ ရှာဖွေရတော့မည်။

'တောက်! နချင်းကို ငါ မွေးကနဲ့အိပ်ပျော်သွားတုန်း အလစ်သုတ်သွားတဲ့သူခိုး သိကြရောပေါ့ကွာ၊ လက်သည်ပေါ်ပြီဆိုတာနဲ့ နားရွက်ကိုဖြစ်နင်းပြီး မေးစေ့ကိုဖမ်းကိုက်ပစ်လိုက်မယ်။ အတ္တာပဟိ





အတ္တာနော နာထောတဲ့၊ ပိုင်ရှင်မသိအောင်ယူတာ အဒိန္နဒါနာကံကို ကျူးလွန်တာပဲ။

ဒီတော့ တရားခံကို ဖော်ထုတ်နိုင်ဖို့ရာ တစ်နည်းပဲရှိတော့ တယ်။ ဒါကတော့ ဂန္ဓာရုံစစ်ဆင်ရေးနဲ့ ဖော်ထုတ်မှ ဖြစ်မှာ၊ ပတ်ဝန်းကျင်ကအိမ်တွေ တစ်အိမ်တက်ဆင်း ဘာဟင်းချက်လဲဆိုတာ စနည်းနာ ရမယ်။ ဟင်းအိုးတည်နေချက်နေတုန်း အနံ့ခံရမယ်။ ဟင်း… ဟင်း… ဘာရမလဲကွာ၊ ပဥ္စင်းဝတ်နဲ့တုန်းက နေ့စဉ် ဟင်းကလေးအိုး ကျိုနေကျ'

သို့ကလို တစ်ကိုယ်တည်း ကြုံးဝါးရင်း မသိလိုက်မသိဖာသာ ဖြင့် တစ်အိမ်တက်ဆင်း စကားရောဖောရော လုပ်ပါလေတော့သည်။

'ဗျို့… ဒေါ်မေနှင်း ဘာချက်သလဲဗျ'

'ဘာမှ အထွေအထူး မချက်ပါဘူး၊ မနေ့ညက လက်ကျန် အာပြဲခြောက်နဲ့ခရမ်းချဉ်သီးရောထားတဲ့ ဟင်းပဲရှိတယ်'

'ကောင်းတယ်ဗျာ… ကောင်းတယ်၊ ရေပ်သီးစပ်စပ်နဲ့ဆို တယ်လိုက်ပေါ့'

ပဋိသန္ဓာရစကားဖြင့် မသိမသာစုံစမ်းပုံကဖြင့် ထိရောက်မှု ရှိလှပါဘိ။ တရားခံအငိုက်မိသွားပါက သူ့အတွက်အောင်ပွဲ မဟုတ် လား။

'ဗျို့… အပျိုကြီး မြမဋ္ဌု လျှာဟင်းမြက်ဖို့ ဘာဟင်း ချက်သလဲဗျို့'

'သြော်… ခရမ်းသီး အလုံးကြီးကြီးတွေရလို့ ပုဇွန်ခြောက် နဲ့နှပ်တယ်လေ'

'ကောင်းပဗျာ… ကောင်းပ၊ အပျိုကြီးနဲ့ခရမ်းသီး တယ် လည်း ခတ်တည့်ပေတာကိုးဗျ နော်'



www.burmeseclassic.com

www.burmeseclassic.com



'တယ်! သေချင်းဆိုးကြီး ပေါက်တက်ကရ ဘာတွေလာပြော နေမှန်းမသိဘူး··· သွား··· သွား'

'အဟီး··· ခင်လို့စတာပါဗျာ၊ သွား··· သွားမနော်'

ရှာစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်သလို ဘာလို လိုနှင့်စပ်စပ်စုစု လုပ်သွားခဲ့ရာ အိမ်ခြေအရေအတွက် အတော်များများ ရသည့်တိုင် သူလိုက်နေသောအမှု၏ သဲလွန်စသည် ရေးရေးမျှပင် ပေါ်မလာသေး။

'ဗျို့··· နတ်ကတော်ကြီး ချစ်နှင်းဆွေ ဘာတွေချက်ပြုတ်နေ သလဲဗျ'

'ထွေထွေထူးထူး မဟုတ်ရပါဘူး ဦးဖင်းရယ်၊ ရွှေဖရုံသီးနှပ် နဲ့ငပိရည်တို့စရာလောက်ပါပဲ'

'အကြောတက်လိမ့်မယ် ကြည့်လည်းစားဦး'

'ကျုပ် အကြောတက်ရင် ကျုပ်ကောင်လေး စိုးပိုင် ကိုင်ပေး လိမ့်မယ်၊ ဘာမှမပူနဲ့ သူက အကိုင်အတွယ် အင်မတန်ညက်တာ'

အိမ်တကာနှံ့သည့်တိုင် သံသယဖြစ်စရာ ဘာမျှမရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ တုပ်ခေါက်ပြန်လာခဲ့သည်။

အိမ်နားအရောက်မှာတော့ ၎င်း၏ နှာဝသို့ ရနံ့တစ်ခုက စီး မျော ဝင်ရောက်လာခဲ့၏။

'ဟာ··· မွှေးလိုက်တဲ့ ဟင်းနံ့ဗျာ၊ တစ်ခုခုတော့ တစ်ခုခုပဲ'

ဟင်းနံ့ရသည့်အိမ်က သူ့အိမ်မှ မဟုတ်။

တအူအူနှင့်မီးခိုးထွက်နေသည်ကို ကြည့်လိုက်တော့ ဘုရား ဒကာကြီးဦးသီလ အိမ်မှဖြစ်နေသည်။

'ဒါ··· ဒါ··· ငါ့နှချင်း ချက်နေတာများလား'

ဝင်လာသော သံသယအတွေး။





သည်သံသယအတွေးကား တာရှည်မခံ။

'မဟုတ်သေးပါဘူး၊ ဘုရားဒကာကြီး ဦးသီလ ဆိုတဲ့ ရပ်ကြည်ညို ရွာကြည်ညိုပုဂ္ဂိုလ်ကြီး၊ ငါးပါးသီလကလည်း တယ်မြဲ၊ ဘယ်ခါကြည့်ကြည့် ခရီးမဂ္ဂင်ဖောင်အတွက် ပုတီးလက်တွင်စောင်တဲ့ သူ ဒီလို ပုဂ္ဂိုလ်ကြီးက ဒါမျိုးလုပ်ပါ့မလား၊ အထူးသဖြင့် သူက သက်သတ်လွတ်သမား'

သည်အကြောင်းတရားများဖြင့် သံသယကိုချေဖျက်၏။ သို့ သော် ချေဖျက်ပြီးကာမှ သံသယတွေ ထပ်ဝင်လာပြန်သည်။

'ဘာပဲပြောပြောလေ သူ့ကို တပ်အပ်သေချာစွပ်စွဲနေတာမှ မဟုတ်တာဘဲ၊ မပြေးသော်လည်း ကန်ရာရှိ ဆိုသလို ဒီနားရောက်ကာ မှ ဝင်မကြည့်ဖြစ်ခဲ့ရင် အရှုံးပေါ်မှာသေချာတယ်'

သို့ဖြင့်ပင် မရဲတရဲဆိုသလို ဦးသီလ၏ ခြံထဲသို့ လှမ်းဝင် လိုက်သည်။ အိမ်ထဲကို ငုံ့ကြည့်တော့ ဘုရားဒကာကြီး ဦးသီလခမျာ အပေါ်ပိုင်းအဝတ်ဗလာဖြင့် မီးဖိုချောင်ထဲ၌ တကုန်းကုန်းဖြစ်နေလေ သည်။

'ဗျို့··· ဘကြီးဦးသီလ၊ တကုန်းကုန်းနဲ့ ဘာတွေများကိုယ်တိုင် ချက်ပြုတ်နေသလဲဗျ၊ ဟင်းနံ့ကလည်း မွှေးပါ့ဗျာ··· မွှေးပါ့'

'မွှေးဆို ရတောင့်ရခဲရလာတဲ့ နချင်းကို ချက်နေတာကိုးကွ'

'ဟင်'

ဘကြီးဦးသီလထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရ သည့်အတွက် ကိုထွားကြီးခမျာ မျက်လုံးမျက်ဆန်တွေပြူးကာ ပါးစပ် အဟောင်းသား ဖြစ်သွားရလေသည်။

'နေ··· နေစမ်းပါဦး ဘကြီးရယ်၊ ဘကြီးက ဥပုသ်အခါ စောင့်ပြီး သက်သတ်လွတ်စားတယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ ခု နေ့လယ်မကျော်သေးဘူး၊ အချိန်တွေ အများကြီးရှိနေတာ၊ ညနေစာ စားမှာမှ မဟုတ်ဘဲ၊ ပြီးတော့ သက်သတ်လွတ်စားတာလည်း အမှန်ပဲ'

'သြော်… ဘကြီးနှယ် သူများနချင်းကို ခိုးပြီးစားတယ်၊ သက်သတ်လည်း မလွတ်ဘူးဆိုတော့ ဘကြီးလုပ်တာတွေဟာ တလွဲတွေချည်းပဲ'

'တယ်… ဒီ ဘုန်းကြီးလူထွက်၊ ယောက်မနဲ့ခုတ်ထည့်လိုက်ရကျော်မကောင်းကြားမကောင်း ဖြစ်သွားတော့မယ်၊ ဒီနချင်းဟာ ခိုးယူလာတာ မဟုတ်ဘူး၊ နွားမကြီးက သူ့အတွက် မလိုအပ်တော့လို့ စွန့်ပစ်လိုက်တဲ့ ပံ့သကူပစ္စည်းဟ။ ဓမ္မပလဒ္ဓ အင်မတန်မှ စင်ကြယ်တဲ့ပစ္စည်း။

ပြီးတော့ နချင်းဆိုတာ အသက်ရှိတဲ့ဟာလား ပြောစမ်း၊ အသက်မရှိတဲ့ဟာကိုစားတာ သက်သတ်လွတ် မဟုတ်လို့ နင့်ကြီးဒေါ်ဟဟ္ဟာလွတ်ရမှာလား။ သွားစမ်းကွာ သွားစမ်း'

ဘုရားဒကာကြီး၏ ဒေါ်မာန်ပါပါဖြင့် နှင်ထုတ်မှုအဆုံးဝယ် ဝိုင်နက်ကျူးလွန်မှု မဖြစ်ချင်၍ ဓာတ်လိုက်ကျော် ကိုထွားကြီးခမျာ ဂျိုကားပြီး ပြန်လှည့်လာရလေတော့သတည်း။

■

ဟင်း… ဟင်း… ဟင်း…
နင်တို့ ငါ့အကြောင်းသိတယ်နော်။
ကြပ်ကြပ်သတိထား။
ဟဲ့ အကောင်… ထွားကြီး
နင့်မိန်းမ ဘယ်ကလောက်
နတ်သရမ်းတယ်ဆိုတာ
ငါ… ပညာပေးမဟဲ့
ငါ့ကို
နယ်နယ်ရရလို့ မအောက်မေ့လိုက်နဲ့
ငါစားချင်တာ
ကျွေးမလား… မကျွေးဘူးလား

www.burmeseclassic.com

www.burmeseclassic.com

'မရှိခိုးနိုး… မလှစုန်းယိုး' ဆိုသော စကားရှိလေ၏။

သည်စကားနှင့်အညီ လွန်စွာမှ ရိုးလှ၊ အလှ၊ ထုံလှ၊ နုလှသော တောသူတောင်သားများအဖို့ လွန်စွာမှအရုပ်ဆိုး အကျည်းတန်လှသည့် မိန်းမကြီးများအား စုန်းမကြီးဟူ၍ စိတ်ထဲစွဲမှတ် ယိုးစွပ်တတ်ကြစမြဲပင်။

'ဟဲ့… တောကြီးတန်းဘက်က မျှစ်တွေချိုးပြီး လာလာရောင်းတတ်တဲ့ ဟိုရုပ်ဆိုးမကြီးကို သတိထား'

'အို… ဘာဖြစ်လို့တုံး'

'ဘာဖြစ်ရမလဲ… အဲသည်မိန်းမကြီးဟာ နှယ်နှယ်ရရ မဟုတ်ဘူးတဲ့၊ ဆယ့်နှစ်ကြိုးတပ် စုန်းကဝေမကြီးဆိုပဲ'

'ဟယ်… ဟုတ်မှလည်း လုပ်ပါဟယ်၊ ခုမျာမယ် ဘဝပေး ကုသိုလ်ကံဆိုးလို့ ပြင်ပရုပ်ဆင်းလက္ခဏာ ကြည့်ရဆိုးချင်ဆိုးပေမယ့် စိတ်သဘောထားကတော့ ဖြူမှာပါဟယ်။ ပရိယေသန ဝမ်းစာရေး အတွက် တောထဲတိုးပြီး မျှစ်ချိုးရောင်းစား ရရှာတာကလား'

'အို… သူ့ဖာသာသူ ဘာပဲလုပ်စားစား စုန်းမကြီးကတော့ စုန်းမကြီးပဲ၊ တောကြီးတန်းအနီးအပါးက ရွာတွေဆိုရင် သူ့ဒဏ်ကို မတရားခံကြရတာ၊ သူဝင်ပူးလို့များ ကျေနပ်အောင် ကျွေးလည်းမကျွေး တောင်းလည်းမတောင်းပန်ဘူး ဆိုရင်တော့ အကြီးအကျယ်ဒုက္ခပေး တော့တာပဲ'

www.burmeseclassic.com



ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်သူက ဝင်သည်။

ကျိန်းသေပေါက် ဟုတ်ကိုဟုတ်ကြောင်း အကိုးအကားနှင့် ဆိုသူကလည်းဆိုသည်။ သည်တော့ ထိတ်လန့်ကြောက်ရွံ့ခြင်း ဓာတ်ခံရှိသော အများစုကကြာတော့ မျှစ်သည်မိန်းမကြီး၏ အကျည်းတန်လှသော ရုပ်ဆင်းအင်္ဂါကို မြင်ယောင်မိကာ အများညီသည့်နောက် 'ဤ'ကို 'ကျွဲ' ဟူ၍ ဖတ်ခဲ့ကြလေသတည်း။

တစ်နေ့သားမှာတော့ မန်းကျည်းတောရွာကလေးသို့ ဒေါ်ရုပ်ဆိုး တစ်ယောက် မျှစ်တောင်းကြီးခေါင်းရွက်ကာ ဝင်လာခဲ့လေသည်။

'ဟောဒီက မျှစ်၊ ဝါးဘိုးမျှစ်တွေ၊ ဝါးယားမျှစ်တွေ၊ ဝါးဖယောင်းမျှစ်တွေပါတယ်'

အသံက ရုပ်ဆင်းအင်္ဂါနှင့်လိုက်လျောညီထွေလှစွာ ရှူးရှူးဝါးဝါးနိုင်လှ၏။

အမှန်တကယ်လည်း မျှစ်ကိုအလိုရှိသူ စုန်းမကြီးဟူ၍ မယုံးစွပ်လိုသော အိမ်အချို့ကတော့ မျှစ်ရောင်းသူမိန်းမကြီးအား လှမ်းခေါ်ကာ အလိုရှိသလောက် ဝယ်ကြသည်။

'ဘာမှဆေးမဆိုးတဲ့ သဘာဝမျှစ်တွေနော်၊ ချက်မစားခင်၊ တို့မစားခင် တစ်ရေလောက်တော့ ပြုတ်လိုက်ဦး၊ ဒါမှ အခါးဓာတ်တွေကုန်ပြီး စားလို့ကောင်းမှာ'

ဈေးသည်တစ်ယောက်၏ ဝိဘီအရိုးခံစကား။

ရောင်းသူနှင့်ဝယ်သူ သူ့အပေါ်ကိုယ်နားလည်၊ ကိုယ့်အပေါ်သူနားလည် ပြန်တော့လည်း ဘာမျှပြဿနာမရှိ။ ပကတိ အေးအေးဆေးဆေး။

အဲ... ပြဿနာဖြစ်ချင်တော့ ဘုန်းကြီးလူထွက်ကိုထွားကြီး



၏ အိမ်ကျကာမှ အခဆင်ပြေမှုတွေ၊ အေးဆေးမှုတွေ ကွယ်ပျောက်ကုန်သည်။

'ဟောဒီက မျှစ်၊ ဝါးဘိုးမျှစ်တွေ၊ ဝါးယားမျှစ်တွေ၊ ဝါးဖယောင်းမျှစ်တွေ ပါတယ်'

သည်အသံကြားတော့ ချဉ်ပေါင်နှင့်ရောနှောချက်ဖို့ရာအတွက် ကိုထွားကြီး၏ ဇနီးမလုံးတင်က လှမ်းခေါ်သည်။ သည်တော့လည်း မျှစ်သည် မိန်းမကြီးခမျာ မျှစ်တောင်းကို ခေါင်းရွက်လျက် ခြံထဲလှမ်းဝင်လာသည်။ မလုံးတင်၏ အစ်မကြီးဖြစ်သူ အပျိုကြီးဒေါ်ညွန့်လည်း အတို့အမြုပ်လုပ်ဖို့ရာ အနည်းငယ်ဝယ်လိုသဖြင့် အချစ်တော်မြေးငယ်ချက်စူ၏ လက်ကိုဆွဲလျက် ညီမမလုံးတင်တို့ ခြံထဲသို့ ဝင်လာခဲ့သည်။ ချက်စူကား ဘုန်းကြီးလူထွက် ကိုထွားကြီးနှင့်ညီမ မလုံးတင်တို့၏ ဇာကပုတ္တသားလှရတနာတစ်ပါးတည်း။

'မျှစ်တွေကလည်း ရင့်လိုက်တာ၊ နှီးထိုးလို့တောင်ရမလား မပြောတတ်ဘူး'

မျှစ်တောင်းထဲမှ မျှစ်တစ်ချောင်းကို လက်သည်းဖြင့်ဆိတ်ရင်း မဲ့ကာရွဲ့ကာ ပြောဆိုနေသော မလုံးတင်ကြောင့် မျှစ်သည်မိန်းမကြီးလည်း နည်းနည်းတော့တင်းသွားပုံရ၏။

'အို... အေး၊ ဘယ်ကလာ ရင့်ရမှာလဲ၊ ထွက်ကာစကလေးတွေကို ရွေးပြီးချိုးလာ တူးလာတဲ့ ဥစ္စာ။ မှိုချိုးမျှစ်ချိုးစကား မပြောပ[illegible]လား'

သည်လိုမျိုး နှုတ်သီးကောင်းလျှာပါး ပြောလာတာမျိုးတော့ မလုံးတင်တို့က လက်မခံ။ သည်မန်ကျည်းတောမှာ မလုံးတင်၏ ဒဿနက 'လုံးကြီးလာမတင်နဲ့ တင်လာသည့်လုံးကြီးအား ဆဲတော်[illegible] မည့်သူမျိုး။

www.burmeseclassic.com

www.burmeseclassic.com



'အို… မှန်တဲ့အတိုင်း ပြောတာပဲတော် နာမနေပါနဲ့'

'ဒီမှာ… ဒီမှာ ငါ့မျှစ်တွေကို သည်မန်ကျည်းတောတစ်ရွာ တည်းမှ မဟုတ်ဘူး၊ ရွာစဉ်အနှံ့လှည့်ပြီးရောင်းနေတာ၊ ကြိုက်ရင်ဝယ် မကြိုက်ရင် မဝယ်နဲ့… ဒါပဲ'

ထိုသို့ ပြောဆိုပြီး မျှစ်တောင်းကို ပြန်ရွက်မည်ပြုသည်။ ထိုအခါ၌ အပျိုကြီးမညွှန့်က မလုံးတင်ထက်အသက်ကြီးသော အစ်မ ကြီးပီသစွာ လေပြည်ထိုးပြီးတား၏။

'အို… အေ… လုံးတင်ရယ်၊ စကားဆိုတာမျိုးက တဖက် သားနားဝင်အောင် ပြောမှပေါ့ကွယ့်။ ကိုင်း… စိတ်မရှိပါနဲ့ ပြပါဦး မျှစ်တွေ'

ကြားဝင်၍ လေပြည်ထိုးလာသူကြောင့် မျှစ်သည်မိန်းမကြီး လည်း စိတ်လျှော့လျက် မျှစ်တောင်းကိုချကာ ပြရလေတော့၏။

'ဟဲ့… လုံးတင်ရဲ့၊ ညည်းပြောသလို မျှစ်တွေက သိပ်အရင့် ကြီး မဟုတ်ပါဘူး၊ တစ်ရေလောက်ခန်းအောင် ပြုတ်လိုက်ရင် စားလို့ ကောင်းသွားမှာပါ'

အစ်မဖြစ်သူက ဈေးသည်ဘက်မှ ရှေ့နေလိုက်နေသည့် အတွက် မလုံးတင်လည်း နှုတ်ခမ်းစူသွားခဲ့လေ၏။

'နေပါဦး… ဘယ်လိုရောင်းသလဲ'

'တစ်ပိဿကို လေးကျပ်'

အပျိုကြီးဒေါ်မညွှန့်နှင့် မျှစ်သည်မိန်းမကြီးတို့ ဈေးမေး ဈေးခေါ်နေစဉ်မှာပင် မနေနိုင်မထိုင်နိုင် မလုံးတင်က ဝင်နှောက်ပြန် သေး၏။

'ဟွန့်… ဈေးကလည်း မတန်မဆ၊ တွံတေးဈေးမှာတောင် အဲသလောက် မပေးရဘူး၊ ပြန်မပြုတ်ရဘဲ အဆင်သင့်ချက်ပြုတ် စားရုံပဲ၊ ဈေးကြီးတယ် မဝယ်နဲ့မညွှန့်'





သည်မှာတင် နကိုကတည်းက မျက်စောင်းတခဲခဲဖြစ်နေသော မျှစ်သည်မိန်းမကြီးနှင့်ကတောက်ကဆဖြစ်ကာ နင့်ပဲငဆတွေ ဖြစ် ကုန်သည်။

'ဟော့… ဒီမယ်… ဒီမယ်၊ ရပ်တကာရွာစဉ်လှည့်ပြီး ဈေး တောင်းခေါင်းရွက် စားလာတာ၊ ဘယ်သူ့ကိုမှ ဂရုလည်းမစိုက်ဘူး၊ ကြောက်လည်းမကြောက်ဘူး၊ နကိုကတည်းက ဝယ်မစားနိုင်ရင် ဝယ် မစားနဲ့ပေါ့။ အကြောမာသလေး ဈေးကြီးသလေးနဲ့'

'အိုး… မကောင်းလို့မကောင်းပြောတာ၊ ဈေးကြီးလို့ကြီး တယ်ပြောတာ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး၊ မျှစ်တစ်တောင်းလုံး မပြောနဲ့ တောင်းတစ်ရာလုံးတောင် မကဘူး။ ပစ်ပြီးဝယ်နိုင်သေး တယ်။ ဟွန်း… ဟွန်း… ဟွန်း'

'တော်ကြပါအေရယ်… တော်ကြပါတော့'

မျှစ်သည်မိန်းမကြီးနှင့်မလုံးတင်တို့ သူတစ်ခွန်း ငါတစ်ခွန်း ဖြင့် အော်ကြီးဟစ်ကျယ် ရန်စောင်နေကြစဉ် ကြားမှ အပျိုကြီးမညွှန့်က ဝင်၍ ဖျန်ဖြေလေသည်။

'တောက်! ညည်း ငါ့အကြောင်း သိစေရမယ်'

သည်စကားကိုဆိုလျက် မျှစ်သည်မိန်းမကြီးက မျှစ်တောင်းကို ခေါင်းပေါ်ရွက်ကာ ဖောင့်… ဖောင့်… ဖောင့်ဖောင့်နှင့် ထဘီစွန် တောင်ဆွဲရင်း ထွက်သွားလေ၏။ မလုံးတင်ကလည်း အားကျမခံပါ ပေ။

'သိလိုက်စမ်းပါ… သိလိုက်စမ်းပါ၊ ဟင်း… ဟင်း… ဟင်း'

'လုံးတင်ရယ်… ညည်းတော့ အတော်ကလေးကို ခတ်သေး တာပဲ၊ ကိုယ်မဝင်ချင်ရင် မဝယ်နဲ့ပေါ့။ သူတစ်ပါးရဲ့မှုသည်းကို ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သလေး၊ ညာဖြစ်သလေးနဲ့ ဖိနှိပ်ပြီးပြောတော့ တဖက်သားက ဘယ်ခံနိုင်ပါ့မလဲ'

'မခံနိုင် လဲသေပေါ့အစ်မရယ်၊ ရုပ်ကြီးကိုက နှစ်ပြားမတန်။ ဒါကြောင့် ရွာထဲက ဒီကောင်မကြီးကို စုန်းမကြီးလို့ ပြောကြတာ ဖြစ်မယ်'

'ဟဲ့… တော်ပါတော့၊ စကားနောက်တရားပါတွေ ဖြစ်ကုန်တော့မှာပဲ၊ ငါ့နယ်နော် နင့်အတွက်နဲ့ ခက်သေးတာပဲ'

အပျိုကြီးဒေါ်ညွန့်လည်း မြေးချစ်ချက်စူ၏ လက်ကိုဆွဲကာ သူမတို့ ခြံဘက်သို့ ကူးသွားပါလေတော့သတည်း။

*

ထိုနေ့၏ ညနေခင်း။

အချိန်ကား နေဝင်ရီတရော။

သည်အချိန်အား နွားရိုင်းသွင်းချိန် ဟူ၍လည်း ခေါ်တတ်ကြသလို၊ ညီအစ်ကိုမသိတသိအချိန် ဟူ၍လည်း ခေါ်ကြပြန်ပါသေးသည်။

သည်အချိန်လောက်မှာပင် ကိုထွားကြီးတို့အိမ်၌ စီကနဲဆိုသလို အသံဗလံတွေ ပေါ်ထွက်လာလေသည်။

'အီး… ဟီး… ဟီး… ဟီး… အီးဟီး… ဟီး… ဟီး… အဟင့်… အဟင့်… ရွတ်… ဝါးဟား… ဟား… ဟား… ဝါး… ဟား… ဟား… ဟား'

ငိုလည်းငိုသည်။ လက်ခုပ်လက်ဝါးတီး၍လည်း အော်ကြီးဟစ်ကျယ်ရယ်သည်။ ကာယကံရှင်ကား အခြားမဟုတ်။ မလုံးတင်ပါတည်း။



မလုံးတင်၏ မူမမှန်သော စိတ်ဖောက်ပြန်သော အနေအထားကြောင့် အိမ်နီးနားချင်းတွေ စုဝေးရောက်ရှိလာကြသည်။ ကိုထွားကြီးမှာလည်း သည်လိုမျိုး တစ်ခါမှုမျှကြုံတွေ့ဖူးခြင်း မရှိသောကြောင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ကြောင်တက်တက် ဖြစ်နေလေ၏ မလုံးတင်၏အစ်မ အပျိုကြီးမညွန့်က မလုံးတင်၏ပခုံးကိုကိုင်ကာ သတိပေး၏

'ဟဲ့… လုံးတင်… လုံးတင်၊ ဘာဖြစ်တာလဲ သတိထားမှပေါ့'

သည်သို့ သတိပေးနေတုန်းမှာပင် တုန်တုန်ရီရီဖြစ်နေသော မလုံးတင်က မညွန့်၏လက်ကို ဖျဉ်းကနဲ ပုတ်ချလိုက်သည်။

'ငါ့အသားကို မထိနဲ့ မကိုင်နဲ့၊ ဘယ်သူမှ ထိတာကိုင်တာ မကြိုက်ဘူး၊ နင်တို့ ငါ့ကို ဘာအောက်မေ့နေလို့လဲ၊ အားလုံးဒုက္ခတွေများသွားမယ်နော်'

အသံက မလုံးတင်၏ ပကတိအသံမဟုတ်။

သည်အသံကို ကျက်မိသူတွေက မနက်ခင်းတုန်းက မန်ကျည်းတောရွာသို့ မျှစ်လာရောင်းသော မိန်းမကြီး၏အသံနှင့် တူသည်ဟု ဆိုကြ၏။ အပျိုကြီးမညွန့်ကလည်း လက်ခံချင်ချင်။

'မဟုတ်မှလွဲရော မနက်တုန်းက လုံးတင်နဲ့စကားများပြီး လုံးတင်ကို မကျေနပ်တာနဲ့ နှောင့်ယှက်တာ ဖြစ်မယ်'

'သေချာတာပေါ့ဟယ် သိပ်ကိုသေချာတာပေါ့။ တယ်မိုက်တဲ့ လုံးတင်ပဲ။ သူမို့ မိုက်တိမိုက်ကန်း သွားပြီးပတ်သက်တယ်'

'အဲဒါ အသာထားဦး ဒီပုံအတိုင်းဆို လုံးတင် ဒုက္ခရောက်တော့မယ်၊ ဘယ်လိုလုပ်ကြမလဲ'

'ဝင်ပူးပြီး နှောင့်ယှက်တဲ့ ပုဂ္ဂိုလ်ရဲ့ ဆန္ဒသဘောထား မေးကြည့်ဦးမှပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အိုး… ဟုတ်ပါရဲ့'

သည်တော့လည်း အစ်မဖြစ်သူ မညွန့်ကပဲ လုံးတင်၏ သဘောထားကို မေးရမြန်းရတော့သည်။

'အေး… အခု ငါ အမဲသား၊ ကြက်သား စားချင်တယ်၊ မြန်မြန်စီစဉ်ပေးကြ၊ စားလို့သောက်လို့ဝမှ ငါသွားမယ်'

အသံကလည်း အက်တိအက်ကွဲနှင့်ထိတ်လန့်စရာချည်း။

'ကိုင်း… ထွားကြီး၊ ကြားတယ် မဟုတ်လား၊ ငါ့အိမ်မှာ ကြက်သားဟင်း ချက်ထားတာရှိတယ်၊ သွားယူချေ၊ အမဲသားအတွက်တော့ ရှာကြံရဦးမှာပေါ့'

'မပူနဲ့အစ်မညွန့် ကျွန်မတို့အိမ်မှာ အမဲသားချက်ထားတာ ရှိတယ်၊ အဲဒါ သွားယူလိုက်မယ်'

'ကျေးဇူးပါပဲဟယ်'

အပျိုကြီးမညွန့်၏ စီမံမှုဖြင့် တဖက်သားအလိုရှိသော ဆန္ဒကို ဖြည့်ဆည်းဖို့ရာ ပြည့်စုံသွားသည်။ မူလစိတ်ကင်းကွာနေသော မလုံးတင်သည် အမဲသား၊ ကြက်သားတို့ကို တဖတ်မှမကျန်အောင် အားရပါးရစားသောက်၏။ စား၍ ကုန်ပြီဆိုတော့မှ တဝါးဝါးသမ်းလေ၏။ ပြီးလေသော် အားလုံးကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ရင်း…

'ဟင်… ကျုပ်အိမ်မှာ လူတွေအများကြီးပါလား၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ၊ ပြော… ပြောပြကြစမ်းပါဦး'

သည်အသံမှ မလုံးတင် အသံအစစ်။

ဖြစ်ခဲ့ပြီးသမျှကို ဘာတစ်ခုမျှ လုံးဝဆိုလုံးဝ မသိသည့် အနေအထား။

ခက်တော့လည်း အခက်သားကလား။





ခက်မည်ဆိုလည်း ခက်သည်ဟုဆိုရမှာပါချိမ့်။

နေ့စဉ်ရက်ဆက် မဟုတ်တောင်မှ နှစ်ရက်ခြားတစ်ခါ သုံးရက်ခြားတစ်ခါဆိုသလို ညနေ နေဝင်ရီတရော ရောက်ပြီဆိုလျှင်ဖြင့် မလုံးတင်ခမျာ တငိုငိုတရယ်ရယ်ဖြင့် တုန်တုန်လှုပ်လှုပ်ဖြစ်ပြီး ပင်ကိုမဟုတ်သော အက်တက်တက်အသံကြီးဖြင့် အမဲသားစားချင်ကြောင်း ကြက်သားစားချင်ကြောင်း တပူဆာဆာလုပ်လေတော့သည်။

၄င်းအလိုရှိရာ ကျွေးလိုက်ပါမှ ပင်ကို လူကောင်းဖြစ်သွားရသည်။ ထိုသို့မှ မကျွေးလျှင် ဘယ့်ကလောက်ထိအောင်များ ခုန်ပေါက်သောင်းကျန်း လိုက်လေမည်မသိ။

'ဟင်း… ဟင်း… ဟင်း၊ နင်တို့ ငါ့အကြောင်းသိတယ်နော် ကြပ်ကြပ် သတိထား၊ ဟဲ့ အကောင်… ထွားကြီး၊ နင့်မိန်းမ ဘယ့်ကလောက် နှုတ်သရမ်းတယ်ဆိုတာ ငါ ပညာပေးမဟဲ့၊ ငါ့ကို နယ်နယ်ရရလို့ မအောက်မေ့လိုက်နဲ့ ငါစားချင်တာ ကျွေးမလား မကျွေးဘူးလား၊ ပြောစမ်း ခု ပြောစမ်း'

'ကျွေး… ကျွေးပါ့မယ်ဗျာ'

မလုံးတင်က မျက်ထောက်နီကြီးဖြင့် စားမလို ဝါးမလိုလုပ်နေသည့်အတွက် ကိုထွားကြီးခမျာမှာတော့ မျက်လုံးကလေးကလယ်ကလယ်ဖြင့် လေပြည်ထိုးရလေ၏။ အိမ်နီးချင်း ပတ်ဝန်းကျင်ကလည်း ပွဲဝင်နေကြသူတို့ပီပီ သည်လိုပွဲကိုလည်း ရသေ့စိတ်ဖြေဆိုသလို အာသာငမ်းငမ်းဖြင့် ကြည့်ရှုအားပေးကြလေရာ ကိုထွားကြီးလည်း ပုထုဇဉ်ပီပီ အရှက်ကြီးရှက်ရလေတော့၏။

တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်။ အကြိမ်ကြိမ်အခါခါ နှောင့်ယှက်လာလေတော့ ဘယ်သို့များလုပ်ရမည်နည်းဟု ခေါင်းကုတ်ရလေသည်မှာ အမော။ သည့်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးအောင်ကြီးက တိုးတိုးတိတ်တိတ် အကြံတစ်ခုပေးလာသည်။

'အဲသည့်နည်းကို စမ်းကြည့်စမ်း ကိုထွား၊ ခင်ဗျားအတွက် လုံးဝ အကျိုးမယုတ်တဲ့အပြင် ဝင်ပူးနှောက်ယှက်တဲ့ဟာမလည်း တခါတည်းလန့်သွားပြီး ခင်ဗျား မိန်းမကို ဝင်ပူးရဲမှာ မဟုတ်တော့ဘူး'

ကိုထွားကြီးမှာတော့ ဗိန္ဒောဆရာဦးအောင်ကြီး၏ အကြံပေးမှုကို ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

'ဟုတ်ပြီ ဦးအောင်ကြီး၊ ဒီတခါ ဝင်လာပူးရဲရင်ပူးကြည့်၊ နာမည်နဲ့လူ ဘယ်လောက်လိုက်ဖက်ပြီး ဘယ့်ကလောက်ကြမ်းတယ်၊ ရမ်းတယ်ဆိုတာကို အဲသည်ဝင်ပူးတဲ့ဟာမ ကောင်းကောင်းကြီး သိသွားရလိမ့်မယ်'

'ကြိတ်လိုက်စမ်း… ကိုထွား၊ ကျုပ်တို့ ရွာကိုဒုက္ခပေးမယ့် ဟာမတွေ သည်လိုနည်းနဲ့ကို တွယ်ထည့်လိုက်ရမယ်'

'စိတ်ချ ဦးအောင်ကြီး၊ ကျုပ်ဘဝဟာ မောင်ပေါက်ကျိုင်းလို နဂါးနိုင်မင်း မဖြစ်ခဲ့ရပေမဲ့ မယားကိုလာပူးကပ်တဲ့'စုန်းနိုင်မင်း'တော့ ဖြစ်ကို ဖြစ်ရစေမယ်'

သားတော်မောင်ချက်စူကား ၎င်း၏ဖခင် ကိုထွားကြီး တစ်ယောက် နီးကြားတက်ကြွနေသည်ကိုကြည့်၍ လွန်စွာမှအားရလျက် ရှိ၏။ ကလေးအတွေးဖြင့်လည်း မည်သို့မည်ပုံ တိုက်ပွဲဆင်လိမ့်မည်ဆိုခြင်းအား တွေးကြည့်နေမိ၏။ တွေးသာတွေးရသည် အဖြေကား ပေါ်ထွက်မလာခဲ့။

ကံအားလျော်စွာ သုံးရက်ခန့် ဝင်ရောက်မပူးကပ်ခဲ့သော ကိစ္စသည် သည်ကနေ့ ညနေဝင်ရီတရောမှာတော့ မလုံးတင် ကိုလာ၍ ပူးကပ်နေပေပြီ။

'ဟီးဟီးဟီး… ဟားဟားဟား… ဟင်းဟင်းဟင်း…





ဟေ့… ထွား၊ ငါ့ကို ကြက်သားဟင်း၊ အမဲသားဟင်း ကျွေးစမ်း… ကျွေးစမ်း၊ ငါ စားချင်တာ မစားရလို့ကတော့ နင်တို့ တစ်အိမ်လုံး ပြောင်းဆန်သွားလိမ့်မယ်၊ ကိုင်း… ကိုင်းဟာ… ဒုန်း… ဒုန်း… ဒုန်း'

ပါးစပ်ကလည်း အသံအက်တက်တက်ကြီးဖြင့် ရူးရူးဝါးဝါး ဟစ်အော်၍ ထဘီစွန်တောင်ဆွဲလျက် ခုန်ပေါက်လေရာ အိမ်နီးပါးချင်းများအဖို့ ပွဲကြီးပွဲကောင်းတစ်ခုအား အပြင်းပြေကြည့်ရလေပြီဟု သဘောထားလျက် ကိုထွားကြီးတို့ ခြံပေါက်ဝပတ်ဝန်းကျင်သို့ စုဝေးရောက်ရှိလာကြတော့သည်။

ခါတိုင်း မျက်နှာကလေးဆီးရွက်လောက်နှင့်ကြောင်တိကြောင်တောင် ဖြစ်နေတတ်သော ကိုထွားကြီး တစ်ယောက် သည်ကနေ့မှာတော့ ဆန့်ကျင်ဘက်အနေအထား။

'ဟေ့… နင်စားချင်တာ စားရစေမယ်၊ စိတ်သာချ'

သည်သို့ဆိုလျက် တုန်တုန်ရီရီဖြစ်နေသော အသိစိတ် ပျောက်သူ မလုံးတင်အား အိမ်ထဲဆွဲခေါ်သည်။ ပြီးနောက် လင်မယား အိပ်သော အခန်းတွင်းသို့ ဆွဲသွင်းသည်။

'ဘယ်သူမှ အိမ်ပေါ်မတက်ကြနဲ့နော်၊ ကျုပ် သည်ကိစ္စကို အပြတ်ရှင်းမလို့'

သည်သို့ ကြုံးဝါးလျက် အခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဖခင်၏ တားမြစ်ချက်ကြောင့် ချက်စူပင် အိမ်ပေါ် မတက်ရဲ။ ထရံနားကပ်၍သာ ဘာတွေဘယ်လိုဖြစ်နေသည်ကို နားစွင့် အကဲခတ်နေရတော့သည်။

အခန်းတွင်းမှ 'ကဲ… ကဲ… မှတ်ပလား' ဆိုသော ကိုထွားကြီး၏ အသံ၊ ရှန်းကန်တွန်းထိုးသံ၊ ကြမ်းပြင်မြည်သံ အင်း



www.burmeseclassic.com

www.burmeseclassic.com



အက်တက်တက်နှင့်မလုံးတင်၏အသံ မဟုတ်သည့် ဆဲသံဆိုသံ ဒါ တွေသာ ထွက်ပေါ်နေသည်။ သို့ဖြင့် မိနစ်အနည်းငယ်ကြာသွား ခဲ့သည်။ ပြီးတော့ အိပ်ခန်းထဲ၊ ပြီးမှ အိမ်ခန်း၊ ထိုမှ အပြင်သို့ ကိုထွားကြီး ထွက်လာသည်။ မျက်နှာမှာ ကုတ်ရာခြစ်ရာအချို့ သို့ရာ တွင် သည်ဒဏ်ရာလောက်တော့ဖြင့်မှုပုံမပေါ်။ ချွေးသီးချွေးပေါက်တွေ ကြားမှပင် ကျေနပ်အားရခြင်းကြီးလှစွာ ပြုံးနေပါသေး၏။ ၄င်းအား ကြုံဆိုဂုဏ်ပြုနေသူကား ဗိန္ဓောဆရာဦးအောင်ကြီးပါတည်း။

'ဘယ့်နှယ်လဲ ကိုထွား၊ အဆင်ပြေရဲ့ မဟုတ်လား'

'အိုး… ပြေတာမှ လွန်တောင်မှလွန်သွားသေး၊ ကျုပ်ကို တော်တော်လေး ဖြုန်သွားပုံရတယ်။ နောက်ဆို ဝင်လာရဲမှာ ပူးကပ်ရဲမှာ မဟုတ်တော့ဘူး၊ ထွားကြီးရဲ့ကုထုံးကို အီစလံဝေအောင် သိသွားရမယ်၊ ဟွန်း… ဘာမှတ်လဲ'

မှန်လေစွ။

ကိုထွားကြီး တစ်ယောက် မည်သို့မည်ပုံ ကုလိုက်လေသည် မသိ။

မလုံးတင်ကို ထိုနေ့မှစ၍ ဝင်ရောက်ပူးကပ်ခြင်း မရှိတော့။ သည့်အတွက်ကြောင့်လည်း မန်ကျည်းတောရွာ၌ ကိုထွားကြီးအား 'စုန်းနိုင်မင်း'ဟူသော ဝိသေသ ပေးကြလေတော့၏။ ၄င်း၏ ကုထုံးကို ဗိန္ဓောဆရာဦးအောင်ကြီးမှတဆင့် သိရှိကြသူတွေက တဟီးဟီး တဟားဟား ဖြစ်နေကြလေ၏။ ချက်စုခများမတော့ မည်သို့မျှ နားမ လည်တတ်။

'မင်းက ကလေးပဲ ရှိသေးတာကိုးကွ၊ တစ်နေ့လူကြီးဖြစ်လာ တဲ့အခါ ကလေးအတွေးနဲ့ တွေးကြည့်လို့မရတာတွေ အများကြီးရှိ တယ်ဆိုတာ သဘောပေါက်လာလိမ့်မယ်'





ဘာပဲပြောပြော ချက်စုအဖို့ သူ့အမေ မလုံးတင်တစ်ယောက် မည်သည့်အနှောင့်အယှက်နဲ့မျှ မကြုံတွေ့ရတော့ပဲ လူကောင်းပကတိ ဖြစ်သွားသည့်အတွက် ဝမ်းသာရပါသည်။

တစ်နေ့…။

ထိုနေ့က ကိုထွားကြီးတစ်ယောက် ဝါးဖိုးငွေတွေရမည်ဆို၍ တစ်ဖက်ရွာသို့ ညအိပ်ထွက်သွားသည်။ သည့်အတွက် နေ့လယ်နေ့ ခင်းကတည်းက အပျိုကြီးမညွန့်လည်း ညီမမလုံးတင်တို့အိမ်၌ အိပ် မည်ဆိုကာ ကူးလာခဲ့သည်။

သည်လိုနှင့် ညနေဝင်ရီတရောရောက်တော့ မထင်မှတ်တာ တွေ ဖြစ်လာခဲ့ပါသည်။

'မကျေနပ်ဘူးဟော့… မကျေနပ်ဘူး… လုံးဝဆို လုံးဝမကျေ နပ်ဘူး၊ ထွားကြီးဆိုတဲ့အကောင် လာခဲ့စမ်း၊ ငါ့ကို အမဲသား၊ ကြက် သားမကျွေးတဲ့အပြင်… တောက်'

အိမ်ထဲမှ အသံအက်တက်တက်ကြီးက ပေါ်ထွက်လာခဲ့ သည်။

'ဟယ်… အပျိုကြီးမညွန့်ကို ဝင်ပူးတာဟဲ့'

'အို… ဘယ်လိုက ဘယ်လိုဖြစ်ရတာလဲ'

ပြဿနာမှ ပြဿနာ။ မိခင်ဒေါ်လုံးတင်အတွက် ရင်အေးလို့မှ မဆုံးသေး။ ခု… သူ့အလွန်အင်မတန်ချစ်ရသော ကြီးကြီးညွန့်ကိုမှ ပြဿနာရှာနေ၍ ချက်စုခများ စိတ်မောသွားရတော့သည်။ သည့်အ တွက် စုန်းကိုနိုင်အောင်ကုနိုင်သော ဖခင်ကိုထွားကို သတိရလိုက် သည်။ ဖခင်သွားသည့်ရွာကို သူသိသည်။ သည့်အတွက် လှည်း… မောင်းပြီး သွားခေါ်လျှင်ရနိုင်သည်။ သည်တော့ သူ့မိခင်မလုံးတင်… အကျိုးအကြောင်းပြောပြလိုက်လေ၏။

www.burmeseclassic.com



'ကျွန်တော် အမေ့ဆီကိုသွားခေါ်ပြီး ကြီးကြီးညွန့်ကို ကုခိုင်းမယ် အမေ'

'ဟယ်… မဖြစ်ဘူး… မဖြစ်နိုင်ပါဘူး ချက်စုရယ်'

'အိုး… ဘာလို့မဖြစ်နိုင်ရမှာလဲ၊ အမေ့တုန်းက အမေ့ပဲ ပျောက်အောင် ကုပေးခဲ့တာ မဟုတ်လား'

'ဟဲ့… နင့်အမေ ငါ့ကိုကုတာ ပြဿနာမရှိဘူး၊ လင်မယား ချင်းမို့ ရှင်းလို့ရတယ်၊ နင့်ကြီးကြီးကျ… အို… မဖြစ်ပါဘူး'

ချက်စုနားမလည်တော့။

ထိုအခိုက် ရွာဦးကျောင်း၌ ရောက်ရှိနေသော အာဂန္တုဘုန်းကြီး တစ်ပါးက သိမ်ဝင်ပုတီးဆွဲလျက် ပုရိတ်ရေစင်ဖျန်းကာ ဝေနေယျသတ္တ ဝါအပေါင်းကို မေတ္တာပို့လျက် အဓိဋ္ဌာန်တန်ခိုးဖြင့် ကုသလိုက်လေမှ အပျိုကြီးဒေါ်ညွန့်ခမျာ လူကောင်းပကတိ ဖြစ်သွားရပါ၏။ ထိုနေ့မှစ၍ ဘုန်းတော်ကြီး၏ မေတ္တာခံယူချက်ဖြင့် မန်ကျည်းတောတစ်ရွာလုံး မည်သည့်အမှောင့်ပရောဂနှင့်မျှ မကြုံရလေတော့။

မည်သို့ဆိုစေ ချက်စုမှာတော့ သူ့အမေ ဘာကြောင့် ခါးခါးသီးသီး ငြင်းဆိုလိုက်သည်ကို တွေးမရအောင် ဖြစ်နေပါတော့သတည်း။

■

အဲဒီတော့… ဟုတ်တယ်ဟော့။
ကောင်မတွေသာ
ပိန်လိုပြီး ကြွကုန်ကြတာ။
ကျော်ပလကတော့
တစ်နှစ်တခြား
အသားအရည်တွေ ပြည့်ပြည့်ဖြိုးဖြိုးနဲ့။
ကောနန္တ…
ကောင်မတွေကြွကုန်တာ
တစ်ခုခုတော့ တစ်ခုခုပဲ…

www.burmeseclassic.com

www.burmeseclassic.com

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဟု ဆိုကြသည်၊

သည်သို့ဆိုပါလျှင် ချက်ရှုတို့ မန်ကျည်းတောရွာ၌လည်း ပြော စမှတ်တွင်စရာ အကြောင်းရပ်ကလေး တစ်ခုရှိပါသည်။ ထိုအကြောင်း ရပ်၏ပိုင်ရှင်ကား ကိုကျော်ဗလဆိုသည့် ပုဂ္ဂိုလ်ကြီးပါသတည်း။

အရပ်ကအခေါ်ကားတိမောင်းတိ ထောင်ထောင်မောင်းမောင်း။ ရင် အုပ်ကားကား ကြွက်သားအဖုဖု။ ခြေသလုံးသားများဆိုလျှင် တကယ့်ကို တုတ်တုတ်ခဲခဲ။ တကယ့်ကို ခွန်အားဗလနှင့်ပြည့်ဝ၍လည်း 'ကျော်ဗ လ' ဆိုသည့် အနွတ္တသညာကို ရရှိခြင်းဖြစ်မည်။ သို့ဆိုလျှင် ကေ လက်လုပ်ငန်းခွင်၌ ကြိုးစားပမ်းစား ဖားမဦးချလုပ်ကိုင်သူဟု ထင်ကြ ပါလိမ့်မည်။ ထိုသို့ အထင်ရှိပါက မှားလေစွ။

မိဘကျောထောက်နောက်ခံ ထောက်တင်းမှုကို အခွင့်အရေ ယူလျက် ကာလသားဘဝကတည်းက ဘာအလုပ်တစ်ခုကိုမျှ လက် ကြောတင်းအောင် မလုပ်ခဲ့။ ဟိုလတ်လျား လတ်လျား၊ သည်လတ် လျား လတ်လျားနှင့် ထန်းရည်ကလေးတထွေထွေ၊ သေရည်ကလေ တမြမြ လုပ်နေတတ်သူဖြစ်သည်။ မိဘတွေက ၄င်း၏ နောင်ရေ အရှည်ကို ချင့်မျှော်လျက် အိမ်ထောင်ရက်သား ချပေးပြန်တော့လည်း ခြေကမငြိမ်။ လူပျိုကာလသားတုန်းက အချိုးအတိုင်း ထန်းရည်က လေးတထွေထွေ သေရည်ကလေးတမြမြ လုပ်နေမြဲ။

www.burmeseclassic.com



ဒါပေသည့် ကိုကျော်ဗလ အဖို့ မိန်းမရက်ကောင်းသူဟု ဆိုရမည်။

မိန်းမတွေကလည်း ခက်ပ။

သည်လိုမျိုး အလုပ်ကို လက်ကြောတင်းအောင်မလုပ်ဘဲ သေရည်ကလေးတမြမြနှင့်လတ်လျားလတ်လျား ကိုးကျင်းကိုးကျင်း သွားနေသူကိုမှ သဘောကျကြသည်။ တစ်ခုတော့ရှိသည်။ ကိုကျော်ဗလကား မိန်းမပွေမှုတော့ မရှိ။ လက်ရှိပေါင်းသင်းနေသော မိန်းမကလွဲ၍ ကျန်မိန်းမတွေအပေါ် ပြစ်မှားမှုမရှိ။ အငယ်အနှောင်းထားဖို့ရာဆိုလျှင် ဝေလာဝေး။ ဒါကြောင့်ပဲ လက်ရှိပေါင်းသင်းနေသော အိမ်သူသက်ထားက သမာဓိရှင် ကိုကျော်ဗလ အပေါ် စွဲလမ်းခင်တွယ်ရလေသလား။

တကယ့်တကယ် ကံမကောင်းသည်က ကိုကျော်ဗလနှင့် ပေါင်းဖက်မိကြကုန်သော မိန်းမများပင် ဖြစ်လေ၏။

အံ့သြသွားကြလေသလား။

အံ့သြမည်ဆိုလျှင်လည်း အံ့သြစရာ။

ကိုကျော်ဗလနှင့်ဖူးစားဖက် ချစ်သက်ဝေဖြစ်ခဲ့ကြသည့် ဇနီးသည်ပေါင်းကား စုစုပေါင်း(၅)ယောက်တိတိ ရှိခဲ့၏။

၁။ မသည်းအူ

၂။ မခင်တုတ်

၃။ မဘုတ်ဆုံ

၄။ မသင်းအုံ

၅။ မရွှေဥက် တို့ ဖြစ်ကြ၏။

သည်အထဲ လက်ရှိ ၄င်းနှင့်ပေါင်းဖက်နေသူကား မရွှေဥက် ဖြစ်လေသည်။



သို့ဆိုလျှင် ၄င်းအထက် မိန်းမတွေကကော။

အဖြစ်ဆန်းသည်ဟု ဆိုရမလား။ ကံ ကံငယ်ခေလွန်းပါဘိ
ကောက်ချက်ချရလေမလား။ မသည်းအူအစပြုလျက် မခင်တုတ်
မဘုတ်ဆုံ၊ မသင်းအုံတို့မှာ ကိုကျော်ဗလနှင့် ကိုးလတန်သည် ဆယ်
တန်သည်လောက်သာ ပေါင်းသင်းလိုက်ရပြီး ကွယ်လွန်သွားရှာကြ
လေ၏။

တစ်ဦးနှစ်ဦးတုန်းက မသိသာလှသော်လည်း နောက်ဆက်တွဲ
တွေကျတော့ သိသာလာသည့် သဘောရှိ၏။ ကွယ်လွန်သွားခဲ့ရှာသူ
အားလုံး အိမ်ထောင်စကျခါတုန်းကဆိုလျှင် တကယ့်ကို တောင့်တောင့်
တင်းတင်း ဖြိုးဖြိုးလျှလျှတွေချည်း။ အဲ··· အိမ်ထောင်သက် ငါးလ
လွန်မြောက် ခြောက်လလောက်ရောက်ပြီဆိုလျှင် အဆီအသားတွေ
ဘယ်ရောက်ကုန်ကြလေသည် မသိ။ ညှိုးလျော်ပိန်ကျသွားကာ ရောဂ
တစ်ခုမဟုတ် တစ်ခုဝင်လာကြပြီး ဗိန္ဓောဆရာဦးအောင်ကြီး၏ မည်
သည့်ဆေးဝါးမျှပင် မတိုးတော့ဘဲ မန်ကျည်းတောအနောက်ပိုင်းသချိုင်း
သို့သွားလျက် ထာဝရလျှောင်းစက် သွားခဲ့ကြသည်ချည်းသာ ဖြစ်လေ
၏။ ဇနီးသည်တွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်သက်
တမ်း တစ်နှစ်မပြည့်ခင်မှာပင် ပိန်ခြောက်ညှိုးလျော်သွားသ လောက်
သကောင့်သား ကိုကျော်ဗလ မှာတော့ဖြင့် အသားတွေတိုး အဆီ
တွေဖြိုးကာ ကုပ်ပိုးသားတွေပင် အစ်လာခဲ့တော့သည်။

သည့်အတွက် မြို့ကျောင်းသို့မသွားခင် ရွာမှာရှိတုန်းကတည်
က ချက်စူအနေဖြင့် သည်ငတိကြီးကို ခပ်ချဉ်ချဉ်။ သည်ငတိကြီး
စပ်လျဉ်း၍ သူ့အမေ မလုံးတင်နှင့်သန်းတုပ်ဖော်တုပ်ဖက် မိန်းမ
စကားကြားရတော့ ချက်စူအဖို့ ကိုကျော်ဗလအပေါ်
မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ကျော်ဗလနဲ့ရတဲ့ မိန်းမတွေတော့ မချောင်ဘူးနော်'

'အို… အေ၊ ညည်းစကားကြီးကလည်း ထိတ်ဖို့ကောင်းလိုက်တာ'

'တကယ်ပြောတာအေရဲ့… ကျော်ဗလနဲ့ညားပြီးကြတဲ့သူတိုင်း ဘာကြာလိုက်တာမှတ်လို့ တစ်နှစ်တောင်မနေဘူး၊ တပိန်ပိန်တလိမ်လိမ်နဲ့ ကြွကုန်ကြတာပဲ မဟုတ်လား'

'အဲဒါတော့… ဟုတ်တယ်အေ့၊ ကောင်မတွေသာ ပိန်လိမ်ပြီးကြွကုန်တာ၊ ကျော်ဗလကတော့ တစ်နှစ်တခြား အသားအရည်တွေပြည့်ပြည့်ဖြိုးဖြိုးနဲ့၊ ကေန္တ ကောင်မတွေကြွကုန်တာ တစ်ခုခုတော့တစ်ခုခုပဲ'

စကားပါ အကြောင်းအရာတွေက စိတ်ဝင်စားဖွယ်ကောင်းနေသည်မို့ ပထဝီမြေပုံများရေးဆွဲနေရာမှ ချက်စုလည်း မသိလိုက်မသိဘာသာ နားစွင့်နေမိလေ၏။

'ငါ… ကြားသိရသလောက်ကတော့ ကျော်ဗလရဲ့ခန္ဓာကိုယ်တစ်နေရာမှာ မှဲ့ကြီးတစ်လုံးရှိတယ်တဲ့ဟ'

'ဘယ်နေရာမှာလဲ… ဘယ်နေရာမှာလဲ'

'ဟဲ့… ဒါကတော့ ကျော်ဗလက ငါ့လင်မှမဟုတ်တာ ဘယ်အတပ်ပြောနိုင်မှာလဲ ဟဲ့'

'ထားပါတော့… ဒါနဲ့စကားမစပ် လူတစ်ယောက်မှာမှဲ့ရှိတာနဲ့ သူ့ရဲ့အိမ်ထောင်ဖက်က စောစောစီးစီးသေရတာကတော့ ယုတ္တိယုတ္တာမရှိပေါင်၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးနေမှာပါအေ'

'ဒါဖြင့်ရင် ညည်းကျော်ဗလနဲ့ စမ်းကြည့်လိုက်ပါလား'

'အား… အမလေး… တော်… တော်ပါ၊ နောက်မပြောနဲ့ဆို



မပြောတော့ပါဘူး၊ လန့်ပါရဲ့ စကားကတ်ပြီး ပြောကြည့်တာပါ'

'ထားပါတော့အေရယ်… ခု သူယူထားတဲ့ ငါးယောက်မြောက်မိန်းမ မရွှေငွက်ကို ညည်းတို့ကြုံရင် အကဲခတ်ကြည့်စမ်းအပျိုကနဲ့တူတော့သလားလို့'

'အို… လင်ရပြီဆိုမှတော့ ဘယ်အပျိုနဲ့တူတော့မှာလဲအေ'

'ဟဲ့… ငါက အဲလိုသဘောမျိုး ပြောတာမဟုတ်ဘူး၊ အသားအရည်စိုစိုပြည်ပြည် ရှိသေးရဲ့လားလို့ပြောတာ'

'ဟုတ်ပါရဲ့… ဒီတစ်ခါတွေ့ရင် သေသေချာချာ အကဲခတ်ကြည့်လိုက်ဦးမယ်၊ အင်း… အိမ်ထောင်ကျတာ လေးလကျော်လို့ငါးလထဲတောင်ဝင်တော့မယ့်ဥစ္စာ'

'သတ္တဝါတစ်ခု ကံတစ်ခုပေါ့ဟယ်… ကျော်ဗလဘက်ကကြည့်တော့လည်း အပြစ်တော့တင်စရာ မရှိပါဘူး၊ တစ်ပင်လဲပြီးမှတစ်ပင်ထူတဲ့ဥစ္စာ၊ ပြီးတော့… သူ့ဘာသာသူ တေတေပေပေနေချင်နေမယ်၊ ရလာတဲ့မိန်းမအပေါ်တော့ နှိပ်စက်တာတွေ ညှဉ်းပမ်းတာတွေဘာမှမရှိရှာဘူး၊ မိဘလက်ထက်ပွားပစ္စည်းတွေနဲ့ အိမ်တစ်ဆောင်မီးတစ်ပြောင်ထားတာကလား'

သည်လောက်ဆိုလျှင်ဖြင့် ကိုကျော်ဗလ ဘာဆိုသည်ကိုချက်စု သိလိုက်ပါသည်။ သူ့အနေဖြင့် ကွယ်လွန်သွားခဲ့ကြရှာသော မိန်းမများအပေါ် ကရုဏာသက်မိသည်က အမှန်ပင်။ ထို့အတူ ကိုကျော်ဗလအပေါ် ခပ်ချဉ်ချဉ်ရှိသည်နှင့်အမျှ စိတ်ဝင်စားမှုတွေကလည်း တဖွားဖွား။

သည့်အတွက် ကိုကျော်ဗလ၏ မည်သည့်နေရာ၌ မှဲ့ရှိသောနည်းဆိုသည်ကိုပင် သိချင်လာ၏။ တွေ့လာသိလာလျှင်ဖြင့် မှဲ့သွားစာအုပ်ကိုဖတ်လျက် အကြောင်းနှင့်အကျိုးကို ဆက်စပ်ဆင်ခြင် [illegible]

www.burmeseclassic.com



ထုတ်ကြည့်ရပေမည်။ ထိုရောအခါ ချောင်းစပ်သို့ ကိုကျော်ဗလတစ်ယောက် ရေချိုးဆင်းသွားသည့်အခါမျိုးဝယ် မယောင်မလည်ဆိုသလို ချက်စုလည်း ရေချိုးလိုက်ဆင်းပြီး မသိမသာအကဲခတ်ကြည့်၏။ ပုဆိုးတိုတိုဝတ်လျက် အပေါ်ပိုင်းဗလာကျင်းကာ ချောင်းထဲရေဆင်းကူးရာမှ ပြန်အတက် စေ့စေ့စပ်စပ်အကဲခတ်ကြည့်လိုက်တော့ မှဲ့ဆိုသည့်အမှတ်အသားကို လည်ပင်း၌လည်းမမြင်၊ ကုပ်သားပေါ်၌လည်းမရှိ။ ယုတ်စွဆုံး ခါးဝတ်ပုဆိုးအထက်ပိုင်း မည်သည့်နေရာမှာမှ လုံးဝကိုမတွေ့။

သို့ဆိုလျှင် လုံချည်အတွင်း တစ်နေရာမဟုတ်၊ တစ်နေရာရာမှာတော့ မှဲ့ဆိုသည့်အမှတ်အသား ရှိပါလိမ့်မည်။

မှဲ့ကိုတွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ ၄င်းနှင့်အကြောင်းပါကုန်ကြသော မိန်းမများ ပေါင်းဖော်ပြီးကာလ မကြာခင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြသည်ကတော့ ဖြစ်ရပ်ဆန်းကြယ် ဟူ၍ပင် ဆိုရပါလိမ့်မည်။ သည်သို့ဆိုလျှင် ချက်စုအနေဖြင့် သူ့အရွယ်နှင့်လိုက်လျောညီထွေသည့် အတွေးမျိုးကို တွေးကြည့်သည်။

'မိန်းမတွေကလည်း မိန်းမတွေပဲ၊ ကိုယ့်ကိုမသေသေအောင် ဒုက္ခလက်ဆောင်ပေးမယ့် ကိုကျော်ဗလကိုများ မယူပဲနေပါရော့လား၊ ဟွန့်··· သင်းတို့ကိုက မနေနိုင် မထိုင်နိုင်၊ ဟိုလူကြီးကလည်း နှမသားချင်း စာနာပါတော့လား၊ တစ်ယောက်နှစ်ယောက်တောင် မဟုတ်တော့ပဲ ယူလိုက်တဲ့မိန်းမတိုင်း ဒီပုံစံအတိုင်း သေလမ်းချည်းသွားနေကြရတာ၊ သူများအသက်ကယ်တဲ့အနေနဲ့ ဝတ်ကြောင်ကိုစွန့်ပြီး သာသနာ့ဘောင်ထဲကို ဝင်ဖို့ကောင်းတယ်၊ တကယ်လို့ မပြောကောင်း မဆိုကောင်း မရှေ့ဗွက်သေသွားလို့ နောက်တစ်ယောက်များ ထပ်ညားခဲ့ရင် ညားတဲ့မိန်းမ မသေပဲ ကိုကျော်ဗလကြီးသာ လျှာထွက်ပြီး သချိုင်းကုန်းရောက်ပါစေဗျာ'



မဆိုစကောင်း ဆိုစကောင်း သည်သို့ပင် တောင်းဆုဆိုမိသည့်အထိ ချက်စုအဖို့ ကိုကျော်ဗလကြီးအပေါ် မြင်ပြင်းကတ်သည်လေး။

ချက်စုတစ်ယောက် မန်ကျည်းတောရွာကလေးနှင့် အဆက်ပြတ်နေသည်မှာ တစ်နှစ်တာကာလပြည့်ပေရော့မည်။

ဘာ့ကြောင့်ဆို မြို့မှာအလယ်တန်းကျောင်း တက်နေရပြီကိုး။ ဖခင်ဦးထွားကြီးနှင့် မိခင်မလုံးတင်တို့က ပညာတတ်ကြီးဖြစ်စေဖို့ ကျောင်းအိပ်ကျောင်းစား ထားလေသည့်အတွက် ရွာနှင့်ကင်းကွာနေရခြင်းပါ။ သို့ပါသော်ငြား ဇာတိရပ်ရွာ မန်ကျည်းတောကို ချက်စုမမေ့။

သည်လိုမျိုး မမေ့သည့်အထဲ ကိုကျော်ဗလ လည်းပါသည်။

စာသင်ရက်တွေကုန်ဆုံး၍ မန်ကျည်းတောသို့ ပြန်ရောက်လျှင် ကိုကျော်ဗလ အကြောင်းစုံစမ်းရပေဦးမည်။ အမေကြီး မရှေ့ဗွက်ကော သက်ရှိထင်ရှား ရှိပါသေးရဲ့လား။ ဒါမှမဟုတ် မတောင်းကောင်းသော မကောင်းသော နားမလည်။ ကိုကျော်ဗလ အပေါ်တောင်းလိုက်သော ဆုနှင့်ကိုကျော်ဗလ ပြည့်သွားလေပြီလား။ ဘာပဲဖြစ်ဖြစ် ရွာကိုပြန်ရောက်မှ သိရပေတော့မည်။

သည်လိုနှင့် စာမေးပွဲကြီးတွေ ဖြေဆိုပြီးစီး၍ ကျောင်းပိတ်လိုက်သည့်အခါ ရွာအလွမ်းကို ဖြေဖျောက်ဖို့ရာအတွက် မပြေးရုံတမယ် မန်ကျည်းတောသို့ ကုန်းတစ်တန်ရေတစ်တန်ဖြင့် အသော့နှင်ခဲ့ပါလေ၏။

အိမ်ပြန်ရောက်တော့ ဖခင်ဦးထွားကြီးကို မတွေ့။ ဘုန်းကြီးကျောင်းသွားနေသည်ဟု ဆိုသည်။

'ဟယ်··· ငါ့သား အသားတွေဖြူပြီး လူကောင်လည်းထွားလာတယ်၊ စာမေးပွဲကော ဖြေနိုင်တယ် မဟုတ်လား ချက်စု'

'ဖြေနိုင်ပါတယ် အမေရာ၊ သား ဘုန်းကြီးမေည့နယ်ဆီ သွားလျှောက်ပြန်ပါဦး'

www.burmeseclassic.com



ကြီးမေညွန့် ဆိုသည်က ချက်စု အလွန်မတန်ချစ်ရလေသော အပျိုကြီး ဒေါ်မညွန့်ပင်တည်း။ ဒေါ်မညွန့်သည် သူ့အမေ မလုံးတင်၏ အစ်မရင်းဖြစ်၏။ ချက်စု အိမ်ပေါ်မှဆင်းမည်လုပ်တော့ မလုံးတင်က ဆွဲထားသည်။

'နေစမ်းပါဦး ချက်စုရယ်၊ သားအမိချင်း စကားတောင်ဝအောင် မပြောရသေးဘူး'

ဟုတ်ပေမည်။ ဒါ မိခင်တစ်ယောက်၏ ရင်တွင်းခံစားချက် အစစ်အမှန်ပေတကား။

ထိုသည့်အခိုက် ချက်စု ဦးနှောက်ထဲ လက်ကနဲဖြစ်လာသည်။ ဟုတ်ပြီ သူ အလွန်မြင်ပြင်းကတ်သော ကိုကျော်ဗလ ကိစ္စ။ ဒါကို မိခင်အားမေးရမည်။

'ဒါထက် အမေ၊ ဟို… ကိုကျော်ဗလကြီးရဲ့ ငါးယောက်မြောက်မိန်းမ မရှေ့ဥက်ကော ရှိသေးလားဟင်'

'မရှိတော့ဘူး ချက်စုရဲ့၊ ပြီးခဲ့တဲ့ လေးလလောက်ကတင် ဆုံးသွားရှာတယ်'

ဟောဗျ…။ မေးလို့မှမဆုံးသေး အဖြေက ခေါက်ရိုးကျိုးနေသော အဖြစ်အပျက်အား လှပ်ပြလိုက်သလို ဖြစ်တော့သည်။ သြော်… မိန်းမထုကို နှိပ်စက်လေသော ကိုကျော်ဗလ ပါတကား။

'ဒါ… ဒါဖြင့် ကိုကျော်ဗလကြီးကော အသက်ရှိတုန်းပဲလား၊ မသေသေးဘူးလား အမေ'

'ဟယ်… ဘာတွေပြောနေတာတုံး၊ ဖွဟဲ့… ဖွ… ဖွ၊ ကျော်ဗလ ဘယ်သေရမှာတဲ့တုံး၊ မသေတဲ့အပြင် အိမ်ထောင်ထပ်ပြုထားသေးတယ်၊ ပြုလိုက်တာ ဘာကြာဦးမှာတဲ့လဲ'

'အယ်'





မိခင် မလုံးတင် ထံမှ ကြားရသောစကားကြောင့် ချက်စုခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

'တောက်! ဒီ မိန်းမတွေကို သတ်… သတ်ပစ်နေတဲ့ ကိုကျော်ဗလကြီးကလည်း သေ… သေနိုင်ခဲ့သဗျာ၊ ဒီလောက် ဒုက္ခပေးနေတဲ့ကောင်ကြီးနဲ့ အိမ်ထောင်ပြုလိုက်တာ ဘယ်ကမိန်းမလဲ။ အံ့… အံ့ပါရဲ့ဗျာ'

'သြော်… ခက်နေပါပကောလား ချက်စုရယ်၊ ငါ့မှာလည်း မပြောမပြီး မတီးမမြည်ဆိုသလို ပြောရဦးတော့မယ်။ ကျော်ဗလနဲ့ အိမ်ထောင်ပြုလိုက်တာ တခြားမဟုတ်ဘူးဟေ့… တခြားမဟုတ်ဘူး၊ မင့် ကြီးကြီးညွန့်ဟေ့၊ ငါ့အစ်မ မင်းရဲ့ ကြီးကြီးညွန့်ဟဲ့'

သည်စကားကြောင့် ချက်စု၏ အတွေးအိမ်ထဲ၌ ကြီးကြီးညွန့်နှင့်ကြုံကြိုက်ပါက ကိုကျော်ဗလ၏ မုဲ့နေရာအား မေးဖြစ်အောင်မေးလိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသတည်း။

*ပြီးမှော်ကြည့်နေကြပါစေ။*

*မြို့မေတ္တာခံယူမယ့်…*

**ကိုရွှေတောသား**

၂၆.၂.၂၀၀၀

www.burmeseclassic.com